# မြတ်ဗုဒ္ဓသာသနာ ပုံတော်သမိုင်း

## ဒုတိယတွဲ



ဆရာဝန်တင်ရွှေ

# မြတ်ဗုဒ္ဓ သာသနာ ပုံတော်သမိုင်း


စုဆောင်းတင်ပြသူ

**ဆရာဝန်တင်ရွှေ**

တွဲဖက်ပြုစုသူ

**ဒေါ်အေးသန့်**

DR. TIN SHWE

M.B.B.S., D.P.T.M. (Rgn)
D.C.M.T., Ph.D. (London)

Fellow of Royal Society of Tropical Medicine and Hygiene (U. K.)
Member of American Society & Tropical medicine and Hygiene (U.S.A.)
Fellow of College of Leprologists (Brazil)
Member of Indian Association of Leprologists (India
Fellow of International Leprosy Association.

and

DAW AYE THANT


## ဒုတိယတွဲ

၁


ဤဒုတိယတွဲမှ "ဗုဒ္ဓ၏တရားတော်များ" ကို မန္တလေးတက္ကသိုလ် ပါဠိပါမောက္ခ (အငြိမ်းစား) ဆရာကြီး ဦးတင်လွင် ကစီစစ်ပေးပါသဖြင့် အထူးကျေးဇူးတင်ရှိပါသည်။

စာမူခွင့်ပြုချက်အမှတ် ၄၅၅/၈၉ (၈)

မျက်နှာဖုံးခွင့်ပြုချက် ၅၂/၉၀ (၆)

ပထမအကြိမ် ဒုတိယတွဲ

အုပ်ရေ ၃၀၀၀

တန်ဖိုး ၄၈ ကျပ်

မျက်နှာဖုံးပန်းချီ ကြည်မြင့် (ဆေးသုတေသန)

စာအုပ်ချုပ် ဒေါ်အေးသန့်

**ထုတ်ဝေသူ**

ဒေါ်အေးသန့် (၀၂၃၇၉)
တင်ရွှေစာပေ၊
၃၉-ဦးကြွယ်ဟိုးလမ်း
ကြည့်မြင်တိုင် ရန်ကုန်
ဖုံး ၃၁၀၅၁

**ပုံနှိပ်သူ**

မျက်နှာဖုံးနှင့် အတွင်းစာသား
စာလုပ်ငန်း (၀၅၅၅)
၁၉၄-၃၃-လမ်း ရန်ကုန်

**ဖြန့်ချိရေး**

တင်ရွှေစာပေ
၃၉၊ ဦးကြွယ်ဟိုးလမ်း၊ ကြည့်မြင်တိုင်၊

၁၉၉၀ အောက်တိုဘာလ

## နိဒါန်း

ဗုဒ္ဓသာသနာပုံတော်သမိုင်းစာအုပ်ပထမတွဲတွင်ဗုဒ္ဓမပွင့်မီအိန္ဒိယနိုင်ငံအကြောင်းမှအစပြု၍ ဘုရားရှင်နှင့်ပတ်သက်သော ဗုဒ္ဓဝင်မှနိုင်ငံတကာအစိုးရများကပြုပြင်ထိမ်းသိမ်းစောင့်ထားသော တန်ဖိုး မဖြတ်နိုင်သည့်ရှေးဟောင်းအနုပညာလက်ရာများကိုစုပေါင်း ဖော်ပြထားပါသည်။

ပြီးနောက် ဗုဒ္ဓဝင်တွင်ပါရှိပြီး ယခုမြင်တွေ့နိုင်သောနေရာဌာနများမှဓါတ်ပုံများကို ဖော်ပြခဲ့ပါသည်။

ယခုဒုတိယတွဲတွင်

ဘုရား–*ဘုရားရှင်၏ဓါတ်တော်မွေတော်များ
*ပက်သျှဝါဓါတ်တော်
*တရုတ်နိုင်ငံမှဗုဒ္ဓစွယ်တော်မြတ်
*သီရိလင်္ကာကျွန်းမှဗုဒ္ဓစွယ်တော်
*ဘုရားရှင်ရုပ်ပွါးတော်များပေါ်ပေါက်လာခဲ့ပုံ
ဒေသအလိုက်ကွဲပြားခြားနားသွားသောပုံတော်များ
*စေတီပုထိုးများပေါ်ပေါက်လာပြီး ခေတ်အလျောက်ပြောင်းလဲသွားပုံ

တရား–ပိဋကတ်သုံးပုံ–ဘုရားကိုယ်တိုင် ဟောကြားခဲ့သော
တရားတော်များနောက်ပိုင်းပြောင်းလဲသွားသောအတွေးအခေါ်၊အယူအဆသစ်များ
သင်္ဂါယနာတင်ပွဲကြီးများ
ဗုဒ္ဓတက္ကသိုလ်ကြီး ပိဋကတ်တိုက်ကြီးများ

သံဃာ–ဘုရားရှင်၏သာဝကကြီးများ
နိုင်ငံအသီးသီးမှသံဃာများကိုဦးဆောင်ခဲ့သော ဆရာတော်ကြီးများ
အကြောင်းကိုတင်ဆက်ပါမည်။

ကျန်အတွဲများတွင်
*အိန္ဒိယနိုင်ငံတဝိုက် ဗုဒ္ဓနှင့်ပတ်သက်သောနေရာတော်များ
*သီရိလင်္ကာ၊မြန်မာ၊ထိုင်း၊ကမ်းပူချား၊လော စသောထေရဝါဒ ငါးနိုင်ငံသို့ ဗုဒ္ဓဘာသာရောက်ရှိလာပုံကို ရှေးဟောင်းစေတီပုထိုးတို့၏ ပုံတော်များနှင့် တန်ဆာဆင်ပါမည်။
*အာရှအနှစ်ရှအလယ်ပိုင်းမှတစ်ဆင့် တရုတ်၊ကိုးရီးယားနှင့်ဂျပန်နိုင်ငံများသို့အရှိန်အဟုန်ဖြင့် ရောက်သွားသော မဟာယာန ဗုဒ္ဓဘာသာနှင့်ပတ်သက် သော နေရာဌာနများအကြောင်းကို သက်ဆိုင်ရာဓါတ်ပုံ၊ရုပ်ပုံ၊ ပန်ချီကားချပ်များဖြင့် တန်ဆာဆင်ပါမည်။–

ဇင်ဗုဒ္ဓဘာသာကိုလည်းအသေးစိတ်ရှင်းလင်းဖော်ပြပေးပါမည်။
*မဟာယာနဗုဒ္ဓဘာသာဝင်များ၏ အတွေးအခေါ်အယူအဆကျမ်းစာအသီးသီး တို့ကိုစာဖတ်သူတိုင်းနားလည်ရအောင် ဓါတ်ပုံ ရုပ်ပုံ ရှင်းလင်းချက်များဖြင့် တင်ပြပါမည်။
*ပြီးလျှင် တိဘက် နီပေါ ဘူတန် စသည့်နိုင်ငံများ၌ ထွန်းကားလျက်ရှိသော တန္တရ ဗုဒ္ဓဘာသာကို ရှင်းလင်းပေးပါမည်။
လားမားဘုန်းတော်ကြီးများအကြောင်းကို အသေးစိတ်ဖော်ပြပါမည်။

• အင်ဒိုနီးရှားနိုင်ငံသို့ ဗုဒ္ဓသာသနာတော်ပြန့်ပွားသွားရာကကမ္ဘာ့အံ့ဖွယ်တစ်ပါး ဖြစ်နေလျှက်ရှိသော ဗရာဘုဓောစေတီတော်မြတ်ကြီးကိုပင်ဗုဒ္ဓဘာသာဝင်များ တည်ဆောက်ခဲ့ကြပါသည်။
ယခုခေတ်တွင် ဗုဒ္ဓဘာသာထွန်းကားရာဒေသ-ကျဉ်းမြောင်းလာခဲ့ပုံကို ဝမ်းနည်းဖွယ်ရာရှုမြင်ဖတ်ရှုကြရပါမည်။

• နောက်ဆုံးတွင်လက်ရှိလှုပ်ရှားနေကြသော ဗုဒ္ဓဘာသာဝင်များ အနောက်တိုင်း၌ စတင်ထွန်းကားလာသော ဗုဒ္ဓဘာသာ ပြန်လည်ဦးမော့လာသောထေရဝါဒဗုဒ္ဓဘာသာစသည့် သိသင့်သိထိုက်သော အချက်အလက်များကို တင်ပြပါမည်။

---

ဆေးရောင်စုံပုံတော်များ

(၁) ပြည်မြို့မှ ဘုရားရှင်၏ညှပ်ရိုးတော် နဖူးသကျစ်တော် သီရိလင်္ကာမှ စွယ်တော်ပွါးနှင့် ယူနန်မှမြရုပ်ပွါးတော်များ ကိန်းဝပ်တော်မူရာ အနော်ရထာမင်းစော နှင့် ကျန်စစ်သားတို့၏အလှူတော် (၁၀၄၄-၁၀၈၉) ပုဂံမြို့ရွှေစည်းခုံစေတီတော်
(၂) တက္ကသီလာ-တက္ကသိုလ်ကျောင်းတော်မှ ဓမ္မရာဇိကစေတီ (ယခုပါကစ္စတန်နိုင်ငံ)
(၃) ကမ္ဘာ့အကြီးဆုံးစာအုပ်ကြီးဟု တင်စားပြောဆိုခြင်းခံရသော-ကျောက်ချပ်ရေ၇၂၉ချပ်ဖြင့် စာတင်ထားသည့် ပဉ္စသင်္ဂါယနာတင် ပိဋကကက်သုံးပုံ မင်းတုန်မင်းတရားကြီး အလှူတော်-ကုသိုလ်တော်ဘုရား မန္တလေးမြို့(၁၈၇၂)
(၄) မန္တလေးမြို့ရွှေနန်းတော်ကျောင်း တစ်ချိန်က ဘုရင့်နန်းတော်ဖြစ်ခဲ့သည်။ ဤအဆောင်တွင် မင်းတုန်မင်းကြီး နတ်ရွာစံတော်မူခဲ့သည်။ သီပေါမင်းက အဆောင်တော်ကိုဖျက်ပြီး ဘုန်းတော်ကြီး ကျောင်းအဖြစ် ပြန်လည်တည်ဆောက် လှူဒါန်းခဲ့သည်။ ယနေ့မြင်တွေ့နိုင်သော တစ်ခုတည်းသော မြန်မာ့နန်းတော်မှ အဆောင်တစ်ခု- မြန်မာ့ ကျွန်းသားပန်းပုလက်ရာများ နှင့် ပင်မနန်းတော်ဟောင်းကြီး ကတော့ စစ်ကြီးအတွင်းက ပြာကျခဲ့ပါပြီ။

## မျက်နှာဖုံးဆေးရောင်စုံရုပ်ပုံများ

**(၁) စာအုပ် ရှေ့မျက်နှာဖုံး**

ဗုဒ္ဓဂါယာမှတူးဖော်ရရှိသော ဗုဒ္ဓရုပ်ပွားတော်များ

**(၂) စာအုပ်နောက်ကျောဖုံး**

(က) သရေခေတ္တရာ မောင်ကွန်းအရပ်မှ တူးဖော်ရရှိသော ရွှေသား စစ်စစ် ပုရပိုက် (အေဒီ ၅ရာစုခေတ်)

သရေခေတ္တရာသည် မြန်မာနိုင်ငံ၏ ရှေးအကျဆုံးပျူလူမျိုးတို့၏ မြို့တော်ဖြစ်သည်။ သရေခေတ္တရာ မောင်ကွန်းအရပ်၌ ရွှေပြားစစ်စစ်ဖြင့် ပြုလုပ်ထားသော ဗုဒ္ဓစာပေကို တူးဖော်ရရှိခဲ့သည်။ ပျူလူမျိုးတို့၏ မြို့ဟောင်းများတွင် မဟာယာန ဟိနာယာန ဗုဒ္ဓဘာသာနှင့် ဟိန္ဒူဘာသာ အထောက်အထားများကို တူးဖော်ရရှိခဲ့သည်။

တရုတ်တို့၏ မှတ်တမ်းများအရ ပျူလူမျိုးတို့သည် ဗုဒ္ဓဘာသာဝင်များ ဖြစ်ကြ၍ ဘုန်းတော်ကြီးကျောင်း ၁၀၀ ကျော်ရှိသည်။ ဘုန်းတော်ကြီးကျောင်းများကို ရွှေ ငွေမှန်များဖြင့် ဆောက်လုပ်ထားကြသည် ဟုသိရသည်။

(ခ) ရခိုင်လူမျိုးတို့၏ ရှေးဗုဒ္ဓကျမ်းစာ
(ဂ) ၁၉ ရာစုခေတ် မြန်မာဗုဒ္ဓကျမ်းစာ
(ဗြိတိသျှ သမိုင်းပြတိုက်ကြီး၌ သိမ်းဆီးထားသည်)



# ဗုဒ္ဓသာသနာ ပြန့်ပွားခြင်း

ဗုဒ္ဓသာသနာတော်သည် လွန်ခဲ့သည့် နှစ်ပေါင်း ၂၅၀၀ ကျော်မှ စတင်၍ ယခု အိန္ဒိယ နိုင်ငံ မဇ္ဈိမဒေသ၌ ထွန်းကားခဲ့လေသည်။ မဟာသက္ကရာဇ် ၁၀၃ ခုနှစ် (ဘီစီ ၆ ရာစုနှစ်) တွင် မဇ္ဈိမဒေသ မဂဓတိုင်း၌ ဂေါတမ ဘုရားသခင် ပွင့်တော်မူသည်မှစ၍ ဗုဒ္ဓသာသနာ စတင်ပေါ်ပေါက်ခဲ့ခြင်း ဖြစ်သည်။ ဘုရားသခင်သည် ၄၅ ဝါ ပတ်လုံး တရားဒေသနာများ ဟောကြားပြသ ဆုံးမတော်မူခြင်းဖြင့် ဗုဒ္ဓသာသနာတော်ကိုအခြေချခဲ့လေသည်။

ဂေါတမဘုရားရှင် ပရိနိဗ္ဗာန် စံတော်မူပြီးနောက် ဘုရားသခင် ဟောကြားတော်မူခဲ့သည့် ဓမ္မနှင့် ဝိနယတို့သည် ဘုရားသခင် ကိုယ်စား ဗုဒ္ဓသာသနာအဖြစ် ကျန်ခဲ့လေသည်။ ဘုရားသခင် ရှိစဉ်ကတည်းကပင် ပရိယတ်အားလုံးကို အားလုံးသော ရဟန်းများ နှုတ်တက်ဆောင်နိုင်ကြသည် မဟုတ်ချေ။ အချို့က ဝိနည်း၊ အချို့က သုတ်၊ အချို့က အဘိဓမ္မာကို ဆောင်ကြလေသည်။ ဘုရား ပရိနိဗ္ဗာန်စံတော်မူ၍ ခုနစ်ရက်ရှိလျှင်ပင် ဘုရားရှင် ပရိယတ္တိ သာသနာတော် ကွယ်ပျောက် မှေးမှိန်ခြင်း၏ အကြောင်း နိမိတ် အရိပ်အယောင် ပေါ်လာလေသည်။ အဓမ္မဝါဒီ အလဇ္ဇီ၊ ပါပဘိက္ခုတို့ အားမကြီးသေးမီ ပရိယတ္တိ သာသနာဟူသော ဓမ္မနှင့် ဝိနယကို သင်္ဂါယနာတင်မှ ဖြစ်မည်ဟု ထေရ်ကြီးများ သိမြင်တော်မူလာသောကြောင့် မဟာသက္ကရာဇ် ၁၄၈ ခု ဝါခေါင်လပြည့်ကျော် ၅ ရက်နေ့မှစ၍ ရာဇဂြိုဟ် ပြည်၌ အဇာတသတ်မင်း လက်ထက်တွင် ရှင်မဟာကဿပ အမှူးပြု၍ ရဟန္တာ ၅၀၀ နှင့် ပဌမ သင်္ဂါယနာတင်၍ ဓမ္မနှင့် ဝိနယတို့ကို စုပေါင်းသိမ်းရုံး မှတ်တမ်းတင်ကာ ထိန်းသိမ်း ထားကြသည်။ ထိုအချိန်က မှတ်တမ်းတင်သည် ဆိုသော်လည်း စာဖြင့် ရေးသားထားခြင်းမဟုတ်၊ ဆရာစဉ်အလိုက် အာဂုံရွတ်ပြီး ကျက်မှတ် ထိန်းသိမ်းထားကြခြင်း ဖြစ်သည်။

### အိန္ဒိယနိုင်ငံအနှံ့ပြန့်ပွားခြင်း

ပဌမ သင်္ဂါယနာတင်ပြီးသည့်နောက် အိန္ဒိယ မြောက်ပိုင်းနှင့် အလယ်ပိုင်းမှ မင်းများ၏ စောင့်ရှောက် ထောက်ပံ့မှုကြောင့် ဗုဒ္ဓသာသနာသည် အနှစ် ၁၀၀ တိုင် စည်ပင် ဝပြောလာခဲ့သည်။ သို့ရာတွင် သံဃာအဖွဲ့ထဲ၌ ဝိနည်းအကျင့် ယိုယွင်းလျော့ပေါ့မှုကြောင့် ပဌမ သင်္ဂါယနာတင်ပြီး အနှစ် ၁၀၀ အကြာတွင် ဝေသာလီပြည် ကာဠာသောက မင်းကြီး လက်ထက်၌ ဒုတိယ သင်္ဂါယနာ တင်ရပြန်သည်။ ထိုအချိန်တွင် ဗုဒ္ဓသာသနာသည် မဇ္ဈိမဒေသ၌ သာမက အိန္ဒိယ နိုင်ငံ အရပ်ရပ်သို့ ပျံ့နှံ့နေပြီဖြစ်သဖြင့် အရှေ့တိုင်း ရဟန်း ကိုယ်စားလှယ် ၄ ပါး၊ အနောက်တိုင်း ရဟန်းကိုယ် စားလှယ် ၄ ပါး၊ ပေါင်း ၈ ပါး ပါဝင်သော ဦးစီးအဖွဲ့နှင့် ရှင်သဗ္ဗကာမိ မထေရ်တို့က အမှူးပြု၍ ရဟန်း ၇၀၀ နှင့် သင်္ဂါယနာ တင်ကြကာ တရားတော် အယူအဆ ချွတ်ချော်သည်များကို ညှိနှိုင်း အတည်ပြုကြသည်။

### သာသနာဂိုဏ်းကွဲခြင်း

ယင်းသို့ ဗုဒ္ဓသာသနာတော်ကို မပျက် မယွင်းအောင် ဆရာ အစဉ်အဆက်တို့ ထိန်းသိမ်းသည့်ကြားမှပင် ရဟန်းတို့ မကျင့်သုံးအပ်သော အဓမ္မတရား ၁၀ ပါးကို ကျင့်သုံးအပ်သည်ဟု အယူရှိခဲ့ကြသော ဝဇ္ဇီတိုင်းသား အလဇ္ဇီများသည် ဒုတိယ သင်္ဂါယနာ၏ အဆုံးအဖြတ်ကို လက်မခံဘဲ ရဟန်းတသောင်း ပါဝင်သော မဟာသံဃိက အဖွဲ့တခု စင်ပြိုင် ဖွဲ့စည်းကြသည်။ ဓမ္မအယူအဆကြောင့် မဟုတ်ဘဲ ဝိနည်းတော် အယူအဆကွဲ၍ ကွဲခဲ့ရသော ဂိုဏ်း ၂ ဂိုဏ်း ရှိသည့်အနက် တဂိုဏ်းကို သမရိုးကျဂိုဏ်း၊ အခြား တဂိုဏ်းကိုပြုပြင်ရေးဂိုဏ်းဟု ခေါ်သည်။ မဟာသံဃိက ဂိုဏ်းဝင်များက သူတို့၏ ဂိုဏ်းကို သမရိုးကျဂိုဏ်းဟု ယူဆခဲ့ကြသော်လည်း ပြည့်ရှင်မင်းများက ထောက်ပံ့ ကိုးကွယ်မှု မပြုခဲ့ကြ၍ သာသနာတွင် မလွှမ်းမိုးနိုင်ခဲ့ကြချေ။ ဒုတိယ သင်္ဂါယနာတင်ပြီးနောက် အနှစ် ၁၀၀ ကျော်အတွင်း ဗုဒ္ဓသာသနာတော် ဆက်လက် ပြန့်ပွားခဲ့သော်လည်း သံဃာ ဂိုဏ်းကြီး ကွဲမှုမှ အစပြု၍ ဂိုဏ်းငယ်ကလေးများ တစတစ ကွဲလာပြန်သည်။

**<u>မဟာယာနဂိုဏ်း</u>**

**နောင်နှစ်ပေါင်း လေးငါးရာလောက်ကြာမြင့်လာသောအချိန်၌ မဟာသံဃိကဂိုဏ်းဝင်များကို အကြောင်းပြုပြီး ဝိနယ အယူအဆကြောင့်မဟုတ်ဘဲ ဓမ္မအယူအဆကြောင့် ဂိုဏ်းကွဲခဲ့သည်၊ မဟာယာနဂိုဏ်းဟူ၍ တစင်ထောင်လာကြသည်။**

**အာသောကမင်းကြီးက သမရိုးကျ ဂိုဏ်းကိုသာ အားပေးချီးမြှောက်ခဲ့သည်။ ထိုမင်း လက်ထက်ကျင်းပခဲ့သော တတိယသံဃာယနာသဘင်၌ သမရိုးကျ ဂိုဏ်းဖြစ်သော ထေရဝါဒ ဂိုဏ်းဝင်များအတွက်သာ သီးသန့်ကျင်းပခဲ့ခြင်းဖြစ်သည်။သို့ကြောင့်မဟာယနဂိုဏ်းကတတိယ သံဃာယနာသဘင်ကို အသိအမှတ်မပြုကြခြင်းဖြစ်ပါသည်။**

## အာသောကမင်းတရားကြီး(သိရိဓမ္မာသောကမင်းကြီး)

အာသောကမင်းကြီး၏ ဆောင်ရွက်မှုကြောင့် ကမ္ဘာပေါ်၌ ဗုဒ္ဓသာသနာအရောင်သည် ထွန်းပြောင်တောက်ပလာခဲ့ရသည်။ဗုဒ္ဓဘာသာသမိုင်း၌ ဂေါတမမြတ်စွာဘုရား၏ သာသနာကို ထောက်ပံ့သောပုဂ္ဂိုလ်တို့တွင် အကြီးကျယ်ဆုံး ပုဂ္ဂိုလ်ကြီး ဖြစ်သည်ဟုယူဆလို့ရသည်။

## ဘုရားဖူးထွက်တော်မူခြင်း

အာသောကမင်းကြီးသည် ၂၄၉ဘီစီတွင် ဗုဒ္ဓသာသနာနှင့်စပ်ဆိုင်သည့်အထွဋ်အမြတ်ဖြစ်သော နေရာဌာနများသို့ သွားရောက်ဖူးမျှော်လေသည်။ ဤအထွဋ်အမြတ်ဒေသများအနက် မြတ်စွာဘုရားမီးရှူးသန့်စင်ဖွားမြင်တော်မူရာ လုမ္ဗိနီဥယျာဉ်တော်သို့ ရှေးဦးစွာ သွားရောက်ခဲ့၏။ ပါဋလိပုတ်နေပြည်တော်မှ မြောက်ဖက်သို့ ဖောက်လုပ်ထားသည့် လမ်းမကြီးအတိုင်း ရှေးဦးစွာ နီပေါပြည်သို့ သွားလေ၏။ယင်းသို့သွားရာလမ်းမကြီးသည်ယခုခေတ်မူဇတ်ဖါပူရ်ခရိုင်နှင့်ချန်ပါရန်တို့ကို ဖြတ်သန်းကာ ဟိမဝန္တာတောင်ခြေသို့ ရောက်အောင် တည်ရှိခဲ့၏။ အာသောကမင်းကြီး ဘုရားဖူးသွားခဲ့သည်ကို လမ်းမကြီးတလျောက်လုံး၌ ကျောက်တစ်လုံးတည်းနှင့်စိုက်ထူထားသော ကျောက်တိုင်ကြီးငါးတိုင်ဖြင့် မှတ်သားထားလေသည်။

## အာသောကမင်းကြီး၏ကောင်းမှုကုသိုလ်များ

အာသောကမင်းကြီးသည် ကျောင်းပေါင်း ရှစ်သောင်းလေးထောင် စေတီပေါင်း ရှစ်သောင်းလေးထောင်တို့ကို နိုင်ငံ၏အတွင်း အပြင် အရပ်ဒေသအနှံ့အပြားတို့၌ တည်ထား၏။ အာသောကမင်းကြီးသည်ဗုဒ္ဓဘာသာကိုသက်ဝင်ယုံကြည်ပြီးနောက် ရှေးဦးစွာဆောက်လုပ်လှူဒါန်းသောအာသောကရာမကျောင်းကြီးသည် ရဟန်းသံဃာတော်တစ်ထောင်ခန့်ဆန့်အောင် ကြီးကျယ်ခန်းနားလှပေ၏။

အေဒီ ခုနှစ်ရာစု အတွင်း အိန္ဒိယပြည်သို့ ဘုရားဖူးကြွရောက်လာသော တရုပ်ရဟန်းတော်ယူအံချောင်သည် ထိုအာသောကရာမကျောင်းတိုက်ကြီး ယိုယွင်းပျက်စီးနေသည်ကို တွေ့ရှိခဲ့ရသည်ဟု မှတ်တမ်းရေးထားခဲ့၏။ ယခုအခါ ထိုကျောင်းတိုက်ကြီး၏ တည်ရာဌာနကို ခန့်မှန်း၍မရတော့ပေ။ နိုင်ငံတော်အတွင်း နေရာဒေသအမြောက်အများတို့၌ အသောကမင်းကြီးဆောက်လုပ်လှူဒါန်းထားခဲ့သော ကျောင်းတိုက်အများအပြားတို့သည်လည်း တစ်ကျောင်းတလေမျှမကျန်အောင် အားလုံးပင်ယိုယွင်းပျက်စီး ကြကုန်လေပြီ။

အာသောကမင်းကြီး ဆောက်လုပ်လှူဒါန်းထားခဲ့သော စေတီတော်များ အဆောက်အအုံများအနက် ယနေ့ထက်တိုင်အောင် တည်ရှိနေသော အဆောက်အအုံများသည် ဆန်ချီအရပ်ရှိ စေတီတော်များဖြစ်ကြ၏။ ထိုစေတီတော် လေးဆူအနက် အကြီးဆုံးစေတီတော်သည် အစမူလက အာသောကမင်းကြီးတည်ထားခဲ့သော စေတီတော်ပင်ဖြစ်၏။ဤစေတီတော်ကြီးသည် အချင်းပေ ၁၂၀ ရှိ၍ အမြင့် ၅၄ ပေရှိ၏။ သဲ၊ကျောက်တုံးအနီတို့ဖြင့် တည်ထားရကား စေတီတော်ကြီးမှာနီရဲနေ၏။ စေတီတော်ကြီး၏ခြေရင်း၌ ကျောက်လက်ရမ်းများ ဝိုင်းရံလျက်ရှိနေကြ၏။ထို့ပြင်အထူးမွန်းမံချယ်လှယ်ထားသည့် တံခါးလေးပေါက်လည်း ရှိကြသေးသည်။ ဤစေတီတော်ကြီးကို မူလကအာသောကမင်းကြီးသည် အုတ်သက်သက်ဖြင့် တည်ထားခဲ့ရာ နောက်ဘုရင်များက ယင်းမူလစေတီကို သဲ ကျောက်တုံးအနီတို့ဖြင့် ဖုံးအုပ်ကာ ပြန်လည် တည်ထားခဲ့ကြသည်။



---

### တောင်းပန်လွှာ

စာရေးသူတို့သည် ဗုဒ္ဓဘာသာသာသနာကို ထွန်းလင်း တောက်ပြောင် စေလိုသော စိတ်ဆန္ဒဖြင့် ဤစာအုပ်ကို အကောင်းဆုံးဖြစ်အောင် ကြိုးစားပြုစုပါသည်။ ငွေကုန်ကြေးကျခံ၍ ဝတ္တ်လုပ်ပါသည်။ ဗုဒ္ဓဘာသာ အကြောင်းပြီးပြည့်စုံအောင်တတ်မြောက်၍ ရေးခြင်းမဟုတ်ပါ။ သို့ကြောင့်အမှားအယွင်းများပါရှိပါက ထောက်ပြကြပါ၊ ပြုပြင်ပါမည် ဟုလေးစားစွာပန်ကြားပါသည်။

စာရေးသူများ

---

## ကိုးတိုင်းကိုးဌာနသို့ သာသနာပြုနံ့ပုံ

သာသနာတော်၏ ကြီးစွာသော ဘေးရန်ကို ဤသို့ငြိမ်းစေပြီးသော် သီရိဓမ္မာသောကမင်းသည် သာသနာသက္ကရာဇ် ၂၃၅ ခုနှစ်တွင် ပရိယတ္တိ သာသနာတော်ကြီးကို တစုံတစ်ယောက်သော ရန်သူတို့ ဝင်ရောက် နှောင့်ယှက်ခြင်းငှါ မစွမ်းနိုင်အောင် တားမြစ် စောင့်ရှောက်သောအနေဖြင့် ပါဋလိပုတ်ပြည် အာသောကရုံ ကျောင်းတော်၌ ရှင်မောဂ္ဂလိပုတ္တတိဿ မထေရ်အား အမှူးထား၍ သံဃာပေါင်း၆သန်းတို့ဖြင့် တတိယ သင်္ဂါယနာ တင်တော်မူလေသည်။တတိယ သင်္ဂါယနာသဘင်ကို သမရိုးကျဂိုဏ်းဖြစ်သော ထေရာဝါဒဂိုဏ်းဝင်များကသာ သီးသန့် ကျင်းပသကဲ့သို့ ဖြစ်ကာ မဟာသံဃိကဂိုဏ်းဝင်တို့က အသိအမှတ်မပြုဘဲ နေကြလေသည်။ သို့ရာတွင် ပြည့်ရှင်မင်းက ချီးမြှောက်ထောက်ပံ့သော သဘင်ဖြစ်သဖြင့် တတိယ သင်္ဂါယနာပွဲသည် အထူးပင်အောင်မြင်ခဲ့လေသည်။ ယင်းသင်္ဂါယနာသဘင်မှပေါ်ပေါက်လာသော အကျိုးကျေးဇူးမှာ အီဂျစ်၊ ဂရိ၊ အရှေ့ ဥရောပ နိုင်ငံများ၊အိန္ဒိယ အနောက်မြောက် နိုင်ငံများ၊ တောင်ဖက်စွန်းရှိ ပြည်နယ်များနှင့် သီဟိုဠ်ကျွန်း၊ မြန်မာနိုင်ငံနှင့်အာရှအရှေ့တောင်ဖက်ကျွန်းစုများစသည် ကိုးတိုင်းကိုးဌာနတို့သို့ ဓမ္မဒူတခေါ် သာသနာ့ တမန်များ စေလွှတ်၍ သာသနာပြုစေခြင်း ဖြစ်သည်။ ထိုအချိန်တွင် ဇမ္ဗူဒီပ်ကျွန်းအလုံးသည် သင်္ကန်းရောင်ဖြင့် ပြောင်ပြောင်တောက်၍ ဗုဒ္ဓသာသနာသုံးရပ်သည် နေဝန်းကြီးပမာ အလွန်ပင် ထွန်းလင်းတောက်ပသောခေတ်ဖြစ်ခဲ့သည်။

### ၉ တိုင်း ၉ ဌာနသို့ သာသနာပြု စေလွှတ်ပုံ

၁။မဇ္ဈန္တိကထေရ်နှင့် အခြား ၄ပါးကို ရှေးအခေါ် ကသ္မီရ ဂန္ဓာရတိုင်း ယခုအခေါ် ကရှမီးယားနှင့် အာဖဂန်နစ္စတန်နယ်သို့၎င်း၊

၂။မဟာဒေဝထေရ်နှင့် အခြား ၄ ပါးကို ရှေးအခေါ် မဟိံသကတိုင်း၊ယခုအခေါ် မိုက်ဆိုးနယ်သို့၎င်း၊

၃။ရက္ခိတထေရ်နှင့် အခြား ၄ ပါးကို ရှေးအခေါ် ဝနဝါသီတိုင်း၊ ယခုအခေါ် ကနရနယ်သို့၎င်း၊

၄။ယောနကဓမ္မရက္ခိတထေရ်နှင့် အခြား ၄ ပါးကိုရှေးအခေါ် အပရန္တကတိုင်း၊ယခုအခေါ် ဘုံဘေနယ်သို့၎င်း၊

၅။မဟာဓမ္မရက္ခိတထေရ်နှင့် အခြား ၄ ပါးကို ရှေးအခေါ် မဟာရဋ္ဌတိုင်း၊ ယခုအခေါ် မဟာရပ်ရှိတရာနယ်သို့၎င်း၊

၆။မဟာရက္ခိတထေရ်နှင့် အခြား ၄ ပါးကို ရှေးအခေါ် ယောနကတိုင်း၊ ယခုအခေါ် ယူနန်နယ်သို့၎င်း၊

၇။မဇ္ဈိမထေရ်နှင့်အခြား ၄ ပါးကို ရှေးအခေါ် ဟိမဝန္တာအရပ်၊ ယခုအခေါ်လည်းဟိမဝန္တာအရပ်သို့၎င်း၊


၈။သောဏထေရ်နှင့် အခြား ၄ ပါးကို ရှေးအခေါ် သုဝဏ္ဏဘူမိ၊ ယခုအခေါ် သထုံပြည် (အရှေ့ကျွန်းစု) သို့၎င်း၊

၉။မဟာမဟိန္ဒထေရ်နှင့် အခြား ၄ ပါးကို ရှေးအခေါ် လင်္ကာဒီပ၊ ယခုအခေါ် သီဟိုဠ်ပြည်သို့၎င်း၊


တတိယ သင်္ဂါယနာတင်အပြီး သီရိဓမ္မာသောကမင်းကြီး လက်ထက်တွင် ယင်း ၉ တိုင်း၊ ၉ဌာနသို့ သာသနာပြု စေလွှတ်ခဲ့သည်။ပရိယတ္တိခေါ် စာပေပိဋကတ်တို့ကို သီဟိုဠ်ဘာသာမှ မဂဓ(ပါဠိ)ဘာသာသို့ ပြန်ဆိုကူးယူသယ်မလာကြသည်။ ထို့နောက်မှ ပိဋကတ်တော်များကို ဆင်များဖြင့် တင်ယူပင့်ဆောင်သွားကြသည်။ တချိန်က ပုဂံ သာသနာ ထွန်းကားခဲ့ပုံများကို သတိပြုရန်။

မှတ်ချက်။ ။သုဝဏ္ဏဘူမိကားအများအပြားအားဖြင့် မြန်မာပြည်သထုံဟုယူဆကြသည်။ယိုးဒယား၊လော၊ ကမ္ဘောဒီးယားနယ်တို့တွင်လည်း သောဏထေရ်၊ ဥတ္တရထေရ်တို့အကြောင်း မှတ်သားချက်များရှိလေသည်။

အာသောကမင်းကြီးသည် ၂၅၆ ဘီစီမတိုင်မီ ကပင်လျှင် ဗုဒ္ဓဘာသာသာသနာတော် ပြန့်ပွားရေးအတွက် လက်အောက်ခံနယ်ပယ်များ နှင့်မယဉ်ကျေးသေးသည့် လူမျိုးများနေထိုင်ရာ နယ်စပ်ဒေသများသို့ သာသနာပြု ပုဂ္ဂိုလ်များကို စေလွှတ်ခဲ့လေသည်။ထိုမှတပါး အိန္ဒိယ တောင်ပိုင်းရှိ လက်အောက်ခံ မဟုတ်သောနိုင်ငံများ၊ဂရိတ်ဘုရင်များအုပ်စိုးသည့်ဆီးရီးယားပြည်၊ အီဂျစ်ပြည်၊ **အီရန်**ပြည်၊ မက်ဆီဒိုးနီးယားပြည်နှင့် အီပီရပ်စ်ပြည်များသို့လည်း သာသနာပြုအဖွဲ့များ ကိုစေလွှတ်ခဲ့သည်။ သို့ဖြစ်၍ အာသောကမင်းကြီး လက်ထက်က ဗုဒ္ဓသာသနာတော်သည် အာရှ၊ အာဖရိကနှင့် ဥရောပတည်းဟူသော တိုက်ကြီး သုံးတိုက် ရောက်အောင်ပြန့်နှံ့သွားလေသည်။




The Lumbinī Pillar of Aśoka



အသောကမင်းကြီး၏နီ|ပေါနိုင်ငံ လုမ္ဗိနီဥယျာဉ်ရှိ ကျောက်စာတိုင်နှင့် ကျောက်စာ ဗုဒ္ဓမွေးဖွားတော်မူရာနေရာ အတိအကျကို ညွှန်ပြထားသည်။

The Lumbinī Pillar Inscription of Aśoka, recording that it was in Lumbinī where Gautama Buddha was born



The Asoka Monastery at Ningpo, Chekiang province, is one of China's most famous Buddhist temples. It was built in 405. Picture shows the Sarira-Hall in the Asoka Monastery, in which there is a "sarira-stupa", reputed to have been made by King Asoka for the preservation of a "sarira" of Sakyamuni Buddha.

အသောကကျောင်း(ကြီး) အထိမ်းအမှတ်
တရုတ်ပြည်နင်ပိုမြို့ရှိ ဓာတ်တော်စေတီကျောင်းဆောင်




The "sarira-stupa" said to have made by King Asoka, in the Sarira of the Asoka Monastery.

အာသောက ကျောင်းတော်အတွင်းမှ ဘုရားစေတီတော်နှင့် စကြာမုနိရုပ်ပွားတော် စေတီတော်ကို အာသောကမင်းကြီးကိုယ်တိုင် တည်ထားသည်ဟု တရုတ်များက ယုံကြည်ကြသည်။






အာသောကကျောင်းတော်အတွင်းမှ စကြာမုနိရုပ်ပွါးတော်




သီရိဓမ္မာသောကမင်းကြီး
နိုင်ငံတော်
ဘီစီ-၂၅၀



ကနစ်ရှကမင်းကြီး

A Statue of King Kaniṣka, Mathurā





တက္ကသီလာ ဓမ္မရာဇိကစေတီတော်၊



ဆွမ်းဘုဉ်းပေးနေသော ဗုဒ္ဓရှင်တော်မြတ် ၁၉ ရာစုခေတ်မြန်မာပုရပိုက် (ဗြိတိသျှသမိုင်းပြတိုက်မှ)

ဤသို့လျှင် အသောကမင်းကြီးသည် မြတ်စွာဘုရား လက်ထက်တော်အခါက အိန္ဒိယပြည် မြောက်ပိုင်းဒေသများ၌သာလျှင် တည်ရှိခဲ့သော ဗုဒ္ဓဘာသာကို ကမ္ဘာအရပ်ရပ်ကို ပြန့်နှံ့စေခဲ့လေသည်။

သီရိဓမ္မာသောကမင်းကြီး၏ လက်ထက်တော်မှာ သာသနာတော်သည် အိန္ဒိယပြည်အရပ်ရပ်သို့ အနှံ့အပြားပြန့်ပွားခဲ့သော်လည်း ထိုမင်းကြီးမရှိသည့်နောက် အနယ်နယ်အရပ်ရပ်မှာမင်းကြီးထွန်းညှိခဲ့သော သာသနာဆီမီးတိုင်သည် မှေးမှိန်သွားခဲ့သည်။

မင်းကြီးနတ်ရွာစံသွားပြီးနောက် ၂ ရာစုကာလအတွင်းမှာ အိန္ဒိယအနောက်မြောက်ပိုင်း ဂရိလူမျိုးတို့လက်အောက်ကျရောက်ခဲ့သည်။

## မိလိန္ဒဘုရင်

ဤဂရိဘုရင် အဆက်အနွယ်ဖြစ်သည့် မိလိန္ဒဘုရင်သည် အရှင် နာဂသေနမထေရ် နှင့်တွေ့ဆုံပြီး ဗုဒ္ဓတရားတော်ကို ဆွေးနွေးကြားနာရရာက သာသနာ့ဒါယကာ ဖြစ်လာခဲ့သည်။အဆိုပါတရားဆွေးနွေးချက်များသည် နောင်အခါ မိလိန္ဒပဉ္စာကျမ်းအဖြစ် ထင်ရှားလာခဲ့သည်။

## ကနစ်ရှကမင်းကြီး


ခရစ်နှစ် ၇၈ ခုနှစ်လောက်ကို ရောက်သောအခါ အိန္ဒိယနိုင်ငံတွင်(ကနစ်ကရှ)မင်းနန်းတက်သည်။ ပထမတွင်သူသည် ဗုဒ္ဓသာသနာကို ကြည်ညို ယုံကြည်သူမဟုတ်ပါ။ ဤမင်းသည် ဂင်္ဂါမြစ်ဝှမ်းများရှိသော အတိုင်းတိုင်း အပြည်ပြည်ကို တိုက်ခိုက်သိမ်းပိုက်ခဲ့သည်။ ဤသို့ သွေးထွက်သံယိုမှုတွေ ပြုပြီးနောက် သီရိဓမ္မာသောကမင်းကြီးကဲ့သို့ သတိသံဝေဂရ ပြီး ဗုဒ္ဓဘာသာဝင်ဖြစ်လာခဲ့သည်။နိုင်ငံတော်ကို ဗုဒ္ဓဘာသာကိုးကွယ်သောနိုင်ငံ ဖြစ်အောင်ဆောင်ရွက်တော်မူခဲ့သည်။ ကနစ်ရှကမင်း၏ နေပြည်တော်သည် ယခုခေတ် ပတ်ရှဝါမြို့ဖြစ်သည်။

(ကနစ်ရှက)မင်းသည် သင်္ဂါယနာသဘင်ကို ကျင်းပခဲ့ပါသည်။ ဤသင်္ဂါယနာကို အိန္ဒိယပြည်မှ စတုတ္ထသင်္ဂါယနာဟု အသိအမှတ်ပြုကြသည်။ ထေရဝါဒဂိုဏ်းကမူ အသိအမှတ်မပြုပါ။ မဟာယနဂိုဏ်းသားတို့ကသာ အသိအမှတ်ပြုပါသည်။

ဤသင်္ဂါယနာတင်ပွဲအပြီးလောက်တွင်ထေရဝါဒဂိုဏ်းနှင့်အခြားဂိုဏ်းတို့သည်ရင်ကြားစေ့လို့မရနိုင်အောင် ကွဲကုန်ကြသည်။ ဤအချိန်တွင် ထေရဝါဒဂိုဏ်းသည် သီဟိုဠ်ကျွန်းသို့ရွှေ့ပြောင်းခဲ့သည်မှာ ကြာပြီဖြစ်သည်။ အိန္ဒိယပြည်တွင် ထေရဝါဒကျောင်းတွေ ဟိုတစ်ကျောင်းဒီတစ်ကျောင်းသာကျန်သည်။

နောက်ပိုင်းကာလတွင် အိန္ဒိယနိုင်ငံ၌ မြတ်စွာဘုရားပွင့်တော်မူသောကြောင့် ဗုဒ္ဓသာသနာ ထွန်းကားလာသည့်အချိန်မှစ၍ တိမ်ကောသွားခဲ့သည့် ဟိန္ဒူဘာသာသည် ပြန်ပြီးထလာပါသည်။ ဗုဒ္ဓဘာသာ အယူအဆများကြောင့် ဟိန္ဒူဘာသာမှာ အပြောင်းအလဲများ ဖြစ်ပေါ်လာပြီး နလံထူနိုင်ခဲ့ခြင်းဖြစ်သည်။ သုံးရာစုလောက်တွင် အိန္ဒိယပြည်တွင် ဟိန္ဒူဘာသာမင်းများ အုပ်ချုပ်ကြသည်။ ဗုဒ္ဓသာသနာလည်းမှေးမှိန် ကွယ်ပျောက်သွားလုမတတ်ဖြစ်သွားခဲ့သည်။ ဂန္ဓာရတိုင်းနှင့် မဂဓတိုင်းများမှာ ရဟန်းကျောင်းတော်ကြီးများနှင့် သံဃာ့တက္ကသိုလ်ကြီးများ ဆက်လက်ကြီးပွား တိုးတက်ခဲ့သော်လည်း ဟိန္ဒူယဉ်ကျေးမှုနှင့်ဘာသာတို့က လွှမ်းမိုးလာခဲ့သည်။

၆ ရာစုနှစ်ကိုရောက်လာသောအခါ HUNS ဟုနလူမျိုးတွေက အလုံးအရင်း နှင့်ချီပြီး အိန္ဒိယပြည်မြောက်ပိုင်းကို ထိုးဖောက်ဝင်ရောက်ကြသည်။ သူတို့သည် ဂန္ဓာရတိုင်းကို ရောက်သောအခါ ရဟန်းကျောင်းတော်များ၊ စာသင်တိုက်များ၊ ဗုဒ္ဓဘာသာအဆောက်အအုံများကို ဖျက်ဆီးကြသည်။ ရဟန်းတော်များနှင့် ပညာရှင်များကိုလည်း သတ်ဖြတ်ကြသည်။ ပိဋကတ်တော်များကိုလည်း မီးရှို့ဖျက်ဆီးပြစ်ကြသည်။ တက္ကသီလမြို့က တက္ကသိုလ်ကြီးလည်း ရစရာမရှိအောင်ပျက်စီးခဲ့သည်။



ဓမ္မရာဇိကစေတီတော် တက္ကသိုလ်

Dharmarājika Stūpa, Takṣaśilā



ဟာရှာမင်းကြီး HARSHA လက်ထက်

၆၀၅ ခုနှစ်မှာ ဟာရှာဟုခေါ်သောမင်းကြီး နန်းတက်သည်။ အိန္ဒိယပြည်ကြီး စည်းလုံးမှု ပြန်လည်ရရှိခဲ့သည်။ ဟာရှာမင်းကြီးသည် သီရိဓမ္မာသောကမင်းနှင့် ကနစ်ရှကမင်းများကဲ့သို့ ဗုဒ္ဓသာသနာတော်၏ ဒါယကာကြီးဖြစ်ခဲ့သည်။ ဗုဒ္ဓဘာသာစာပေကို သင်ကြားပို့ချခဲ့သော နာလန္ဒတက္ကသိုလ်ကြီးကို အားပေးချီး မြှောက်ခဲ့သည်။

ဟာရှာမင်းကြီးလက်ထက်တွင် ဘာသာရေးလွတ်လပ်ခွင့်ပေးထားသည်နှင့်အညီ ဟိန္ဒူဘာသာကိုလည်း အခွင့်အရေးတွေပိုပြီးပေးခဲ့သည်။ သို့ကြောင့် ဤမင်းလက်ထက်တွင် ဗုဒ္ဓသာသနာသည် ပြန်ထွန်းလာသော်လည်း ဟိန္ဒူဘာသာသည်လည်း အင်အားကြီးသည်ထက်ကြီးလာပြီး ဗုဒ္ဓဘာသာကို လွှမ်းမိုးချင်သလိုဖြစ်လာခဲ့သည်။

၆၇၁-၆၉၅ ခုနှစ်များတွင် အိန္ဒိယနိုင်ငံကိုရောက်လာသော တရုတ် အမျိုးသားဘုရားဖူး YUAN CHWANG (အရှင်ဟုအင်ဓ်) က အိန္ဒိယပြည်မှာ ဗုဒ္ဓဘာသာသည် ဆုတ်ယုတ်သည်ထက် ဆုတ်ယုတ်နေပြီဖြစ်ကြောင်း ဝမ်းနည်းစွာ မှတ်တမ်းတင်ခဲ့သည်

## ပါလမင်းများအုပ်စိုးစဉ်

၁၀ရာစုနှစ်များ၌ မဂဓတိုင်းကို ပါလမင်းများအုပ်စိုးစဉ် ဗုဒ္ဓဘာသာသည် နောက်ဆုံး အနေနှင့် ထွန်းတောက်ခဲ့သည်။ ဗုဒ္ဓဘာသာ သံဃာ့တက္ကသိုလ် အသစ် နှစ်ခုကို တည်ထောင်ပေးခဲ့သည်။ နာလန္ဒတက္ကသိုလ်ကိုလည်း အထောက်အပံ့ပေး ခဲ့သည်။

နောက်ပိုင်းတွင် အိန္ဒိယပြည်မှာ ဗုဒ္ဓဘာသာသာသနာတော်ကြီးသည်ဆုတ်မြဲတိုင်းဆုတ်လာပြီး ၁၀၀၀ ပြည့်လောက်မှာ ပသီ(မွတ်ဆလင်များ)မင်းများ အိန္ဒိယပြည်ကို ဝင်ရောက်သိမ်းပိုက်လိုက်သောအခါ ဗုဒ္ဓသာသနာတော်မှာ အိန္ဒိယပြည်မှာ လုံးဝကွယ်ပျောက်ခဲ့သည်။


## ထေရဝါဒဂိုဏ်းနှင့် မဟာယာနဂိုဏ်း

မဟာယာနဂိုဏ်းသားတို့သည် ထေရဝါဒဟာမှားသည် ဘုရားဟောနှင့်မကိုက် ညီဘူးဟူ၍လည်း မစွပ်စွဲခဲ့ပါ။

သို့သော်သူတို့က ထေရဝါဒဟာ ကျဉ်းမြောင်းသည်။ မပြည့်စုံသေးဘူးဟု ထင်မြင်ကြသည်။ ထေရဝါဒဂိုဏ်းသားတွေကလည်း မဟာယာနဂိုဏ်းသားများသည် ဘာသာရေးအတွေးအခေါ်ခေါင်လွန်းကြသည်။ သို့ကြောင့် မြတ်စွာဘုရား၏ မူလ အဆုံးအမ တရားတော်မှလမ်းခွဲထွက်ရာ ရောက်နေကြသည်ဟု ယူဆကြပါသည်။

## အခြေခံသဘောတရား အတူတူပင်

ဤဂိုဏ်းသားနှစ်ခုလုံး၏ အခြေခံသဘောတရားများသည်သစ္စာလေးပါး၊ မဂ္ဂင်ရှစ်ပါး၊ ကံကံ၏ အကျိုးတရား၊ မဂ်တရား၊ ဖိုလ်တရား စသည်ဖြင့် အတူတူပင်ဖြစ်ပါသည်။ သို့ကြောင့် မဟာယာနရဟန်းကျောင်းများ၊ စာသင်တိုက်များ၊ သံဃတက္ကသိုလ်များတွင် မဟာယာနဂိုဏ်းဝင်များနှင့် ထေရဝါဒဂိုဏ်းဝင်များသည်ဗုဒ္ဓဘာသာ စာပေပရိယတ်ကို အတူတကွ သင်ယူလေ့လာကြသည်ဟု တရုတ်ပြည်က တရုတ်အမျိုးသား ဘုရားဖူး ခရီးသည်တို့က မှတ်တမ်း ရေးခဲ့ကြခြင်း ဖြစ်ပါသည်။





ဟာသျှမင်းကြီး၏ငွေဒင်္ဂါးများ Coins of King Harsa









နာလန္ဒာဂူသို့မဟုတ်စေတီပေါင်းတစ်ဆူ။

The Stūpa Site III, Nālandā

## ကွဲလွဲသော အယူအဆနှစ်ခု

သို့သော် ဤဂိုဏ်းနှစ်ဂိုဏ်းသည် ကွဲလွဲနေသော ဓမ္မအယူအဆကြီးနှစ်ခုရှိသည်။ တရားနှင့် ပတ်သက်၍ အယူအဆမတူခြင်း တို့ဖြစ်သည်။ ထေရဝါဒဂိုဏ်းဝင်တို့သည် မြတ်စွာဘုရားဟောကြားခဲ့သော တရားများသည် သွက္ခာတဂုဏ်နှင့် အညီအစအလယ်အဆုံး တိတိကျကျ ပြည့်စုံပြီးသားဖြစ်သည်။ ဒီတရားများအပေါ် သို့လောသို့လော တွေးတော ယုံမှားစရာ ရှိနေဖို့မလိုဘူးဟု ယူဆကြသည်။ နောက်ပြီး ဒီတရားတော်အတိုင်းသာ လိုက်နာကျင့်ကြံဖို့လိုသည်။ ပထမ သင်္ဂါယနာတင်မှာ မှတ်တမ်းတင်ခဲ့သော ပိဋကတ်တော်တွေကို မပျောက်မပျက်အောင် ကောင်းစွာစောင့်ရှောက်ဘို့လိုသည်ဟုလည်း ယူဆကြပါသည်။

မဟာယာနဂိုဏ်းဝင်များမှာမူ ဘုရားဟော တရားတော်များကိုလွန်ပြီးတွေးတော ကြံဆချင်ကြသည်။ မြတ်စွာဘုရား ဟောခဲ့သော တရားသည်အရင်းခံ တရားမျှသာ ဖြစ်သည့်အတွက် အရင်းခံ တရားကို အခြေပြုပြီး တိုးတက် ကြံဆနိုင်ခြင်း ရှိရမည်ဟု ယူဆကြပါသည်။

ဘုရားနှင့် ပတ်သက်ပြီး ယူဆသည့် နေရာတွင် ထေရဝါဒ ဂိုဏ်းဝင်များက မြတ်စွာဘုရားဟာ မြတ်နိုးအပ်၊ကြည်ညိုအပ်၊ဂါရဝပြုအပ် ပေမယ့် မြတ်စွာဘုရား၏ ခန္ဓာကိုယ်သည် အနိစ္စသာဖြစ်သည်။ ကာယိကဒုက္ခနှင့် မကင်းပါ။ အိုရနာရ သေရတဲ့ဒုက္ခနဲ့ မကင်းဘူးလို့ ယူဆကြသည်။ "ငါဘုရား မရှိသည့်နောက် ငါဘုရား ဟောကြားတော်မူခဲ့တဲ့ တရားတော်၊ဝိနည်းတော်တို့ဟာသင်တို့ရဲ့ဆရာဖြစ်တယ်" လို့မြတ်စွာဘုရားက မိန့်တော်မူခဲ့သည့်အတိုင်း ဒီတရားတော် ဝိနည်းတော်တို့ကိုသာလျှင် လိုက်နာကျင့်ကြံ ရမယ်ဟု လည်းယူဆကြသည်။

မဟာယာနဂိုဏ်းဝင်များက မြတ်စွာဘုရား၏ ကိုယ်ခန္ဓာတော်သည် သာမန်သတ္တဝါများ၏ ကိုယ်နှင့်မတူ။ သာမန်သတ္တဝါများ၏ ကိုယ်ကပျက်စီးသည်။ မြတ်စွာဘုရား၏ ကိုယ်ကတော့ အညစ်အကြေးမှန်သမျှတို့ ကင်းစင်နေသည့်အတွက် မပျက်စီးနိုင်ဘူးဟု ယူဆကြသည်။ ထို့ပြင် မြတ်စွာဘုရား၏ အပေါ်တွင် သဒ္ဓါယုံကြည်ခြင်း ရှိရုံနှင့် မဂ်ဖိုလ်အထိ အဆင့်ဆင့်ရနိုင်သည်ဟုလည်း ယူဆကြသည်။ လူတိုင်းလူတိုင်းသည် ဘုရားလောင်းအဖြစ်ကိုသာရရှိအောင် အားထုတ်ရမည်ဟုလည်း ယူဆကြသည်။

## မဟာယာန နှင့် ထေရဝါဒအပြိုင်အဆိုင်

ကနိဋ္ဌကမင်း၊ လက်ထက်ကစပြီး၊ အိန္ဒိယပြည် မြောက်ပိုင်း၊မှာ မဟာယာနအသွင်ကိုယူကာ အသစ်ပေါ်ပေါက်လာသော ဗုဒ္ဓသာသနာသည် သီဟိုဠ်နှင့်အရှေ့တောင်အာရှ ဒေသတွင် ရှိကြသော ထေရဝါဒသာသနာကိုပင် အရောင်ဟပ်လာပါသေးသည်။ အပြိုင်အဆိုင် ဖြစ်ခဲ့ပါသေးသည်။

## ထေရဝါဒ အာစာနည် အရှင်ဗုဒ္ဓဃောသမထေရ်

ငါးရာစုနှစ်လောက်တွင် ထေရဝါဒ အယူအဆတွေကို ရှင်းလင်းဖော်ပြနိုင်သော ထေရဝါဒ အာစာနည် ဗုဒ္ဓဃောသမထေရ် ထွန်းကားလာသည့်အတွက် သီဟိုဠ်နှင့် မြန်မာစသည့်နိုင်ငံတို့မှာ ထေရဝါဒဗုဒ္ဓဘာသာ အခြေရိုင်ခဲ့ခြင်းဖြစ်သည်

ရှင်ဗုဒ္ဓဃောသမထေရ်သည် မြန်မာပြည်တောင်ပိုင်းမှာ မွေးဖွားသောမွန်လူမျိုးဖြစ်သည်ဟု ယူဆကြသည်။ ဆရာတော်ရှင်ရေဝတက အိန္ဒိယပြည်မှာ ပိဋကတ်ပါဠိတော် သက်သက်သာရှိသည်။ သင်္ဂါယနာ အဆက်ဆက်တင်ပြီး ဆရာအစဉ်အဆက် ထိန်းသိမ်းခဲ့သော ထေရဝါဒကျမ်းများနှင့် အဋ္ဌကထာကျမ်း တွေတော့မရှိဘူး။ ဒီကျမ်းတွေဟာ သီဟိုဠ်ကျွန်းမှာ သီဟိုဠ်ဘာသာနှင့် ရေးပြီးသားရှိသည်။ ဤကျမ်းများ ကိုလေ့လာပြီး ပါဠိဘာသာ ပြန်ဆိုရေးသားရေးအတွက် သီဟိုဠ်ကျွန်းကိုသွားပါဟု ရှင်ဗုဒ္ဓဃောသကို တိုက်တွန်းခဲ့သည်။





ရှင်ဗုဒ္ဓဃောသသည် သီဟိုဠ်သို့ကြွသွားသည်။ ထေရဝါဒ အစဉ်အလာကျမ်းများကို တွေ့သည်။ သို့သော် ပါဠိဘာသာ အဋ္ဌကထာတွေကတော့ မရှိချေ။ သီဟိုဠ်ဘာသာပြန် အဋ္ဌကထာတွေသာရှိသည်။ ဤကျမ်းများကို ပါဠိဘာသာ ပြန်ဆိုရေးအတွက် ရှင်ဗုဒ္ဓဃောသက အခွင့်တောင်းခဲ့သည်။ ဤတွင်မဟာဝိဟာရကျောင်းရှိ သံဃာတော်မထေရ်ကြီးများက ရှင်ဗုဒ္ဓဃောသ ရဟန်းငယ်၏ ပညာဉာဏ်ကို စမ်းလိုသည့်သဘောနှင့် အဖွင့်ရေးသားရန် ပါဠိဘာသာနှစ်ပုဒ်ကို ပေးကြသည်။ ရှင်ဗုဒ္ဓဃောသက ဤဂါထာနှစ်ပုဒ်ကို အခြေတည်ပြီး ဝိသုဒ္ဓိမဂ်ကျမ်းကြီးကို ပြုစုတော်မူသည်။ ပိဋကဟင်းလေးအိုးကြီး ဟုခေါ်ဆိုနိုင်သော ဝိသုဒ္ဓိမဂ်ကျမ်းကြီးကို တွေ့မြင်ရသောအခါ သီဟိုဠ်မှမထေရ်အပေါင်းတို့သည် ရှင်ဗုဒ္ဓဃောသ၏ ဉာဏ်ရည်ကိုချီးမွမ်းအံ့သြကြပြီး သူအလိုရှိသောကျမ်းများကို ပါဠိဘာသာပြန်ဆိုခွင့် ပြုကြသည်ဟုဆိုပါသည်။ ရှင်ဗုဒ္ဓဃောသသည် မူရင်းကျမ်းအားလုံးနှင့်တကွ သီဟိုဠ်ဘာသာဖြင့် ရေးသားထားသော အဋ္ဌကထာကျမ်းတွေကို ပါဠိဘာသာပြန်ဆိုသည့်အပြင် – ကျမ်းများ၏အဖွင့် အဋ္ဌကထာများကိုလည်း ရေးသားပြုစုတော်မူခဲ့သည်။

## ထေရဝါဒသာသနာ့တမန်တော်

အရှင်ဗုဒ္ဓဃောသ၏ အဋ္ဌကထာနှင့် ပါဠိဘာသာပြန်ကျမ်းများသည် ထေရဝါဒသာသနာရောင်ကို ဒုတိယအကြိမ် ထွန်းပြောင်စေခဲ့သည်။ သီဟိုဠ်ကျွန်းသည်လည်း ဗုဒ္ဓသာသနာ့သမိုင်းတွင် ဒုတိယအကြိမ် သာသနာထွန်းပြောင်ရာဒေသ ဖြစ်ခဲ့ပြီး ထေရဝါဒ ဗုဒ္ဓသာသနာသည်လည်းအရှေ့တောင်အာရှ ဒေသသို့ပြန့်ပွားလာခဲ့သည်။ သို့ကြောင့် ထေရဝါဒဗုဒ္ဓသာသနာ၏ အချက်အချာဗဟိုသည် သီဟိုဠ်ကျွန်း ဖြစ်သည်ဟုဆိုနိုင်ပါသည်။ ထေရဝါဒသာသနာ့တမန်တော်သည် ဗုဒ္ဓဃောသမထေရ်ကျော် ဖြစ်သည် ဟုဆိုနိုင်ပါသည်။



အနုရာဓမြို့ မဟာဝိဟာရ ကျောင်းတော်၌ ဝိသုဒ္ဓိမဂ်ကျမ်းကို မဟာဗုဒ္ဓဃောသ မထေရ်မြတ် ပေးအပ်နေစဉ်

## အနော်ရထာမင်း

၁၀–ရာစုနှစ် ကုန်ဆုံးကာနီးလောက်တွင် ဗုဒ္ဓသာသနာသည် ပထမပေါ်ထွန်းရာအရပ်ဖြစ်သော အိန္ဒိယပြည်မမှ ကွယ်ပျောက်ခဲ့သည်။ သီဟိုဠ်ကျွန်းတွင်လည်း ၁၁ရာစုနှစ်တွင် အိန္ဒိယတောင်ပိုင်းသားများ ဖြစ်ကြသော ချိုလ်ကျေးကုလားလူမျိုးတို့၏ ဝင်ရောက်တိုက်ခိုက်ခြင်းကို ခံနေရသည့်အတွက် ဗုဒ္ဓသာသနာသည် ဘေးအန္တရာယ် အပေါင်းနှင့်ကြုံခဲ့ရပြန်သည်။

ဤသို့ဗုဒ္ဓသာသနာသည် ဘေးရန်အပေါင်းနှင့်ကြုံနေချိန်တွင် မြန်မာနိုင်ငံပုဂံပြည်တွင် အနော်ရထာမင်းသည် ဗုဒ္ဓသာသနာကို စောင့်ရှောက်ကာကွယ်သော အာဇာနည်အဖြစ်နှင့် ပေါ်ထွက်လာပါသည်။

အနော်ရထာမင်းသည် ခရစ်နှစ်–၁၀၄၄ခုတွင် နန်းတက်ပြီးသည့်နောက် ၁၀နှစ်အတွင်းတွင် မြန်မာနိုင်ငံတဝှမ်းလုံးကို စည်းလုံးညီညွတ်အောင်ဆောင်ရွက်ပြီး ပထမအကြိမ် စည်းလုံးမိသော မြန်မာနိုင်ငံကို ထူထောင်ခဲ့သည်။ အနော်ရထာမင်းနန်းတက်ချိန်တွင် တိုင်းသူပြည်သားများသည် မဟာယာနဗုဒ္ဓဘာသာ ရောနှောနေသော နတ်ကိုးကွယ်မှု အယူဝါဒကို လက်ခံနေကြသည်။

သထုံမှ ရှင်အရဟံမထေရ် ကြွလာမှ ထေရဝါဒဗုဒ္ဓဘာသာစစ်စစ် ပုဂံကိုရောက်လာသည်။ နောင်အခါ ပုဂံပြည်သည် ထေရဝါဒ၏ ဗဟိုအချက်အခြာဖြစ်လာသည်။ ဘုရားများကို တည်ထားကိုးကွယ်ကြသည်။ ရဟန်းတော်များကလည်း ထေရဝါဒကျမ်းများကိုလေ့လာသင်ကြားခဲ့ကြသည်။

အနော်ရထာမင်းကို ဆက်ခံသည့်ပုဂံမင်းများက ၁၂–ရာစုအတွင်း သီဟိုဠ်ဗုဒ္ဓသာသနာ ပြန်လည်တည်ထောင်ရာတွင် အကူအညီအထောက်အပံ့ ပေးကြသည်။ ဤသို့နှင့် မြန်မာပြည်နှင့် သီဟိုဠ်ကျွန်းတို့သည် ထေရဝါဒ ဗုဒ္ဓသာသနာ၏ ဗဟိုအချက်အခြာ ဌာနကြီးများ ဖြစ်လာခဲ့သည်။

၁၃ရာစုနှစ်များအတွင်းတွင် ယိုးဒယားနိုင်ငံသည် ထေရဝါဒဗုဒ္ဓသာသနာတော်၏ ဗဟိုအချက်အခြာ တစ်ခုအဖြစ် တိုးလာသည်။ ဤသို့နှင့်သီဟိုဠ်မြန်မာနှင့် ယိုးဒယားနိုင်ငံတို့သည် သမရိုးကျ ထေရဝါဒ ဗုဒ္ဓသာသနာတော်ကြီးကို စင်ကြယ်သန့်ရှင်းစွာ ယနေ့တိုင် ထိမ်းသိမ်းထားလျှက်ရှိသည်။

## သမိုင်းဝင်အထောက်အထားများ

ဗုဒ္ဓဘာသာ သာသနာသည် ခရစ်မပေါ်မီ–၆ရာစုကာလက စတင်ပေါ်ပေါက်ခဲ့၏။ သို့သော် အာသောကမင်းတရားလက်ထက်အထိ သမိုင်းဝင် အထောက်အထား မကျန်ခဲ့ပေ။

အာသောကမင်း (၂၇၃–၂၃၂ဘီစီ) အိန္ဒိယနိုင်ငံ၌ အုပ်စိုးစဉ် ကျောက်စာတိုင်များစိုက်ထူ၍ ကျောက်စာများကို ရေးထားခဲ့၏။ ကျောက်စာတို့တွင် **dharma** ဓမ္မဆိုသောစာလုံးများပါရှိ၏။ ထိုပြင်သူကိုယ်တိုင် ဘုရားဖွားမြင်တော်မူရာအရပ်သို့ ဘုရားဖူးထွက်ခဲ့သည့် မှတ်တမ်းရှိ၏။ စေတီပုထိုး အဟောင်းကိုပြုပြင်ခြင်း အသစ်တည်ဆောက်ခြင်းမှတ်တမ်းများရှိ၏။ ထိုမင်းလက်ထက်တွင် တတိယသံဃာယနာတင်ပွဲကျင်းပခဲ့ကြသည်။ စေတီပေါင်း ၈၄၀၀၀ တည်ဆောက်ခဲ့သည်ဟုဆိုသည် သို့သော် ပြသစရာကျောက်တိုင်ကလွဲပြီး ကျောက်စာ–အဆောက်အဦး မကျန်ရစ်တော့ချေ။

အာသောကမင်းတရားတည်ဆောက်ခဲ့သော စေတီတော်အများစုမှာ နောင်လာနောင်သားများက အပေါ်မှထပ်အုပ်၍ ပြုပြင်မွမ်းမံပြီးခဲ့ကြပြီး အိန္ဒိယအလယ်ပိုင်း ဆန်ချီတွင်ရှိသော ၃ ၁၈ မီတာရှိသည့် ရှေးဟောင်းစေတီတစ်ဆူအား ရွှေခေတ်ရွှံ့နှင့် အုတ်များဖြင့်တည်ဆောက်ထားသည်သာ ကျန်သည်။ အာသောကမင်းကြီး၏ ဆန်ချီမှ စေတီတော်ကြီးကိုမူ ဘီစီ ၂ရာစုခေတ်ကတည်းက အထက်မှငုံ၍ ပိုပြီးကြီးမားခန့်ငြားသွားအောင် ပြုပြင်လိုက်ခဲ့ကြပြီ။ ပါကစ္စတန်နိုင်ငံ ပါရှာဝါဒေသ၌ ကနိသျှကဘုရင် (အေဒီ–၁၀၀)၏လက်ရာ–ထင်ရှားသောစေတီတစ်ဆူတော့ ကျန်နေသေးသည်။ ကနိသျှကမင်းကြီး (အေဒီ–၁၀၀)၏လက်ရာ... အပါအဝင်ဖြစ်ခဲ့သော ကုစန–ဘုရင်တို့၏အင်ပိုင်ယာ (ပထမမှတတိယရာစုခေတ်)သည် ထိုအချိန်က အာဖ ဂန်နစ်စတန်၊ ပါကစ္စတန်နှင့် အိန္ဒိယမြောက်ပိုင်းထိအောင် လွှမ်းခဲ့သောကြောင့်ဖြစ်၏။

ဤနောက်ပိုင်းတွင် ပါကစ္စတန်–ဂန္ဓာရဒေသမှ စေတီပုထိုး (သေးသေး သေးသေးအများကြီး)နှင့် အရှေ့အိန္ဒိယနိုင်ငံဒေသမှ စေတီငယ်တို့မှာပြစရာ ရှေးကျသော့အဆောက်အဦးများ ဖြစ်ကြသည်။ စေတီပုထိုးများနှင့်အတူရဟန်းတော်များ သီတင်းသုံးတော်မူရာ ကျောင်းတော်ရာများကိုလည်း မြင်တွေ့နိုင်ပါသေးသည်။

ပါကစ္စတန်ဂန္ဓာရဒေသမှ ဗုဒ္ဓရုပ်ပွားတော်များမှာ ကျောက်ဆစ်လက်ရာပြောင်မြောက်၏။ ရှေးကျ၏ ထို့ကြောင့်ဤဒေသမှ ဗုဒ္ဓ ရုပ်ပွားတော် တော်တော်များများသည် ယခုကမ္ဘာတဝှမ်းလုံးရှိ ပြတိုက်ကြီးများ၌ နေရာယူလျှက်ရှိကြသည်။





ရှင်အရဟံရုပ်တုတော်နှင့် ကျန်စစ်မင်း ရုပ်တုတော်ဟု အစဉ်အလာ ယူဆလျှက် ရှိကြသည်



ပုဂံမြို့အာနန္ဒာစေတီတော်

ဘုရားကြီး၏ လိုဏ်အတွင်း အနောက်ဘက်မျက်နှာ ဂေါတမဘုရားကြီး၏ ခြေတော်ရင်း ဝဲ-ယာတွင်ရှိ ရုပ်လုံးတော် ၂–ဆူကို



သထုံဘုရင် မနူဟာမင်း ပုဂံမြို့၌အကျဉ်းကျနေစဉ် တည်ထားခဲ့သော ဗုဒ္ဓရုပ်ပွားတော် (အနေအထိုင် ကျဉ်းကြပ်နေသောသဘောကိုဆောင်သည်)

မနူဟာမင်းနှင့်မိဖုရားကြီး






# ဘုရားရှင်၏ဓါတ်တော်မွေတော်များ

ဘုရားရှင်ပရိနိဗ္ဗာန်ပြုပြီး ကျန်ရှိသော ဓါတ်တော်မွေတော်များအနက် အောက်ပါတို့မှာ အထောက်အထားရှိသော ဓါတ်တော်မွေတော်များဖြစ်ကြပါသည်။

(၁) ပါရှဝါဓါတ်တော်များ
(၂) ဆမ်ချီစေတီနှင့် အဂ္ဂသာဝကနှစ်ပါး၏ဓါတ်တော်များ
(၃) တရုတ်ပြည်မှ ဗုဒ္ဓစွယ်တော်
(၄) သီဟိုဠ်ကျွန်းမှ ဗုဒ္ဓစွယ်တော်

## မြန်မာနိုင်ငံရောက် ဗုဒ္ဓမြတ်စွာ၏ ပက်သျှဝါ ဓါတ်တော်

ယခုခေတ်တွင် ပါကစ္စတန်ပြည် အနောက် မြောက်ပိုင်းပန်ဂျာဗ်နယ်၌ တည်ရှိ၍ ထင်ရှားသော မြို့တမြို့ပင်ဖြစ်လျက် ဟိန္ဒီဘာသာဖြင့် "ပေသျှဝရ" ဟုလည်းကောင်း၊ အင်္ဂလိပ်ဘာသာဖြင့်[PE SHA WAR] ဟု လည်းကောင်း၊မြန်မာတို့က (ပါသျှဝါ၊ပက်သျှဝါ)ဟု လည်းကောင်း ခေါ်နေကြသော မြို့တွင် ထီးနန်းစိုးစံခဲ့၍ ရာဇဝင်တွင် ထင်ပေါ်ကျော်ကြားခဲ့သော (ကနိသျှကမင်း) တည်ထားခဲ့သော စေတီတော်ကြီးအတွင်းမှ ဓါတ်တော်များကို တူးဖော်ရရှိခဲ့သည်။

## စေတီတော်ကြီးသမိုင်း

ကနိသျှကမင်းသည် "ဗုဒ္ဓဘာသာဆရ်ဗာဆတိဝါဒီ" ဂိုဏ်းသာသနာပြု ဒါယကာ မင်းတပါး ဖြစ်ခဲ့သည်။ ၎င်းသည် ခိုတန်ပြည်မင်း " ဝိဇယကိတ္တိ " နှင့် ပူးပေါင်းပြီးလျှင် ဘာရတနိုင်ငံ အလယ်ပိုင်းကို ဝင်ရောက် တိုက်ခိုက်ခဲ့ရာ အောင်နိုင်ခဲ့ပြီးလျှင် ပါဋလိပုတ်မှ ဗုဒ္ဓဘာသာပညာရှိ ကျမ်းပြု ပုဂ္ဂိုလ်ကျော် "အဿဃောသ" ကို အတူခေါ်ဆောင်လာခဲ့သည်။

ထိုမင်း၌ အာယုဗ္ဗေဒကျမ်းပြု ဆေးဆရာကြီး စရက သည်လည်း အတိုင်ပင်ခံ (သဘာဝင်) ပုဂ္ဂိုလ်တစ်ယောက်ဖြစ်ပေသည်။ ထိုဆရာကြီး၏ စေခိုင်းတိုက်တွန်းမှုဖြင့်ပင် ကသ္မီရပြည် ဇာလန္ဓရမြို့၌ သာသနာနှစ်(၆၄၀)ခန့် ခရစ်နှစ်(၁၀၀)ခန့်လောက်က "ဗုဒ္ဓဘာသာဝင်အဖြစ်သို့ပြောင်းခါ" "စတုတ္ထသံဂါယနာ" တင်ခဲ့ပေသည်။

တရုတ်ဘုန်းတော်ကြီး ဖာဟီရန် မှတ်တမ်းအရ "ကနိသျှကမင်း" တည်ထားခဲ့သော စေတီတော်ကြီးကို ၎င်းတို့ရောက်စဉ်က ဖူးတွေ့ရသည်မှာ ကြီးကျယ်ခမ်းနားလှကြောင်း စေတီတော်ဝန်းမှာ (၂) ဖာလုံခန့်ရှိပြီး ဉာဏ်တော် အမြင့်ပေ (၄၀၀) မှ (၇၀၀) အထိ တွက်ဆကြောင်း။ ဘုံဆင့်မှာ (၁၃)ဆင့် ရှိပြီး အောက်ခြေ၌မ ကျောက်သားအတိဖြစ်၍ အပေါ်ဆင့်ပြာသာဒ်မှာမူ သစ်ဖြင့် ဆောက်လုပ်ထားပြီးလျှင် ရွှေစစ်ထီးများ အထပ်ထပ် တင်လှူထားသည်များကို တွေ့ခဲ့ရသည်ဟု ၎င်းတို့မှတ်တမ်းတွင် ပါရှိပါကြောင်း ဖြင့်ကျောက်စာဝန် "မစ္စတာမာရှယ်"က အိန္ဒိယ ဘုရင်ခံချုပ်ထံ ဤစေတီတော်ကြီး တည်ထားခဲ့ပုံကို တင်ပြ အစီရင်ခံခဲ့သည်။

ခရစ်သက္ကရာဇ် ၁၈၆၀ခုနှစ်ကစ၍ အိန္ဒိယနိုင်ငံကျောက်စာမင်းကြီး ဂျင်နရယ်ကန်နင်ဟန် (General Cunningham) လက်ထက် "ရှာဟ်ဂျီဒေရီ" ကုန်းမြေကို ဂရုတစိုက် လေ့လာခဲ့ကြပြီး ထိုကုန်းမြေကို တူးဖော်ခဲ့လေသည်။ သို့သော်မအောင်မြင်ပေ။


ပြင်သစ်လူမျိုး အမ်-ဖူးခြား (M Foucher) သည် ရှာဟ်ဂျီဒေရီ ကုန်းကို ပင်ထပ်မံ၍ အထပ်ထပ်လေ့လာပြီးလျှင် ၎င်း၏ညွှန်ကြားချက်အတိုင်း ခရစ်သက္ကရာဇ်၁၉၀၇-ခုနှစ်လောက်တွင် အိန္ဒိယနိုင်ငံကျောက်စာဌာနမှ ကျောက်စာဝန်ဒေါက်တာစပူးနား ကြီးမှူး၍တူးဖော်ခဲ့ရာ ၁၉၀၈-ခုနှစ်တွင် ထိုစေတီတော်ကြီးမှာ အိန္ဒိယနိုင်ငံတွင် အကြီးကျယ်ဆုံးစေတီအမျိုးအစား ဖြစ်သည်ကို တွေ့ရှိ ဖူးမြော်ကြရသည့်ပြင် ထိုစေတီတော်အတွင်းမှ ဗုဒ္ဓမြတ်စွာ၏ ဓါတ်တော်မြတ်များကိုလည်း ရရှိခဲ့ကြလေသည်။

## အိန္ဒိယမှ မန္တလေးသို့ပင့်ဆောင်ခဲ့ခြင်း

အိန္ဒိယပြည် "ပေသျှဝါမြို့" မှ တွေ့ရှိခဲ့သော ဘုရားရှင်၏ သာရီရိက အစစ် "ဓာတ်တော်" များကို မြန်မာပြည် ဘုရင်ခံမင်း "ဆာ,သာကယ်ဗိုက် [SLR. THIRKEKL]၏ ကူညီတင်လျှောက် ထောက်ခံပေးချက်ဖြင့် အိန္ဒိပြည်ဘုရင်ခံချုပ် "လက်မင်တို" သည် မြန်မာနိုင်ငံ မန္တလေးသို့ ပင့်ယူရန် ခွင့်ပြုချက်အရ- မြန်မာပြည်မှ ကိုယ်စားလှယ်တော်များဖြစ်ကြသော (၁) သားတော် ပျဉ်းမနားမြို့စား မင်းသားကြီး။ (၂) မင်းတိုင်ပင်အမတ်ဦးဘတူ။ (၃) ကျောက်စာဝန် မစ္စတာ တော်စိန်ရီ။ (၄) မဟာမုနိ ဘဏ္ဍာတော်ထိန်းလူကြီး သမာဓိမြို့ဝန် ဦးဘေ။ (၅) မြို့နီစပယ်လူကြီးသမာဓိမြို့ဝန်ရွှေပြည်မောင်မောင်ကလေး တို့သည် ကလကတ္တားသို့ သွားရောက်၍ အိန္ဒိယဘုရင်ခံချုပ်မင်းက ချီးမြှောက်ပေးအပ်လိုက်သော ဓာတ်တော်များ ကိုမူလကြုတ်တော်နှင့် ပင့်ဆောင်ခဲ့ရာ (၁၂၇၁)ခုနှစ် နှောင်းတန်ခူးလဆန်း(၁၃)ရက်၊ (၂၂-၃-၁၀)နေ့တွင် ရန်ကုန်သို့ရောက်ရှိ၍ ရန်ကုန်၌ (၅)ရက်တိုင် အပူဇော်ခံထားပြီးလျှင် ၎င်းလပြည့်ကျော်(၄)ရက်၊ (၂၂-၃-၁၀) နေ့တွင် မန္တလေးမြို့သို့ ရောက်၍ တောင်ပြင်စိတြမဟီရပ် "ကြေးမြင်မိဖုယား" အိမ်ဝင်းတော်ရှိ တန်ဆောင်းတော်၌ ခေတ္တထား ပြီးလျှင် "မဟာမုနိဂန္ဓကုဋီ"တိုက်အတွင်း အပူဇော်ခံထားခဲ့သည်။

ဦးခန့်ရသေ့ကြီးသည် ဓာတ်တော်ကို လုံခြုံစွာနှင့် ခမ်းခမ်းနားနား ပူဇော်ရန် မန္တလေးတောင်ပေါ်၌ ဓာတ်တော်တိုက်ကြီးကို ဆောက်လုပ်ပြီးသော အခါတွင် (၁၂၈၅)ခု သီတင်းကျွတ်လဆန်း (၁၅)ရက် ဗုဒ္ဓဟူးနေ့ (၁၁)နာရီအချိန်တွင် မဟာမုနိဘုရားမှ ကြီးကျယ် ခမ်းနားစွာသော အဆောင်အယောင်များနှင့် ပင့်ဆောင်လျှက် ဓာတ်တော်တိုက်ကြီးအတွင်း ထည့်သွင်းပူဇော်ထားခဲ့သည်။ မန္တလေးတောင်တော် ဗျာဒိတ်ဘုရားကြီးအနီး -ဆုတောင်းရမှ တောင်ဆောင်းတန်း လမ်းအတိုင်းဆင်းသော် အိန္ဒိယပြည် "ပေသျှဝါမြို့"မှ ရရှိသော ဗုဒ္ဓသာရီရိက ဓာတ်တော်စစ်များ ကိန်းဝပ် စံပယ်တော်မူခဲ့သော ခန့်ညားထယ်ဝါ သာယာပေသည့် (၉)ခန်း ပတ်လည်ရှိ အုပ်ပြာသာဒ်တန်ဆောင်းကြီးသို့ ရောက်သည်။ "ဗုဒ္ဓသာရီရိက" ဓာတ်တော်များထားရှိခဲ့သည်ကိုစွဲ၍ "ဓာတ်တော်တိုက်"ဘုရား ဟုတွင်သည်။ အုတ်တိုင်ကြီးများ၌ ဓာတ်ကြီးဆယ်ဘွဲ့ သရုပ်ဖော် ပန်းချီကားများကိုလည်း ရေးဆွဲထားသည်။ ဂန္ဓကုဋီတိုက်အတွင်းဝယ် ယခင်က ဓာတ်တော်များကို ထည့်ထားပူဇော်ခဲ့ပြီးသော်လည်း ရသေ့ကြီးလက်ထက် တချိန်က လူမသမာတစုတို့၏ ဖောက်ထွင်းခိုးယူမှု ရှိခဲ့ရာမှ ဓာတ်တော်များ ပါမသွားပဲ လှူဒါန်းထားသော "တကြိုပ္ပာဒ"ဝတ္ထုပစ္စည်း ကျောက်မျက်ရတနာ အချို့သာပါသွားခဲ့သည်။ ထိုအခါမှစ၍ ဤနေရာဌာန၌ မထားတော့ပေ။ ယခုအခါ လုံခြုံသည့်ဌာနတွင် သိမ်းဆည်းထားပြီး နှစ်စဉ်တပို့တွဲလပြည့် "တောင်တော်ပွဲတော်ချိန်"မှသာ ညော်ခံမဏ္ဍပ်တွင်း၌ (၃)ရက်တိုင် အပူဇော်ခံထားရှိသည်။





ပေသျှဝါမြို့မှ တူးဖော်ရရှိခဲ့သော ဓာတ်တော်နှင့် ကြုတ်များပုံ။

**ကမ္မဝါစာ**

ကမ္မဝါစာ = ရဟန်းသင်္ဃာများ
ဝိနည်းကံဆောင်သည့်အခါ အများသဘောတူညီချက်ရစေရန် ရွတ်ဖတ်အပ်သော စကားဝါကျများဖြစ်သည်။

အသုံးများသော ကမ္မဝါစာအမည်တို့မှာ-

၁။ ဥပသမ္ပဒကမ္မဝါစာ ရဟန်းခံရန်
၂။ ဒွန္ဒဥပသမ္ပဒ = ရဟန်းနှစ်ပါးအများရဟန်းခံရန်
၃။ ဥပေါသထ = ဥပုသ်ကံပြုရန်
၄။ ပဝါရဏာ = ပဝါရဏာကံပြုရန်
၅။ ကထိနတ္ထာရ = ကထိန်ခင်းရန်
၆။ ကထိနုဒ္ဓါရ = ကထိန်နုတ်ရန်
၇။ သီမာသမူဟနန = သိမ်နုတ်ရန်
၈။ သီမာသမ္မုတိ = သိမ်သမုတ်ရန်

စသည်တို့ ဖြစ်ကြပါသည်။

မန္တလေးတောင်တော် ဓါတ်တော်တိုက်



## The Peshawar Relics

Gautama Buddha died at the age of 80 in Kusinara, India, the apparent victim of tainted meat unknowingly brought to him by a smith named Chundra. The smith was consoled by the fact that his gift had started the Buddha on his transition to nirvana, and this would be to the advantage of his karma.

As Gautama did not leave instructions regarding disposal of his body, the Buddha's followers elected to cremate it. When only his bones remained, a violent downpour extinguished the flames. The Mallas of Kusinara took possession of the remains, and refused to share them with neighboring kings until the threat of war arose. Only then did they divide the bones equally among eight monarchs to be enshrined in stupas across the country.

When King Ashoka extended his powerful reign over India some three centuries later, he ordered the relic chambers of the eight stupas opened, and their contents distributed among the 80,000 stupas of South and Southeast Asia. He did so primarily to create more places of worship for Buddhist devotees who were spread throughout the subcontinent.

King Kanishka, the second great Buddhist king of the Kushan dynasty, had some of the Buddha relics brought to Peshawar, and built a 168-meter (551-foot) high stupa for them. The Chinese traveler Hiuen Tsang provided a marvelous description of the stupa in 630 A.D., but it was apparently destroyed by Moslem conquerors following the Battle of Hund in the 11th Century. It remained for the curator of the Peshawar Museum, conducting excavations at the Ganji Gate in 1908, to unearth the fabled Kanishka relic casket. Inside the casket he found a crystal vessel containing three bones of the Buddha. As these relics were of little importance to the Islamic peoples of northwest India, the British government presented them to the Burmese Buddhist Society.

The Burmese built a temple for the relics halfway up Mandalay Hill. It is surprising that, although the verity of the relics is confirmed by the inscription on the Kanishka casket, these relics are accorded relatively little esteem in Burma. Others, including the seemingly countless teeth of the Buddha enshrined in many stupas, are highly venerated.







ရှေးကျသောဓါတ်တော်ကြုတ်များ




↖ စေတီဌာပနာတိုက်မှ ဂန္ဓာရ ပထမရာစုခေတ်

← ဌာပနာကြုတ်ဂန္ဓာရ ပထမရာစုခေတ်
ကနစ်ရှကမင်းကြီးခေတ် ဓါတ်တော်ကြုတ်
အေဒီ၁၀၀ ပါသျှဝါမှတူးဖော်ရရှိသည်။ ↑



စေတီပုထိုး ရုပ်ပွါးတော်တို့ မပေါ်ပေါက်မီကာလက ဗုဒ္ဓဘာသာဝင်တို့ ကိုးကွယ်ရာစေတီအစ
အေဒီ ၃ရာစုခေတ် ဌာပနာ တိုက်မှ




ဘဲငန်းပုံသဏ္ဌာန်ဓါတ်တော်ကြုတ်
အေဒီ ၁ရာစုခေတ်
ဂန္ဓာရတက္ကသီလာ





အိန္ဒိယနိုင်ငံ စေတီဟောင်းတစ်ဆူမှ တူးဖေါ်ရရှိသော ဓါတ်တော်ကြုတ်

ရှေးစေတီဟောင်းတစ်ဆူမှ တူးဖေါ်ရရှိသော ဌာပနာတိုက်အတွင်းမှ ရွှေတိုရွှေစများ



# တရုတ်နိုင်ငံမှ ဗုဒ္ဓစွယ်တော်မြတ်

အနော်ရထာမင်းစောလက်ထက်က

တရုတ်ပြည် ဦးတည်ပွားမင်းထံမှ ဗုဒ္ဓစွယ်တော်ကို ရရှိရန်ကြိုးစားခဲ့သည်ကို စာရှုသူဘို့ကြားဘူးပါလိမ့်မည်၊


တရုတ်နိုင်ငံမှ စွယ်တော်ကို မူလက ပီကင်းမြို့တော် အနောက်ဖက်တောင်ကုန်းကလေးပေါ်ရှိ ဗုဒ္ဓရုပ်ပွားတော် တစ်ထောင် **One Thousand Painted Buddhas**–ဘုရားကျောင်းတွင် ထိန်းသိမ်းထားရှိကြသည် ဤဘုရားကို ၁၀၇၁–ခုနှစ်ကတည်ဆောက်ခဲ့သည် ၁၉၀၀–ပြည့်နှစ်တွင် စစ်ကာလ၌ ဤကျောင်းတော်မှာ ပြာကျခဲ့ရသည်၊

ဤစွယ်တော်ကို တရုတ်ဘုန်းတော်ကြီး ဖာဟီယာန်က အိန္ဒိယမှ တရုတ်ပြည်ကို ပင့်ဆောင်ခဲ့သည်ဟု အဆိုရှိသည်၊

၁၉၀၀-ခုနှစ်၌ နယ်ချဲ့စစ်တပ်က ပီကင်းမြို့တော်ကိုဝင်စဉ်ကာလ ဘုံဆယ်ဆင့်ရှိ ရှမ်မြောက်ပုံသဏ္ဍာန် စေတီပျက်တစ်ဆူ "ဗုဒ္ဓရုပ်စုံတစ်တောင်စေတီ"ကို တူးဖော်ကြရာကစန္ဒကူးသေတ္တာတွင်းမှ ဗုဒ္ဓစွယ်တော်ကို ပြန်လည် ရရှိခဲ့သည်။

မြန်မာနိုင်ငံသို့တရုတ်ဗုဒ္ဓဘာသာအသင်းကိုယ်စားလှယ်တော်အဖွဲ့ပြေလာခရက်၁၉၅၅က အလည်ရောက်ခဲ့သည် မြန်မာနိုင်ငံမှ ဗုဒ္ဓဘာသာကိုယ်စားလှယ်အဖွဲ့ကလည်း တရုတ်နိုင်ငံသို့ အောက်တိုဘာလ ၄–၁၉၅၅–တွင် သွားခဲ့သည် တရုတ်နိုင်ငံဝန်ကြီးချုပ် ကိုယ်တိုင် လက်ခံတွေ့ဆုံခဲ့သည်။

ထိုစဉ် ကွမ်ချီ ဘုရားကျောင်းတော်ရှိ ဗုဒ္ဓစွယ်တော်ကို မြန်မာနိုင်ငံသို့ ခေတ္တသယ်ဆောင်ပူဇော်မှုခံယူရန် သဘောတူညီတူရခဲ့သည်။







မြက်စွယ်တော်ကိန်းဝပ်ရာ ဗုဒ္ဓတစ်ထောင် စေတီတော် ပေါင်း။






ယနေ့ဗုဒ္ဓစွယ်တော်ကို ထိန်းသိမ်းထားရှိသော ပီကင်းမြို့ ကွမ်ချီ **Kwang Chi** ကျောင်းတော်။ ဤကျောင်းတော်ကို ကင်းမင်းဆက်ခေတ် (၁၁၁၅-၁၂၃၄)နှစ်များက တည်ဆောက်ခဲ့သည်၊ ဤကျောင်းတော်မှာ တရုတ်နိုင်ငံ ဗုဒ္ဓဘာသာ အသင်းဌာနချုပ်လည်းဖြစ်သည်၊








ဗုဒ္ဓမြတ်စွယ်တော် တိုက်ဟောင်း၌ ယေဓမ္မာ ဟေတုပ္ပဘဝါ အစချီ ဂါထာကို တိဘက်၊ ပါဠိ၊ သက္ကဋ၊ တရုတ် လေးဘာသာဖြင့်ရေးထိုးထားသော ကျောက်စာချပ်များ။ (ဝဲဘက်ပုံများ)

စွယ်တော်မြတ်သိမ်းဆည်းရာနံ့သာကြုတ်။ (အောက်ပုံ)





တရုတ်ပြည်ရောက် ဗုဒ္ဓ စွယ်တော်မြတ်အား ရွှေအလေးချိန် ၉၃ ပိဿာရှိ စွယ်တော်စေတီပယ်အတွင်း ကျောက်မျက်ရတနာများ စီခြယ်ထားသည့် ရွှေကြာကလပ်၌ ဖူးတွေ့ရပုံ






ယခုအခါ ဗုဒ္ဓစွယ်တော်ကို (**KWANGCHI**)ကွမ်ချီဘုရားကျောင်းတွင် ရတနာခုနစ်ပါးဖြင့် တန်ဆာဆင်ထားသော ရွှေဘုရားဆောင်၌ ရွှေကြာကလပ်ပေါ်တင်ပြီး ထိန်းသိမ်းထားရှိသည်။



စွယ်တော်ကို မူလသိန်းသိမ်းထားရှိရာ မီကင်းမြို့မှ
ဗုဒ္ဓရုပ်ပွားတော် တစ်ထောင် ဘုရားကျောင်းတော်ဟောင်း
နေရာကို ယနေ့မြင်တွေ့ရပုံ။



ဗုဒ္ဓဘာသာအဖွဲ့ခေါင်းဆောင် ဦးသိမ်းမောင်က ကွမ်ချီဘုရား
ကျောင်း ဗုဒ္ဓစွယ်တော် လက်ခံပူပွဲ၌ စကားပြောကြားနေစဉ်






↑ စွယ်တော်မြတ်ကို မြန်မာနိုင်ငံသို့ ခေတ္တပင့်ဆောင်လာကြစဉ်
နိုင်ငံတော်သမ္မတကြီး ဒေါက်တာ ဘဦးနှင့် ဝန်ကြီးချုပ်တို့ကိုယ်တိုင်
ကြိုဆိုခဲ့ကြသည်။

၁၉၅၅-အောက်တိုဘာလ ၁၅-ရက်နေ့က ရန်ကုန်မြို့သူမြို့သားများ
ဗုဒ္ဓစွယ်တော်ကို ကြိုဆိုကြစဉ်ကာလ။ ↓





# သီရိလင်္ကာကျွန်းမှ ဗုဒ္ဓစွယ်တော်

မလ္လာမင်းတို့နိုးစံရာ ကုသိနာရုံပြည်၌ ဗုဒ္ဓရှင်တော်ဘုရား ပရိနိဗ္ဗာန်စံလွန်တော်မူလေရာ၊ ရာဇဂြိုဟ်ပြည် အဇာတသတ်မင်းအမှူးရှိသော ရှစ်ပြည်ထောင်သော ဗုဒ္ဓသာသနာဝင်ဘုရင်တို့သည် ဓာတ်တော်များကို တောင်းဆိုလာသဖြင့် ဘုရင်တို့၏ ဆရာဖြစ်သော ဒေါဏပုဏ္ဏားကြီးသည် စွယ်တော်မြတ်လေးဆူ အပါအဝင်ဓာတ်တော်တို့ကို အညီအမျှပြု၍ ခွဲဝေပေးလေသည်။

ယင်းသို့ ဓာတ်တော်ဝေရာ၌ ဒေါဏပုဏ္ဏားကြီးသည် မြတ်စွာဘုရားသခင်၏ လကျာ်အထက်စွယ်တော်ကို အမှတ်မဲ့ယူငင်ကာ မိမိ၏ ဆောင်းထုတ်အကြား၌ ဝှက်ထားလေသည်။ ဤသည်ကို သိကြားမင်းက သိလေသဖြင့်၊ တာဝတိံသာ နတ်ပြည်သို့ ပင့်ဆောင်ကာ ရှဋ္ဌာမဏိစေတီတော်၌ ဌာပနာ၍ကိုးကွယ်၏။ ဒေါဏပုဏ္ဏားကြီးသည် လကျာ်အထက်စွယ်တော်ကို ဝှက်ရုံမကသေး၊ လကျာ်အောက်စွယ်တော်မြတ်ကိုလည်း ခြေဖျားစွန်းဖြင့်နင်း၍ ဝှက်ထားသည်ဟုဆိုသည်။ နဂါးပြည်မှ နဂါးမင်းသည် ပူဇော်ကန်တော့ရန်ရောက်လာ၏။ ဒေါဏပုဏ္ဏားဝှက်ယူထားသော လကျာ်အောက်စွယ်တော်ကို မြင်လတ်၍၊ နဂါးမင်းသည် တန်ခိုးဖြင့် နဂါးပြည်သို့ ပင့်ဆောင်ပြီးလျှင်၊ ကြီးကျယ်မေးနားစွာ ကိုးကွယ် လေသည်။ နောင်အခါတွင် သီဟိုဠ်ကျွန်း ကာကဝဏ္ဏတိဿမင်းကြီး လက်ထက် မဟိန္ဒအမည်ရှိ မထေရ်သည် ထိုလကျာ်အောက်စွယ်တော်ကို နဂါးပြည်မှပင့်ဆောင်၍ သီဟိုဠ်ကျွန်း၊ သေရူမြို့ အဘယမင်းထံ အပ်နှံပြီးလျှင် သေရတောင်ကြား၌ စေတီတည်ကာ ဌာပနာ၍ကိုးကွယ်၏။

ထိုပြင်လည်း ဒေါဏပုဏ္ဏားကြီးသည် လက်ဝဲ အထက်စွယ်တော်မြတ်ကို အပေါ်ရုံအဝတ် အကြား၌ ဝှက်ယူထားသည်ဖြစ်ရကား၊ ဂန္ဓာရတိုင်းသား ရဟန်းတော်တပါးသည် သိမြင်တော်မူသဖြင့်၊ ပုဏ္ဏားကြီးမသိမမြင်အောင် ယင်းစွယ်တော်ကို ပင့်ဆောင်ကာ၊ မိမိနေထိုင်ရာ ဂန္ဓာရတိုင်း၊ စေတီ[illegible] တောအုပ်၌ စေတီတည်ထား၍ ကိုးကွယ်လေသည်။

သီဟိုဠ်ကျွန်း၌ ရှေးဦးစွာ တည်ထောင်သော ဝိဇယာဘာဟုမင်းမှစ၍ ၆၆ ဆက်မြောက်သော ကိတ္တိသိရိမေဃ မင်း၏ လက်ထက်တော်၌ သာသနာတော် ၈၃၀ ပြည့်နှစ်တွင် ကာလိင်္ဂရာဇ်ပြည်မှ စွယ်တော်သည် သီဟိုဠ်ကျွန်းသို့ရောက်၏။ ရောက်ရှိပုံကား ဤသို့တည်း။


ဗုဒ္ဓမြတ်စွာဘုရား၏ အလောင်းတော်ကို မီးသဂြိုဟ်၍ မီးဟုန်းဟုန်း လောင်မြိုက်နေစဉ်၊ ရှင်သာရိပုတ္တရာ၏ တပည့် ခေမအမည်ရှိသော ရဟန္တာမြတ်တပါးသည် စန္ဒကူးနံ့သာ ထင်းပုံထဲမှ လက်ဝဲ အောက်စွယ်တော်ကို ပင့်ဆောင်ယူကာ၊ ကာလိင်္ဂတိုင်း၊ ဒန္တပုရမြို့အရှင်၊ ဗြဟ္မဒတ်မင်းအား ခံယူစေလျက် ကိုးကွယ် ပူဇော်လေသည်။ ထိုကာလိင်္ဂတိုင်း ဗြဟ္မဒတ်မင်းမှသည် သားစဉ်မြေးဆက် မပြတ်ဘဲ၊ ကိုးကွယ်လာခဲ့ကြရာ၊ ဂုဟာသီဝမင်း လက်ထက်၌ စွယ်တော်ကို အကြောင်းပြု၍ စစ်ပွဲများစွာ တိုက်ခိုက်ကြရလေသည်။ စွယ်တော်ကို အသက်ပေး၍ ကြည်ညိုလျက်ရှိပေသော ဂုဟာသီဝမင်းသည် ခီရဓာရမင်း၏ တူတော်များနှင့် နောက်ဆုံးအကြိမ် တိုက်ခိုက်ရသည့်စစ်ပွဲသို့ မထွက်မီကပင်၊ သမီးတော် ဟေမမာလာနှင့် တူတော်ဒန္တကုမာရ ဇနီးမောင်နှံ နှစ်ဦးတို့အား အကယ်၍စစ်ရှုံးသွားပါက၊ စွယ်တော်မြတ်ကို တိတ်တဆိတ် ပင့်ဆောင်လျက် သီဟိုဠ်ကျွန်း မဟာသေနမင်းထံ အရောက်သွားကြရန် စီမံထားခဲ့လေသည်။ ဂုဟာသီဝမင်း ကျဆုံးသည်နှင့် တပြိုင်နက် သမီးတော်နှင့် သမက်တော်တို့လည်း စွယ်တော်ကို ပင့်ဆောင်ကာ ထွက်ပြေး တိမ်းရှောင်ခဲ့ကြပြီးနောက် သီဟိုဠ်ကျွန်း၊ အနုရာဓမြို့တော်သို့ ပင်ပန်းကြီးစွာနှင့် ရောက်လာကြလေသည်။ သို့သော် ထိုအခါ၌ မဟာသေနမင်းတရားကြီးကား နတ်ရွာစံလွန်တော်မူခဲ့ပြီ ဖြစ်သဖြင့် သားတော် ကိတ္တိသိရိမေဃဝဏ္ဏဘုရင် နန်းတက်လျက်ရှိလေပြီ။ ထိုမင်းလည်း စွယ်တော်တိုက်ကြီး ဆောက်လုပ်ပူဇော်လေသည်။ သီဟိုဠ်တွင် ပဌမဆုံး ဆောက်လုပ်ကိုးကွယ်သော ကိတ္တိသိရိမေဃဝဏ္ဏမင်း၏ အဆိုပါစွယ်တော်တိုက်ကြီးမှာ၊ ယခုအခါ အနုရာဓမြို့ ထူပါရုံစေတီတော်၏ အရှေ့ဖက် တဖာလုံခန့်တွင်ရှိ၏။

သီဟိုဠ်ကျွန်းတွင် အဆိုပါကိတ္တိသိရိမေဃဝဏ္ဏမင်းမှ ဓမ္မပါလမင်းတိုင်အောင် မင်းဆက်တရာကျော် ရှိခဲ့ပေသည်။ ထိုမင်းပေါင်း တရာကျော်တို့သည် အနုရာဓ နေပြည်တော်၌သာ စံတော်မူခဲ့ကြသည် မဟုတ်ပေ။ မြန်မာနိုင်ငံ၌ သရေခေတ္တရာ၊ ပုဂံ၊ မြင်စိုင်း စစ်ကိုင်း၊ ပင်းယ၊ အင်းဝ၊ ရွှေဘိုစသည်ဖြင့် မြို့တော်များ ရွှေ့ပြောင်းစံတော်မူခဲ့ကြသကဲ့သို့ပင်၊ သီဟိုဠ်၌လည်း အနုရာဓ ပေါရဏရွဝ၊ ဂမ်ပေါလ၊ ကောတေ၊ ကန္ဒီ၊ ကိုလံဗိုစသည်ဖြင့် မြို့တော်အစဉ်အဆက် ရှိခဲ့ပေသည်။



သီဟိုဠ်မင်းတို့သည် နန်းပြောင်း၍စိုက်ရာသို့ စွယ်တော်ကို တပါတည်း ပင့်ဆောင် ကိုးကွယ်လေ့ ရှိခဲ့ကြသည်။ ထိုစွယ်တော်မြတ်ကို အချိန်အခါအားလျော်စွာ အဆက်ဆက်နေရာဌာန၊ ကိုးကွယ်သူတို့ လက်ဆင့်ပြောင်းလဲကာ ပူဇော်လာခဲ့ကြရာ၊ နောက်ဆုံးတွင် ကန္ဒီမြို့ စွယ်တော်တိုက်တွင်း ကိန်းဝပ်နေတော်မူလေသည်။


ယခုအချိန်၌ဗုဒ္ဓသာသနာဝင် သူတော်စင်အပေါင်းတို့သည် ကောင်းကျိုးချမ်းသာကို မြော်မှန်းလျက် သီဟိုဠ်ရှိ ထိုစွယ်တော်မြတ်ကို ဆည်းကပ်ရိုကျိုး ရှိခိုးပူဇော်ရန် ဘုရားဖူး



**The 'sacred tooth'** of Kandy, in Sri Lanka, is perhaps the most famous relic of the Buddha. No Sinhalese king was regarded as fully legitimate unless he had it under his protection, a belief which still has its resonances (see pl. 28). It is said to have been brought to the island in the 4th century A.D. The Portuguese who occupied Ceylon in 1505 claimed to have taken it to Goa and destroyed it, but pious Buddhists believe it miraculously saved itself. Its custody today is shared between the elected lay custodian and the heads of Kandy's two chief monasteries (*left*). The splendid ceremony held annually in its honour takes place for a week in July or August. Up to a hundred elephants, magnificently caparisoned, take part. An 18th-century painting (*right*) shows it essentially as it remains to this day. (31, 34)


သီရိလင်္ကာနိုင်ငံမှ ဗုဒ္ဓစွယ်တော်

စွယ်တော်သည် ၄-ရာစုခေတ်က သီရိလင်္ကာကျွန်းသို့ရောက်သည်။ ၁၅၀၅-ခုနှစ်၌ ပေါ်တူဂီတို့ သီဟိုဠ်ကျွန်းကို သိမ်းပိုက်ရာ စွယ်တော်ကို အိန္ဒိယနိုင်ငံ ဂိုအာ-ဒေသကိုယူဆောင်သွားပြီး ဖျက်ဆီးပစ်ခဲ့ကြသည်။ သို့သော် ဗုဒ္ဓဘာသာဝင်များက စွယ်တော်မှာ ပျက်စီးခြင်းမရှိခဲ့ဟု ယုံကြည်ကြသည်။ သီဟိုဠ်ဘုရင် အဆက်ဆက်က ရိုသေစွာ ထိန်းသိမ်းခဲ့ကြသည်။



စွယ်တော်မြတ် ကိန်းဝပ်တော်မူရာ ရတနာခြေကြုတ်





သီရိလင်္ကာနိုင်ငံ ဗုဒ္ဓစွယ်တော်လှည့်လည်ပွဲ ရှေးရိုးပန်းချီ၊
ယနေ့တိုင် ဆင်များဖြင့် နှစ်စဉ်လှည့်လည်နေကြဆဲ၊ ကမ္ဘာ့အစည်ကားဆုံးပွဲတော်တစ်ခုဖြစ်၏



သီရိလင်္ကာနိုင်ငံမှ ဗုဒ္ဓစွယ်တော်လှည့်ပွဲကို တွေ့ရှုကြပါ


သီရိဓမ္မာသောကမင်း (ဘီစီ ၂၇၃ — ၂၃၂) သည် ကလိင်္ဂတိုင်းကိုအောင်မြင်ပြီးနောက်၊ အသက်အိုးအိမ် စည်းစိမ်ဥစ္စာ အမြောက်အမြား ဆုံးရှုံးပျက်စီးကြရသည်ကို မြင်၍၊ တရားသံဝေဂ ရယူကာ စစ်ဖြင့်အောင်နိုင်ခြင်းကို စွန့်လွှတ်လျက်၊ တရားဓမ္မဖြင့် အောင်နိုင်ခြင်းသို့ ရှေးရှုခဲ့လေသည်။ ထိုမှစ၍ အိန္ဒိယနိုင်ငံတော်အဝှန်း၌ ရေတွင်းရေကန်တူးခြင်း၊ ဘုရား ပုထိုး စေတီ ဂူကျောင်းတည်ဆောက်ခြင်းအစရှိသော ဗုဒ္ဓသာသနာနှင့် စပ်လျဉ်းသည့် အမှုများကိုပြုလုပ်ခဲ့၏။ ဗုဒ္ဓသာသနာသည်လည်း မင်းကြီး၏လက်ထက်၌ တိုးတက်ထွန်းကားရှိလာခဲ့လေသည်။ ယင်းသို့ ဗုဒ္ဓသာသနာ ထွန်းကားတိုးတက်ခဲ့သည်နှင့် အမျှ၊ ဗုဒ္ဓမြတ်စွာနှင့် ဗုဒ္ဓသာသနာကို ကြည်ညိုစိတ်ထက်သန်သော သူတို့သည် အိန္ဒိယနိုင်ငံအဝှန်း၌ များစွာပေါ်ပေါက်ခဲ့လေသည်။


မြတ်စွာ ဘုရား ပရိနိဗ္ဗာန် ပြုပြီးသည့်နောက်တွင်ကား၊ ဗုဒ္ဓအယူဝါဒီတို့သည် ဘုရား၏ဓာတ်တော် မွေတော်များကိုဌာပနာ ခိုင်ခံ့လုံခြုံသော ထုပါရုံစေတီတော်ကြီးများ၌ ဌာပနာ ကြ၏။ ယင်း ထုပါရုံ စေတီတော်ကြီးများကိုလည်း ကြည်ညိုဖွယ်ဖြစ်အောင် အဆန်းတကြယ် တည်ထား ဆောက်လုပ်ခဲ့ကြလေသည်။ ဤသို့ဖြင့် သီရိဓမ္မာသောကမင်း၏စေတ်လောက်မှစ၍ ထုပါရုံစေတီတော်ကြီးများသည် ဆန်ချီရွာတဝှန်း၌ ပေါ်ထွန်းခဲ့ကြရာ၊ ထိုအကြောင်းကိုမှီ၍ ဆန်ချီရွာသည် ရာဇဝင်တွင် ထင်ရှားကျော်စော၍လာခဲ့ပေသည်။

ထုပါရုံစေတီတော်ကြီးများကို ဗိတ္တာမြစ်၏ လက်ဝဲဖက်ကမ်း၊ ပေ ၃၀၀ အမြင့်ရှိသော သဲကျောက် တောင်ကုန်းငယ်တခုတွင် တည်ထားဆောက်လုပ်ခဲ့ကြ၏။ ဆန်ချီတောင်ကုန်းပေါ်၌ကား ထုပါရုံ စေတီတော်ကြီးပေါင်း ၁၀ ဆူမျှရှိခဲ့လေသည်။ ယင်းတို့အနက် စေတီတော်ကြီး တဆူမှာ အချင်းအားဖြင့် ၁၀၃ ပေခန့်ရှိလျက်၊ ဥဘက်တော်အားဖြင့် ၄၂ ပေခန့်ရှိ၏။

ပုံပန်းမှာ အခြေ၌ ပစ္စယာ အဆင့်ဆင့်ခံထား၏။ ပစ္စယာပေါ်၌ ဥသဏ္ဍာန်စေတီပုံတည်၍၊ အထက်ဆုံး၌ အချင်း ၃၄ ပေရှိသော ပလ္လင်နှင့် ထီးတို့ရှိလေသည်။ ပစ္စယာသို့ လှေကားဖြင့်တက်ရ၏။ ပစ္စယာပတ်လည်တွင်လည်း ကျောက်လက်ရန်းရှိလေသည်။ ထုပါရုံစေတီတော်ကြီး တခုလုံး၏ပတ်လည်၌ကား အရံတံတိုင်းရှိ၏။ ယင်းတံတိုင်းလေးမျက်နှာတွင် ၁၈ ပေစီရှိသော မုတ်ပေါက်လေးပေါက်ရှိ၍၊ မုတ်ပေါက်တိုင်းတွင် တုရိုဏ်တခုစီရှိလေသည်။ ယင်းမုတ်ပေါက်နှင့်ကျောက်လက်ရန်းများ၌ကား၊ ဗုဒ္ဓမြတ်စွာ၏ ဖြစ်စဉ်များ၊ နိပါတ်တော်များကို ပန်းတမော့ပညာလက်ရာမြောက်စွာဖြင့် ကျောက်ရုပ်ကျောက်ပန်းများထု၍၊ ကျောက်စာများကိုလည်း ရေးထိုးမော်ကွန်းတင်ထားရစ်ခဲ့ကြလေသည်။

အဆိုပါ ထုပါရုံစေတီတော်ကြီးများအနက် ထုပါရုံ အမှတ် ၃ ဟု အမှတ်အသားပြုထားသော ထုပါရုံတခု၏ဌာပနာ တိုက်အတွင်းမှ ရှင်သာရိပုတ္တရာနှင့် ရှင်မောဂ္ဂလာန်တို့၏ ဓာတ်တော်များကို ၁၈၅၁ ခုနှစ်တွင်တူးပေါ် ရရှိသည်။ ထိုသို့ ရရှိသောဓာတ်တော်တို့ကို ဗြိတိသျှအစိုးရတို့က လန်ဒန်မြို့သို့ ပင့်ဆောင်၍ သွားလေသည်။ အိန္ဒိယနိုင်ငံ လွတ်လပ်ရေးရသောအခါ ဗြိတိသျှအစိုးရသည် ထိုဓာတ်တော်တို့ကို အိန္ဒိယနိုင်ငံသို့ ပြန်ပို့သဖြင့် အိန္ဒိယနိုင်ငံ အစိုးရသည် ၁၉၅၂ ခုနှစ် နိုဝင်ဘာလ ၃၀ ရက်နေ့တွင် မူလထုပါရုံအနီး၌တည် ဆောက်ထားသော ဝိဟာရအသစ်၌ ဓာတ်တော်တို့ကိုပြန်လည် ဌာပနာလေသည်။


ဖွားတော်မူခြင်း


သဗ္ဗညုတဉာဏ်တော်


ဓမ္မစကြာ


ပရိနိဗ္ဗာန်





ဆန်ချီသည် ဘိုပေါလ် နယ်အတွင်း ဘိုခဘနှင့် ဒေလီရထားလမ်း၌ တည်ရှိသည်၊ ၎င်းတွင်ရှိသော ဗုဒ္ဓအနုပညာနှင့် ဗိသုကာလက်ရာအထွဋ်တိပ်ဖြစ်သည့် စေတီတော်မုခ်ဦးများသည် အာသောကခေတ်လက်ရာများ ဖြစ်ကြသည်၊

အာသောကမင်းကြီးသည် မင်းသားဘဝက ဆန်ချီမြို့အနီးရှိ မြို့သူတစ်ဦးကို မိဖုရားတင်မြှောက်ခဲ့သည်၊ ထိုမိဖုရားမှ ဖွားမြင်သော သားတော်မှာ နောင်အခါ သီဟိုဠ်ကျွန်းသို့ သာသနာပြုရန် ကြွရောက်ခဲ့သော အရှင်မဟိန္ဒဖြစ်သည်၊

ဆန်ချီသည် ဗုဒ္ဓသာသနာပြု ဗဟိုဌာနတစ်ခုအဖြစ် ၁၁-ရာစုအထိ တည်ရှိခဲ့သည်၊ ၁၂ ရာစုတွင် မဂိုကျူးကျော်သူများ၏ လက်ချက်ကြောင့် ရဟန်းတော်များနှင့် ကျောင်းမှာပျက်စီးခဲ့သည်၊

## ဆန်ချီ၌ ဖူးမြော်သော့လာနိုင်သော ဌာနများ

က၊ ပင်မစေတီတော်ကြီး ၁–မုဒ်ဦးလေးဘက်ရှိသည်၊

ခ၊ စေတီတော်အမှတ် ၃-အရှင်သာရိပုတ္တရာနှင့် အရှင်မောဂ္ဂလာန်
ဓာတ်တော်များတွေ့ရသည်၊

ဂ၊ စေတီတော် အမှတ် ၂-ကိုးတိုင်းကိုးဌာန သာသနာပြု ရဟန္တာတို့၏
ဓာတ်တော်များ ဌာပနာရာဌာန၊

ဃ၊ စေတီတော် အမှတ်-၄

င၊ ဘုရားကျောင်းဆောင်နှင့် ဘုန်းကြီးကျောင်းများ


စ၊ ပြတိုက်


### စေတီတော်အမှတ် ၁

အကြီးဆုံးစေတီတော်၊ မုဒ်ဦးလေးခုရှိသည်၊ ဤမုဒ်ဦးများကြောင့် စေတီတော်ကြီးမှာ ခန့်ညားထည်ဝါလှသည်၊ မုဒ်ဦးကျောက်တိုင်များနှင့် ကျောက်ထုပ်များပေါ်တွင် ထုလုပ်ထားသော ဆင်၊ မြင်း၊ ဒေါင်း စသည်တို့မှာ ကမ္ဘာ့ဗိသုကာပညာရှင်များနှင့် ကျောက်ဆစ်ပညာရှင်တို့အတွက် အန့်ဩခန်းဖြစ်စေသည်၊ အာသောကမင်းကြီး ဘုရားဖူးထွက်ပုံများ ဓာတ်တော်ပင့်တော်မူပုံများကို ထုလုပ်ထားသည်၊

စေတီတော်ကြီး၏ တောင်ဖက်မုဒ်ဝ၌ အာသောက ကျောက်စာတိုင်ရှိသည်၊ အငုတ်မျှသာကျန်သည်၊ ကျောက်တိုင်၏ ခေါင်းပိုင်းမှာ ခြင်္သေ့ရုပ်ဖြစ်၍ ယခုအခါပြတိုက်အတွင်း၌ ပြထားသည်၊

ဤခြင်္သေ့ရုပ်ကို ယခုအခါ အိန္ဒိယနိုင်ငံ၏ နိုင်ငံတော် အမှတ်တံဆိပ်အဖြစ်အသုံးပြုလျက်ရှိသည်၊





အိန္ဒိယနိုင်ငံ ဘိုပေါလ်နယ်ရှိ သဥ္စီ (ဆန်ချီ) စေတီတော်

ပထမတွဲတွင်ဆေးရောင်စုံဖြင့်ဖော်ပြခဲ့ပြီး

Relic Casket, Sañchi

ဓာတ်တော်အုပ်-ဆန်ချီစေတီမှ






အိန္ဒိယနိုင်ငံ ဗိုပါးစိရင်ဝ ဆန်ချီရွာရှိ ထူပါရုံစေတီတဆူ၌ ဘုရားသာဝကတို့ ကမ်းမှ ရှင်သာရိပုတ္တရာနှင့်ရှင်မောဂ္ဂလာန် ဓာတ်တော်ကြွတ် ၂ ဆူ။

## ဘုရားရှင်၏ ဓာတ်တော်မွေတော်များ


## နှင့်

## လက်ယာတော်ရံ အရှင်သာရိပုတ္တရာ။ လက်ဝဲတော်ရံ အရှင်မဟာမောဂ္ဂလာန်

## ဓာတ်တော်များ



မြတ်စွာဘုရား၏ အဂ္ဂသာဝက နှစ်ပါး ဓာတ်တော် စစ်များ
ကိန်းဝပ်တော်မူရာ ↓





## လက်ယာတော်ရံလက်ဝဲတော်ရံအဂ္ဂသာဝက ကြီးနှစ်ပါး၏ ဓာတ်တော်များ

အရှင်သာရိပုတ္တရာသည် (၄၄)ဝါအရ၌ နာလကရွာမိခင်ကြီး၏ နေအိမ်၌ ပရိနိဗ္ဗာန်စံဝင်တော်မူလေသည်။ အရှင်သာရိပုတ္တရာပရိနိဗ္ဗာန်စံဝင်တော်မူပြီးနောက်(၁၅)ရက်အကြာတွင် အရှင်မဟာမောဂ္ဂလာန်သည် ရာဇဂြိုဟ်ပြည်အနီး ဣသိဂိလတောင်၏နံပါးပရိနိဗ္ဗာန်စံဝင်တော်မူသည်။

ထိုအဂ္ဂသာဝက အရှင်မြတ်ကြီးနှစ်ပါးတို့၏ ဓာတ်တော်များကို အသောကမင်းကြီးလက်ထက် (ယခုအိန္ဒိယနိုင်ငံဘိုပေါလ်ပြည်နယ်အတွင်း)(ဆန်းချီ) စေတီတော်ကြီးတွင်ဌာပနာတော်မူခဲ့လေသည်။

ခရစ်သက္ကရာဇ် ၁၈၅၁-ခု (မြန်မာ ၁၂၁၂-ခုနှစ်)ဆီက အသောကမင်းကြီး၏ကောင်းမှုအဆိုဝါသဉ္စ (ဆန်းချီ)စေတီဟောင်းကြီးတစ်ဆူကို တူးဖော်ရာတွင် အဂ္ဂသာဝကကြီးနှစ်ပါးတို့၏ ဓာတ်တော်များ ဌာပနာထားရာ ကျောက်သေတ္တာကြီးနှစ်လုံးကို တွေ့ရလေသည်။ တစ်လုံး၏ အတွင်းကျောက်ကြုတ်၌ "သ"ဟူ၍လည်းကောင်း၊ အပြင်၌ "သာရိပုတ္တသ" ဟူ၍လည်းကောင်း၊တစ်လုံး၏ အတွင်းကြုတ်၌"မ" ဟူ၍လည်းကောင်း၊ အပြင်ဘက်၌ "မောဂ္ဂလာနသ"ဟူ၍လည်းကောင်း ရေးထိုးထားသည့် ကဗ္ဗည်းများကိုလည်း တွေ့ရှိရလေသည်။

ထိုသို့ဆန်းချီစေတီဟောင်းအမှတ် (၃)တွင် တွေ့ကြပြီးနောက် (ထိုအခါ အိန္ဒိယနိုင်ငံကို အင်္ဂလိပ်တို့အုပ်စိုးနေသည့်အတိုင်း) ထိုဓာတ်တော်များကို အင်္ဂလိန်နိုင်ငံသို့ ယူဆောင်ပြီးလျှင် လန်ဒန်မြို့ဝိတိုရိယပြတိုက် (Victoria and Albert Museum) အတွင်း၌ ထားခဲ့ကြလေသည်။

ထိုသို့အင်္ဂလန်နိုင်ငံတွင် နှစ်ပေါင်းတစ်ရာခန့်ကြာပြီးနောက် ဒုတိယကမ္ဘာစစ်ကြီးအပြီး၌ လွတ်လပ်သော အိန္ဒိယနိုင်ငံသို့ ပြန်လည်ပို့ဆောင်ခဲ့ကြပါသည်။ ထိုဓာတ်တော်များကို ထိုစဉ်အခါက မြန်မာနိုင်ငံတော် ဝန်ကြီးချုပ် ဦးနု၏ မေတ္တာရပ်ခံချက်အရ အိန္ဒိယနိုင်ငံအစိုးရတို့က မူလကိန်းဝပ်ရာ (အသောကမင်းတရားကြီး၏ ကောင်းမှု) သဉ္စိစေတီတော်တည်ရာတွင် အသစ်ပြန်လည်တည်ထားသကဲ့သို့ မြန်မာနိုင်ငံ၌လည်းစေတီတော်ကြီး တစ်ဆူထူးခြားစွာတည်၍ ဓာတ်တော်များကို အများပြည်သူထင်ရှားစွာ ဖူးမြော်ပူဇော်နိုင်ကြစေရန် အိန္ဒိယနိုင်ငံအစိုးရက ခွဲဝေပေးကမ်းခဲ့သည့်အတိုင်း မြန်မာနိုင်ငံတော်တွင် "သီရိမင်္ဂလာကမ္ဘာအေးစေတီတော်"ကို တည်ထားကာ သဗ္ဗညုရှင်တော်ဘုရား၏ များလှစွာသောဓာတ်တော်မွေတော်မွေတော်များနှင့် အတူ ဤအဂ္ဂသာဝကကြီးနှစ်ပါးတို့၏ ဓာတ်တော်များကို ဖူးတွေ့နိုင်ပါသည်။





မှော်ချီ – န/ဗမာယုန်/ တရားဟောရာ၊ ဘုရားရှိခိုးဝတ်တက်ရာ၊
အလှူပေးရာအဆောက်အအုံ။

မှော်ချီ

သီဟိုဠ်ဘုန်းတော်ကြီးများ ပင့်ဆောင်လာသော မဟာသာဝက ၂-ပါး၏ ဓါတ်တော်များကို ဟင်္သာတ ဦးမြ တဆင့်ပင့်လာပုံ။






အိန္ဒိယပြည် ဆန်ချီမြို့ရှိ ဂန္ဓကုဋီတိုက်တွင် ဌာပနာရန် ရှင်သာရိပုတြာ နှင့် ရှင်မဟာမောဂ္ဂလာန်တို့၏ ဓါတ်တော်များကို ဝန်ကြီးချုပ် ပင့်ဆောင်လာပုံ။ ဝန်ကြီးချုပ် နေရှးကိုလည်း နောက်နားတွင်တွေ့ နိုင်၏။




# စေတီပုထိုးများ




စေတီပုထိုးများသဏ္ဌာန်ပြောင်းလဲလာပုံ

ဆေးရောင်စုံပုံ–
ထေရဝါဒဗုဒ္ဓဘာသာဝင် မြန်မာနိုင်ငံသားတို့အတွက်ရွှေအကျဆုံးစေတီတစ်ဆူ
အနော်ရထာမင်း နှင့် ကျန်စစ်သားမင်း တို့၏ကောင်းမှုတော် ပုဂံမြို့ရွှေစည်းခုံစေတီတော်

စေတီပုထိုးများမပေါ်မီကာလက ဗုဒ္ဓဘာသာဝင်တို့သည် မြတ်ဗုဒ္ဓအားရည်မှန်း၍ ခြေရာတော် သပိတ်တော် ဦးခေါင်း၏ ဆင်တန်ဆာ စသည်တို့ကို ရှိခိုးပူဇော်ခဲ့ကြသည်။ ဗုဒ္ဓ၏ခြေရာတော်ရုပ်ပုံများ ပထမတွဲ၌ဖော်ပြပြီး။



*Plan and elevation of the Great Stupa at Sāñcī; the central mound is surrounded by a stone palisade with four ceremonial gates. This is one of the most famous examples of the stupa tradition, which was to generate such diverse forms throughout Asia, culminating in the Chinese and Japanese pagoda (below: the Hōryūji pagoda, Japan).*






စေတီတော်တိုက် မူလအစဆန်းချီစေတီ ဤပုံတော်မှ တဖြေးဖြေးပုံသဏ္ဌာန်အမျိုးမျိုး ပြုပြင်ပြောင်းလဲသွားသည်။

ဆန်းချီစေတီတော်နှင့်နီးစပ်သော မြန်မာနိုင်ငံမှစေတီများ၊ စစ်ကိုင်းမြို့မှကောင်းမှုတော် ဖြစ်သည်၊

ပုံသဏ္ဌာန်သစ်ဖြစ်လာသော ဂျပန်နိုင်ငံမှစေတီ



Kaung hmu-däw Pagoda, Sagaing



The Worship of Buddha's Alms Bowl, Amarāvatī

ဗုဒ္ဓ၏သပိတ်တော်
(နောင်အခါ မြန်မာနိုင်ငံ၌
မြသပိတ်ဘုရားများ ပေါ်လာသည်၊





ဗုဒ္ဓနှင့်ပတ်သက်သော သင်္ကေတများ
ဗုဒ္ဓ၏ဦးခေါင်းဆင်တန်ဆာ


The Worship of Buddha's Head Dress, Sāñchī





ဘောဘောကြီး
စေတီ၊
ပြည်-မှော်ဇာ။
အေဒီ ၆-၇ ရာစု။

မြန်မာနိုင်ငံမှ အဦးဆုံးစေတီတော်များ (ထေရဝါဒဗုဒ္ဓဘာသာမထွန်းကားမီကာလ)



ဘုရားကြီး
စေတီ
ပြည်-မှော်ဇာ
အေဒီ ၆-၇ ရာစု။



ရှေးကျသော အင်ဒိုနီးရှားနိုင်ငံဂျာဗားကျွန်းရှိ ဗါရာဗုဓေါစေတီတော်





မြန်မာနိုင်ငံပုဂံမြို့၊
ရှေးကျပြီး ထင်ရှားသော အနော်ရထာမင်းတရား၏ ကုသိုလ်တော် ရွှေစည်းခုံစေတီ၊



ဘုရားရှင်အား ဆွမ်းလောင်းလှူနေစဉ် မြန်မာပုရပိုက်၊၁၉ရာစုခေတ် ဗြိတိသျှသမိုင်းပြတိုက်မှ



This tower-like Liaodi Pagoda in Hebei Province was erected in the 11th century. Standing at 84.2 meters (about 276 feet), it is the tallest pagoda in China.




The 12-sided Songyue Pagoda in Henan, which was built in the sixth century, features close-set eaves.

↑ တရုတ်နိုင်ငံမှ အမြင့်ဆုံးစေတီ(၁၁ ရာစု)

↑

ရှေးအကျဆုံး ၁၂ ထောင့်ရှိစေတီတော် (၆ ရာစုခေတ်)

ထူပါရာမ
စေတီ။
သီဟိုဠ်နိုင်ငံ၊
အနုရာဓပူရဒေသ။
ဘီစီ ၄၄။ →





၁၃ရာစုခေတ် ပုဂံရွှေမြို့တော်မှ စေတီပုထိုးများ

စေတီပုထိုးရုပ်ပွါးတော်များနှင့် ဝင့်ဝင့်ကြွာကြွားဖြစ်နေသော ၁၃ရာစုခေတ်ပုဂံနှင့် ၁၈၂၅ခုနှစ် ပုဂံ

European artist's impression of Pagan in 1825.











ပုထိုး – နှ / ပထိုး / ခေတ်တော်မွေတော် စုသည်တို့ကို ငှသနှာ၍
ဘုတ် ကျောက် စသည်ဖြင့် တည်ထားသော၊ မုခ်ပေါက်
သို့ မဟုတ် မုခ်ယောင် ပါရှိသော စေတီ။ (မြေစိုက်ဘုရား၊
မြေပေါက်စေတီဟုလည်း ခေါ်သည်။)



စိမ်းလန်းစိုပြည်လျက်ရှိသော ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကား 'များလှစေတီ၊ မြန်ဒွာနီ' ဟု ကမ္ဘာအရပ်ရပ်က အသိအမှတ် ပြုရလောက်အောင် စေတီပုထိုးနှင့် တင့်ရှန်း ဝေဆာလှပေသည်။ ကုန်းမြင့်တောင်ထိပ်၊ တောရိပ်မြစ်နား၊ မြို့ရွာများတွင် ဗုဒ္ဓသာသနာရောင် ထိန်ထိန်ပြောင်နေသည်မှာလည်း စေတီပုထိုးများ၏ တန်ခိုးရှိန်စော် အာနုဘော်ကြောင့်ပင် ဖြစ်ချေသည်။







ဗောဓိနတ်စေတီ၊
ကတ္တမန္ဒူမြို့။
ဘီစီ ၃ ရာစု။



ဟော်ယူဂျီဘုရား၊
ဂျပန်နိုင်ငံ၊နာရ။
အေဒီ ၇ ရာစု။

ပုဂံမြို့မှစေတီပုထိုးတို့မှာ မြန်မာနိုင်ငံထေရဝါဒ ဗုဒ္ဓဘာသာဝင်များအတွက် ရှေးအကျဆုံးဖြစ်ကြပါသည်။ ပုဂံမြို့ကို အေဒီ ၈၄၉ ခုနှစ်က တည်ထောင်၍ ၁၀၄၄ အနော်ရထာမင်းစော အုပ်စိုးစဉ် ထေရဝါဒဗုဒ္ဓဘာသာ ရောက်လာသည်။ ၁၂၈၇ ခုနှစ်တွင် ကူဗလာခန့် စစ်သည်များကြောင့် ပျက်စီး ခဲ့သည်။ ယခုအခါ စေတီပုထိုးပေါင်း ၅၀၀၀ ခန့်ရှိသည်။



ကိုးရီးယားနိုင်ငံ ဆိုးလ်မြို့တော်မှ WON KAK SA TEMPLE ဝန်ကတ်ဆစေတီ-အေဒီ ၁၄၆၇ လက်ရာ







## ရွှေမော်ဓောစေတီတော်

ဂေါတမဘုရားရှင်၏ ဆံတော် နှစ်ဆူကိုပူဇော်ထား၍ ပဲခူးမြို့ ကိုတည်ထောင်သူသမလ နှင့် ဝိမလညီနောင်က စေတီတော်ကို မွမ်းမံပြုပြင်ခဲ့သည်။
မွန်စေတီမင်းကခေါင်းလောင်းတော်ကိုလှူသည်။ ဘုရင့်နောင်(၁၆)ရာစု နှင့် ဘိုးတော်ဘုရား ၁၇၉၆ တို့က ထီးတော်တင်ခဲ့ကြသည်။

ငလျှင်ဒါဏ် ဆုံးကြိမ်ခံရ၍ စစ်ပြီးကာလပြန် လည်တည်ဆောက်ခဲ့ကြသည်။



နရပတိစည်သူမင်း ၁၂၈၄ AD ၌
တည်ထားခဲ့သည်။
ပုဂံမြို့ မင်္ဂလာစေတီ-
-အချိုးကျလှပတင့်တယ်လှသည်။



တိဘက် နီပေါစသည်တို့ ရ

ဗုဒ္ဓဘာသာထွန်းကားရာဒေသမှ

စေတီ၁၂ရာစုခေတ်လက်ရာ



ဂျပန်နိုင်ငံမှ ခေတ်သစ်လက်ရာ

အထပ် ၇ထပ်ရှိစေတီ ၁၉၇၂ အိတ်စဖိုဒ်

ပြပွဲအထိမ်းအမှတ်



# ဗုဒ္ဓရုပ်ပွားတော်များ

## ရှေးအကျဆုံးဗုဒ္ဓရုပ်ပွားတော်

ဗုဒ္ဓသာသနာပေါ်ခါစအချိန်က ဗုဒ္ဓရုပ်ပွားတော်ဟူ၍မရှိပါ။ စေတီပုထိုးများထက်အချိန်ကာလနောက်ကျမှ ရုပ်ပွားတော်များပေါ်ပေါက်ပါသည်။

ဗုဒ္ဓပရိနိဗ္ဗာန်ပြုပြီးကာစအချိန်က ဗုဒ္ဓကို ခြေရာတော်အားကိုးကွယ်ခြင်း၊ ဗောဓိပင်ကို ဘုရားပွင့်တော်မူသောသင်္ကေတ၊ မွှာစကြာဘီးကိုတရားဦး ဟောကြားရာ၊ ပရိနိဗ္ဗာန်ပြုသည်ကို စေတီပုံ စသည့်အမှတ်အသားများဖြင့် အားထားကိုးကွယ်ခဲ့ကြသည်

ပထမဆုံးရုပ်ပွားတော်များကို အိန္ဒိယနိုင်ငံအလယ်ပိုင်းမသူရာဒေသနှင့်ယခုပါကစ္စတန်နှင့် အာဖကန်နစ္စတန် ဒေသများသို့ကျရောက်နေသော ဂန္ဓာရဒေသ တို့၌တပြိုင်ထဲလိုလိုစတင်ထုလုပ်ခဲ့ကြသည်။ ဂန္ဓာရဒေသမှာ ပဉ္စာဝါချိုင့်ဝှမ်းတွင် တည်ရှိပြီးအလိဇင်ဒါးသည်ဂရိတ်–ဂရိဘုရင်ကြီး အုပ်စိုးရာဒေသဖြစ်ခဲ့သဖြင့် ဂရိယဉ်ကျေးမှုအမွေအနှစ် ရောနှောလျက်ရှိသည်။

ပထမဆုံးဗုဒ္ဓရုပ်ပွားတော်တို့သည်ဘီစီပထမနှင့်ဒုတိယရာစုနှစ်များအတွင်းကစတင်ပေါ်ပေါက်ခဲ့သည်ဟုဆိုရပါမည်။

**Buddha**

Mathurā, from Mānikyāla, 1st–2nd century AD



ဗုဒ္ဓ မသူရာ ၁-၂ ရာစုခေတ်



**Coin**

Gandhara, c.AD 100

ရှေးအကျဆုံးဗုဒ္ဓရုပ်ထုပါရှိသည့် ကြေးဒင်္ဂါး အေဒီ၁၀၀

ဗုဒ္ဓရုပ်ပွါးတော် ၂ ရာစုခေတ်



**Buddha**

Gandhara, from Takht-i-Bāhi, 2nd century AD



ဗုဒ္ဓလောင်းလျာ
ဒုက္ကရစရိယာ ကျင့်
ခန်း။ ဂန္ဓာရ။

အေဒီ ၂-၄-ရာစု။

The Austerities of
the Bodhisattva,
Gandhāra



ဂန္ဓာရာ-မဒုရာ တက္ကသီလ စသည့် အိန္ဒိယနိုင်ငံ ရှေးဦး ဗုဒ္ဓဘာသာ သာသနာပြန့်သော ဒေသများ၌ ထုလုပ်ခဲ့သော ဗုဒ္ဓ၏ရုပ်ပုံတော်များမှာ မူလဗုဒ္ဓ၏ မျက်နှာတော်နှင့် အတော်လေးနီးစပ်စရာအကြောင်းရှိပါသည်။

နောက်ပိုင်းကာလတွင် ဗုဒ္ဓသာသနာတော်မှာ နိုင်ငံအများသို့ ပျံ့နှံ့သွားရာက ဗုဒ္ဓ၏ ရုပ်ပုံတော် အနေအထား အသွင်အပြင်တို့မှာလည်း ဒေသအလိုက် ကွဲပြားခြားနားသွားခဲ့ပါသည်။



Assault of Māra

Eastern India, perhaps Sārnāth, 6th–7th century AD

မာန်နတ်ကိုအောင်တော်မူခြင်း အရှေ့အိန္ဒိယ



အနိ္ဒယအလယ်ပိုင်း ၄ ရာစုခေတ်



ရှေးအကျဆုံး ဗုဒ္ဓဦးခေါင်းတော်တို့၌ ကောက်ကွေးနေသော ဆံတော်+ဆံထုံးပါရှိသည်။



တက္ကသိုလာမှဗုဒ္ဓဦးခေါင်းတော်


Head of Buddha, Taksasilā



The Buddha in Abhayamudra, Nalanda

ဗုဒ္ဓရုပ်ပွားတော်(နာလန္ဒာ)





ဗုဒ္ဓရုပ်ပွားတော်(မထူရာ)

The Buddha, Mathura

အာသောက မင်းတရားကြီးခေတ်တိုင်အောင် ဗုဒ္ဓရုပ်ပွားတော်များကို ထုလုပ်ခြင်း မပြုလုပ်ခဲ့ကြချေ။

နောက်ပိုင်းတွင် အိန္ဒိယတစ်ပြည်လုံး၌ မဟာယာန ဗုဒ္ဓဘာသာလွှမ်းမိုးလာသဖြင့် ဗုဒ္ဓရုပ်ပွားတော်များကို ထုလုပ်မှုကိုပြုလုပ်လာကြသည်။ ထို့ပြင်ဂရိတ်တို့၏ ကျောက်ဆစ်အနုပညာကလည်း ထွန်းကားလာသဖြင့် ကျောက်တုံးများ အင်္ဂတေအုတ်တို့ဖြင့် ဗုဒ္ဓရုပ်ပွားတော်များကို ထုလုပ်လာကြသည်။

လူများစုကနှစ်ခြိုက်လာကြရာက နောက်ဆုံးတွင် ထေရဝါဒဗုဒ္ဓဘာသာဝင်များကလည်း ကျေနပ်လက်ခံလာကြရာ ယခုအခါ ဘုန်းကြီးကျောင်းမှန်သမျှ ဗုဒ္ဓရုပ်ပွားတော်ရှိလာခဲ့သည်။

ပထမဆုံး လုပ်ကွယ်သော ဘုရားပုံတော်တို့မှာ ညာဖက်လက်ဖြင့် မြေကြီးကိုကိုင်ကာ မာန်နတ်အား သက်သေပြုနေသည့်ပုံတော်နှင့် ဂါးပါးပျဉ်အောက်၌ တရားထိုင်နေသောပုံတော်နှင့်ညာဖက်စောင်းပြီး လဲလျောင်းကာ ပရိနိဗ္ဗာန်ပြုနေသောပုံတော်တို့ဖြစ်ကြသည်။


အေဒီသုံးရာစုခေတ် နောက်ပိုင်းကျမှ စကြာမုနိဘုရား၏ တန်ခိုးတော် ပြခန်း ရှေးဘဝများနှင့် ပတ်သက်ပြီးတန်ဆာဆင်ထားသောပုံဟန် အသစ်အဆန်း အမျိုးမျိုးပေါ်လာခဲ့သည်။

သက္ကရာဇ် ၂ရာစု ဘီစီကာလမှ ၈-ရာစုခေတ်များအတွင်း ဗုဒ္ဓဘုရားရုပ်ပွားတော်များကို ကျောက်များအတွင်း ထုလုပ်ကြသည် ရှေးကျသော အုတ်ဂူဘုရားကျောင်းတော်များ ဖြစ်ကြသော ဘုံဗေမြို့ အနီးတဝိုက်၌ ယနေ့မြင်တွေ့နိုင်သေးသည်။



Head of Buddha, Gandhāra

ဗုဒ္ဓ၏ဦးခေါင်းတော်



တက္ကသီလာမှ တူးဖော်ရရှိသည့်
ဗုဒ္ဓရုပ်ပွားတော်

မတ်ရပ်ရှပ်ပွား။ မထုရာ။
အေဒီ၄-ရာစု။


The Buddha, Mathura







တရားဟောကြားနေသောဗုဒ္ဓ အိန္ဒိယအလယ်ပိုင်း အေဒီ ၅ရာစု




*Buddhism took over from Hinduism a complex vocabulary of hand-gestures ('mudrās') to symbolize spiritual ideas. The selection shown here is taken from a Tibetan source; preaching (open hand upright); generosity (open hand pointing downwards); and meditation (hands folded on lap).*

## မုဒြာများ

ဗုဒ္ဓရုပ်ပွားတော်များကို လျောင်းတော်မူပုံ ထိုင်တော်မူပုံ၊ ရပ်တော်မူပုံနှင့်ဒေသစာရီ ခရီးကြွချီတော်မူပုံဟူ၍ လေးမျိုးလေးစား ထုလုပ်လေ့ရှိသည်။ ဗုဒ္ဓရုပ်ပွားတော်၏ လက်အနေအထားကို မုဒြာဟုခေါ်သည်။ ပဒုမာမုဒြာ ပန်းကဲ့သို့ ထိုင်နေတော်မူဟန် (ပဒုမာမုဒြာ) ဓမ္မစကြာတရားဟောတော်မူနေပုံ (ဓမ္မစကြာမုဒြာ) စသည်ဖြင့် ခြေလက်အနေအထားအမျိုးမျိုး ထုလုပ်ကြပါသည်။

ခရစ်နှစ်သာသနာ – ၈ / ၁၈ခရစ်နှ သာခါ / မဟာဗောဓိပင်၏ တောင် ကိုင်းမှ ပွားသော သီဟိုဠ်ကျွန်း ဗောဓိပင်၏ အသားကို ထွင်းထုသည့် ဗုဒ္ဓရုပ်ပွားတော်။ ယင်းရုပ်ပွားတော်၏ပုံအတိုင်း ထုလုပ် ကိုးကွယ်သည့် ဗုဒ္ဓရုပ်ပွားတော်။





ပရိနိဗ္ဗာန်ပြုနေပုံ(သီရိလင်္ကာ)

Ānanda attending Buddha's Parinirvāṇa, Gal Vihāra, Ceylon







သီရိလင်္ကာနိုင်ငံမှ ဗုဒ္ဓရုပ်ပွားတော်

သီရိလင်္ကာနိုင်ငံမှ ဗုဒ္ဓရုပ်ပွားတော် အလွန်မြင့်မားသော

မတ်ရပ်တော်များကို


ထုလုပ်ကိုးကွယ်ကြသည်။




## မဟာမုနိဘုရား(မန္တလေး)

မန္တလေးမဟာမုနိဘုရားကိုမဟာမြတ်မုနိဟူ၍လည်းကောင်း၊ဘုရားကြီးဟူ၍လည်းကောင်း၊ ရခိုင်ဘုရားကြီးဟူ၍လည်းကောင်း ခေါ်ကြသည်။ ဓညဝတီမည်သော ရခိုင်ပြည်၌ မင်းအဆက်ဆက်တို့ကိုးကွယ်ခဲ့သော ယင်း မဟာမုနိရုပ်ပွားတော်မြတ်အား အမရပူရ ပဋ္ဌမမြို့တည်နန်းတည်ဘိုးတော်မင်းတရားကြီးလက်ထက်၊ သားတော်ကြီးအိမ်ရှေ့ဥပရာဇာကိုသက္ကရာဇ် ၁၁၄၆ခုနှစ်တန်ဆောင်းမုန်းလတွင် ရခိုင်ပြည်သို့ချီစေပြီးနောက်၊ လုပ်ကြံသိမ်းပိုက်ရာမှအမရပူရရွှေမြို့တော်သို့ပင့်ဆောင်လာခဲ့ခြင်းဖြစ်လေသည်။





*Buddha image at Kyauk Tawgyi*



အမရပူရမြို့နှင့်မန္တလေးမြို့များမှ

ကျောက်တော်ကြီးရုပ်ပွားတော်များ





ဗုဒ္ဓရုပ်ပွားတော် နောင်အခါ

မင်းဝတ်တန်ဆာနှင့်

နတ်ဝတ်တန်ဆာနှင့်

လည်းထုလုပ်ကြသည်

(မြန်မာပြည်)



ထိုင်းနိုင်ငံ စုက္ကတေးမြို့တော်ခေတ် လွန်ခဲ့သော နှစ်ပေါင်း၇၀၀ကျော်ကလက်ရာ

A Buddha image in the Sukhothai style.

ထိုင်းနိုင်ငံ ၁၅ရာစုခေတ်လက်ရာ



*15th century crowned bronze Buddha which can be seen in the Bangkok National Museum.*



A statue of Sakyamuni Buddha made in the Tang Dynasty (618-907) in the main shrine-hall of the Fukwang Monastery.

တရုတ်နိုင်ငံမှစကြာမုနိရုပ်ပွားတော်






ဒိုင်ဗွတ်ဆူ ဗုဒ္ဓရုပ်ပွားတော်၊ အေဒီ ၇၄၉ ခုနှစ်တွင် ပြီးသည်။ (ဂျပန်)
နာရာမြို့ တိုဒိုင်ဂျီဘုရားကျောင်းတွင် ရှိသည်။



အမိဒဗုဒ္ဓ။ဂျပန်နိုင်ငံ၊
ကမာကူရ။
အေဒီ ၁၂၃၃၊

ပီကင်းမြို့တော် နိဗ္ဗာန်ဘုရားကျောင်း (**Temple of Heaven**) မှ ရုပ်ပွားတော်၏ပုံတူ ယခုခေတ်တွင်ကြေးသွန်းပြုလုပ်ပြီးစီးသော ကမ္ဘာ့အကြီးဆုံး (အလေးချိန်တန် ၂၅၀ရုပ်ပွားတော်အမြင့် ၂၆.၄မီတာ)ဗုဒ္ဓရုပ်ပွားတော်ဟောင်ကောင်မြို့ လန်ရွကွန်းပိုလင်းကျောင်းတိုက်တည်ရှိရာတောင်ထိပ်ပေါ်၌ ယခုဖူးတွေ့နိုင်ပါသည်။







ပဲခူးမြို့ရွှေသာလျောင်းရုပ်ပွားတော်(အထက်ပုံ)

ရန်ကုန်မြို့ ၁၉၆၀၌ ပြန်လည်တည်ဆောက်ပြီးစီးသော ခြောက်ထပ်ကြီးဘုရားလောက်မကြီးမားပါ။(အောက်ပုံ) သို့သော် သမိုင်းသက်ရှည်လျားပြီးဖြစ်၏။ ပဲခူးရွှေသာလျောင်းကို သက္ကရာဇ် ၉၉၄ မှန်ဘုရင် ပထမ မိဂါဒီပ MIGADIPPA I တည်ထားခဲ့သည်။

ထိုနောက်နှစ်ပေါင်း ၅၀၀ ကျော်အောင်တောကြီးဖုံးလွှမ်းခဲ့သည်။ ဓမ္မစေတီမင်းကြီးလက်ထက်၌ ပြန်လည်ပြုပြင်သည်။ ၎င်းနောက်တောကြီး ပြန်လည်ဖုံးလွှမ်းခြင်းခံရပြန်သည်။ ၁၈၈၁ ခုနှစ် ဗြိတိသျှလက်ထက် မီးရထားလမ်းဖောက်တော့မှ ဤရုပ်ပွားတော်ကိုပြန်လည်တွေ့ရှိကြသည်။



# ဗုဒ္ဓ၏တရားတော်များ

ဗုဒ္ဓဘာသာနှင့် ပတ်သက်၍ ရေးသားထားသော ရှေးဟောင်းကျမ်းဂန် စာပေတို့မှာ များပြားလွန်းသဖြင့် မည်သည့် စကားသည် ဗုဒ္ဓ၏စကား အမှန်ဖြစ်သည် မည်သည့်စကားသည် သာဝကများက နောက်မှ ဖြည့်စွက်ပြောဆိုသော စကား အရေးအသားဖြစ်သည် စသည်ဖြင့် ခွဲခြားရမလွယ်ကူဟု အနောက်တိုင်းပညာရှင်များက ဆိုတတ်ကြသည်။

ယနေ့ ကမ္ဘာတွင်ရှိသော ဗုဒ္ဓဘာသာ ကျမ်းစာအုပ်များကို အောက်ပါ အတိုင်း အမျိုးအစား ခွဲခြား၍ ရပါသည်။

(၁) ပိဋကတ်သုံးပုံ

ဝိနည်း ၅-ကျမ်း

သုတ် ၃-ကျမ်း(အသေးစိတ်ရေတွက်ပါက ကျမ်းအများရှိပါသည်။)

အဘိဓမ္မာ ၇-ကျမ်း

ဘုရားရှင် ပရိနိဗ္ဗာန်ပြုပြီးချိန်၌ အရှင်မဟာကဿပမထေရ်မြတ်ကြီးက အရှင်အာနန္ဒာ၏ အကူအညီဖြင့် ပထမသင်္ဂါယနာ (ဘီစီ-၄၈၃) ၌တင်အပ်သော ကျမ်းစာများဖြစ်သည်။

သီဟိုဠ်ကျွန်း စတုတ္ထ သင်္ဂါယနာ၌ ပေထက်အက္ခရာတင်၍ မန္တလေးမြို့ ပဉ္စမသင်္ဂါယနာတင် မင်းတုန်းမင်းကြီး လက်ထက်၌ ကျောက်ထက်အက္ခရာ တင်သည်။

(၂) ဘုရားမဟောကြားသော်လည်း အရေးပါသော ပါဠိဘာသာဖြင့် ရေးသားပြုစုထားသော ကျမ်းများ
- မိလိန္ဒ ပဉှာ
- ရှင်မဟာ ဗုဒ္ဓဃောသပြုစုခဲ့သော အဋ္ဌကထာ ကျမ်းများ
- ရှင် ဗုဒ္ဓဒတ္တ -ပြုစုခဲ့သောအဋ္ဌကထာ ကျမ်းများ
- ရှင်အာနန္ဒာပြုစုခဲ့သော ဋီကာကျမ်းများ
- ရှင် ဓမ္မပါလ ပြုစုခဲ့သော အဋ္ဌကထာ ကျမ်းများ
- သီရိလင်္ကာ (သီဟိုဠ်) မထေရ်ကြီးများ ပြုစုသော ဋီကာများနှင့် ဂဏ္ဌိရကျမ်းများ

(၃) မဟာယာန ဗုဒ္ဓဘာသာကျမ်းစာများ
- ပညာပါရမိတာသုတ်
- မဇ္ဈိမိကသုတ် — ဒုတိယရာစုခေတ် AD-200
- အဝငံသကသုတ် — နောက်ပိုင်းကာလ၌ မဟာယာန ကျမ်းပြု
- သဒ္ဓမ္မပုဏ္ဍရိကသုတ် — ဆရာများရေးသားပြုစုခဲ့သော
- သုခဝတီဗျူဟာသုတ် — ကျမ်းများဖြစ်သည်။
- အခြားမဟာယာနကျမ်းများ

(၄) - တန္တရ ဘာသာ တိဘက်နှင့် - မွန်ဂိုးလီးယား ကျမ်းများ

(၅) - တရုတ်ဘာသာဖြင့် ပြန်ဆိုပြုစုရေးသားသောကျမ်းများ

(၆) - ကိုးရီးယားဘာသာဖြင့် ပြန်ဆိုပြုစုရေးသားသောကျမ်းများ

(၇) - ဂျပန်ဘာသာဖြင့် ပြန်ဆိုပြုစုရေးသားသောကျမ်းများ

(၈) - အခြားကျမ်းများဟူ၍ခွဲခြားနိုင်ပါသည်။



# ပိဋကတ်သုံးပုံနှင့် အခြားကျမ်းများ

သီရိလင်္ကာ၊ မြန်မာ၊ ထိုင်း စသည့်နိုင်ငံများ၌ ထွန်းကားနေသော ထေရဝါဒ ဗုဒ္ဓဘာသာဝင်များ လက်ခံထားသော ကျမ်းစာများဖြစ်၏။

ဗုဒ္ဓသည်သက်တော်ထင်ရှားရှိစဉ် ကာလတလျှောက်လုံး တရားဒေသနာတော် များကို အစဉ်တစိုက် ဟောပြောခဲ့၏။ ဘုရား၏တရားတော်အားလုံးသည် ဓမ္မက္ခန္ဓာ (တရားအစု) အရေအတွက်အားဖြင့် ၈၄၀၀၀-ရှိ၏။

ဤတရားစု အားလုံးကိုပေါင်းပြီး
- ပိဋကတ်သုံးပုံ သို့မဟုတ်
- နိကယ်ငါးရပ် ဟုခေါ်သည်။

## ပိဋကတ်သုံးပုံ

ပိဋကတ်ဟူသည် ခြင်းတောင်းဟု အနက်အဓိပ္ပာယ်ထွက်၏။ အနောက်တိုင်း ပညာရှင်တို့က ပိဋကတ်ဟူသော ပုဒ်ကို ဗုဒ္ဓ၏ တရားတော်များ သိုလှောင်ရာ ရတနာသိုက်ဟု အဓိပ္ပာယ်ကောက်ယူကြ၏။

အာဂုံအနက်ဟု ယူဆကြောင်းကို "အိန္ဒိယပြည်၌ ရေကန်တူးသောအခါ အလုပ်သမားများသည် မြေများကို ခြင်းတောင်းများဖြင့် ထည့်ကာ လက်ဆင့် ကမ်း၍ အဆင့်ဆင့်သယ်ဆောင်ကြသည်။ ထိုနည်းတူစွာ ဗုဒ္ဓ၏တရားတော်များကို ဆရာအဆက်ဆက်မှ တပည့်အဆက်ဆက်သို့ အစဉ်အတိုင်းပို့ချ၍ နှုတ်တက်အာဂုံ ဆောင်ယူခဲ့ကြသောကြောင့်ဖြစ်သည်"ဟု ဥပမာဖြင့် တင်ပြကြသည်။

မြတ်စွာဘုရား၏ စကားတော်သည် ရသအားဖြင့် ရေတွက်သောအခါ တစ်ပါးသာရှိသည်။ တစ်ပါးဟူသည် ကိလေသာတို့မှ လွတ်မြောက်မှု အရဟတ္တဖိုလ် ဟူသော ဝိမုတ္တိရသဖြစ်၏။

ဗုဒ္ဓ၏တရားတော်ဖြစ်သော ပိဋကတ်စာပေများကို ပိဋကတ်အားဖြင့်-

(က) ဝိနယပိဋက

(ခ) သုတ္တန္တပိဋက

(ဂ) အဘိဓမ္မပိဋက ဟူ၍ သုံးမျိုးသုံးစား ခွဲခြားထားသည်။

ဤသုံးမျိုးသုံးစားရှိကြသောကြောင့် ပိဋကတ်သုံးပုံဟု ခေါ်ဆိုကြ၏။

### ဝိနယပိဋက

ဝိနယပိဋက၌ အပိုင်းသုံးပိုင်းရှိသည်။ ကျမ်းအရေအတွက်အားဖြင့် ငါးကျမ်းဖြင့်၏။ မူလအရင်းအမြစ်သည် ပါတိမောက္ခဖြစ်၏။ ပါတိမောက္ခဟူသည် ရဟန်းတော်များ၏ သိက္ခာပုဒ်များနှင့် ၎င်းတို့ကို ကျူးလွန်လျှင် သင့်ရောက်မည့် အာပတ်များကို ကုစားနည်းနှင့် တကွ ဖော်ပြထားသော ကျမ်းဖြစ်၏။

### သုတ္တန္တပိဋက

**သုတ္တန္တပိဋကသည် ငါးမျိုးရှိ၏။**

**(၁) ဒီဃနိကာယ၌ သုံးကျမ်းရှိ၏**

**သုတ်အရေအတွက်အားဖြင့် ၃၄-သုတ်ရှိ၏။**

**(၂) မဇ္ဈိမနိကာယ၌ သုံးကျမ်းရှိ၏။**

**သုတ်အရေအတွက်အားဖြင့် ၁၅၂-သုတ်ရှိ၏။**

**(၃) သံယုတ္တနိကာယ ၌ ၅-ကျမ်းရှိ၏။**

**သုတ်အရေအတွက်အားဖြင့် ၇၇၆၂-သုတ်ရှိ၏။**

(၄) အင်္ဂုတ္တရနိကာယ၌ ၁၁-ကျမ်းရှိ၏။

သုတ်အရေအတွက်အားဖြင့် ၉၇၇၅-သုတ်ရှိ၏။

(၅) ခုဒ္ဒကနိကာယ၌ ၁၅ကျမ်းရှိသည်။ (၁၈-ကျမ်းဟုလည်း မှတ်ယူနိုင်သေးသည်)။

## အဘိဓမ္မာပိဋက

| | | |
|---|---|---|
| ဓမ္မသင်္ဂဏီ | ဝိဘင်း | ဓာတုကထာ |
| ပုဂ္ဂလပညတ် | ကထာဝတ္ထု | ယမိုက် |
| ပဋ္ဌာန်း | ၇ ကျမ်းရှိ၏။ | |

အုပ်ရေအားဖြင့် ၁၂–အုပ်ရှိ၏။

ပိဋကတ်သုံးပုံကို နိကာယ်အားဖြင့် ရေတွက်သောအခါ ခုဒ္ဒကနိကာယ်မှအပ သုတ္တန်ပိဋကသည် ငါးနိကာယ်လေးရပ်၌ ပါဝင်၏။ ခုဒ္ဒကနိကာယ်တွင် ဝိနည်း ပိဋကနှင့် အဘိဓမ္မာ ပိဋကတို့ပါဝင်၏။

## အင်္ဂါကိုးပါး

ပိဋကတ်သုံးပုံကို အင်္ဂါအားဖြင့် ရေတွက်သောအခါ–

| | | |
|---|---|---|
| ၁။ သုတ္တ | ၂။ ဂေယျ | ၃။ ဝေယျာကရဏ |
| ၄။ ဂါထာ | ၅။ ဥဒါန်း | ၆။ ဣတိဝုတ် |
| ၇။ ဇာတ် | ၈။ အဗ္ဘုတဓမ္မ | ၉။ ဝေဒလ္လ |

ဟု (၉) ပါးရှိ၏။

## နိကာယ်ငါးရပ်

နိကာယ – နိကာယ်ဟူသည် ပါဠိစကားဖြစ်၏။ အပေါင်းအစုဟု မြန်မာ အဓိပ္ပါယ်ထွက်၏။ ဗုဒ္ဓမြတ်စွာ ဟောကြားတော်မူအပ်သော ဓမ္မက္ခန္ဓာပေါင်း (၈၄၀၀၀) ကို အမျိုးအစားအရ အပေါင်းအစု ငါးခုပြု၍ ထားသည်ကို နိကာယ်ငါးရပ်ဟုခေါ်၏။ နိကာယ်ငါးရပ်မှာ အောက်ပါ အတိုင်းဖြစ်၏–

| | | |
|---|---|---|
| ၁။ ဒီဃနိကာယ | = | ရှည်လျားသောသုတ်များ၏ အစုအပေါင်း |
| ၂။ မဇ္ဈိမနိကာယ | = | မရှည်မတိုအလယ် အလတ်သုတ်များ၏ အစုအပေါင်း |
| ၃။ သံယုတ္တနိကာယ | = | သဘောတူရာယှဉ်တွဲ စုပေါင်းထားသော သုတ်များ၏ အစု အပေါင်း |
| ၄။ အင်္ဂုတ္တုနိကာယ | = | အင်္ဂါ (၁) ပါးမှ (၁၁) ပါးထိ သဘောတရားများကို စုပေါင်းထားသော သုတ်များ၏ -အစုအပေါင်း |
| ၅။ ခုဒ္ဒနိကာယ | = | တိုတောင်းသော သုတ်များ၏ အစုအပေါင်း |

### ၁။ ဒီဃနိကာယ

ဒီဃနိကာယ ဟူသည် ရှည်လျှားသော သုတ်(၃၄)သုတ်ကို စုပေါင်းထား သောနိကာယ်ဖြစ်၏။ ဒီဃနိကာယကျမ်းတွင် ဒီဃနိကာယ၌ အစုဟု အဓိပ္ပာယ်ထွက်သော ဝဂ္ဂအားဖြင့် သုံးဝဂ်ခွဲခြား၏၊ ဒီဃနိကာယကျမ်းတွင် ဒိဋ္ဌိ(၆၂)ပါး၊ ဘုရားရှင်နှင့် စင်ပြိုင်ဝါဒ ထူထောင်ခဲ့ကြသော တိတ္ထိဂိုဏ်းဆရာကြီး (၆) ဦးတို့၏ ဝါဒရေးရာနှင့် ရဟန်းဖြစ်ခြင်း အကျိုးတရားများ။ ဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန်စံခန်းနှင့် ပရိနိဗ္ဗာန်စံဝင်တော်မမူမီ အခြေအနေများ။ ကမ္ဘာဖြစ်ပုံ၊ ပျက်ပုံ အယူအဆများ။ အိမ်ရာထောင်ယားလောကီလူသားများအတွက် ပေါင်းသင်းဆက်ဆံရေး လူ့ကျင့်ဝတ်တရား များပါဝင်သည်။ ထင်ရှားသော သတိပဋ္ဌာန်သုတ်သည် ဒီဃနိကာယတွင် ပါဝင်သည်။

### ၂။ မဇ္ဈိမနိကာယ

မဇ္ဈိမနိကာယ–ဟူသည် ဒီဃနိကာယကဲ့သို့လည်း မရှည်လွန်း၊ ခုဒ္ဒက နိကာယကသို့လည်း မတိုလွန်းသော အလယ်အလတ်တန်းစား ဖြစ်သော နိကာယ်ဖြစ်၏။ ဗုဒ္ဓမြတ်စွာ၏



တရားတော်(၁၅၂)ပါးကို စုပေါင်းထားရာ နိကာယ် ဖြစ်၏။ မဇ္ဈိမနိကာယ၌ သုတ်ငါးဆယ်လျှင် တစ်ကျမ်းပြုကာ သုံးကျမ်းခွဲခြား ထား၏။ မဇ္ဈိမနိကာယတွင် ဗုဒ္ဓမြတ်စွာနှင့်ခေတ်ပြိုင် ပေါ်ပေါက်ခဲ့သော အဘိဓမ္မာ အမျိုးမျိုးတို့ကို ဗုဒ္ဓဘာသာ ဝါဒနှင့် ကွဲပြားခြားနားပုံ ဗုဒ္ဓဘာသာဝင် သူတော်စင်တို့၏ ပန်းတိုင်ဖြစ်သော နိဗ္ဗာန်ကို အဆင့်ဆင့်လေ့ကျင့်မှသာလျှင်ရနိုင်ပုံ၊ရတနာသုံးပါး၏ ဂုဏ်ကို ညှိုးနွမ်းအောင် ကြံဆောင်နေသော သစ္စကကို ဗုဒ္ဓမြတ်စွာက အောင်မြင်ပုံစသည်တို့ပါဝင်၏။

### ၃။ သံယုတ္တနိကာယ

သံယုတ္တ–ဟူသည် ဆက်စပ်သည်ဟု အဓိပ္ပာယ်ထွက်၏။ နိကာယဟူသည် အစု အပေါင်း ဖြစ်သည်ဟု အဓိပ္ပာယ်ရှိ၏။ပုဂ္ဂိုလ်အားဖြင့် လည်းကောင်း၊ တရားဓမ္မ အားဖြင့်လည်းကောင်း၊ အဖွဲ့အစည်းအားဖြင့်လည်းကောင်း ဆက်စပ်သော အကြောင်းအရာများကို စုပေါင်းထားသော နိကာယသည် သံယုတ္တနိကာယ်မည်၏။ သံယုတ္တနိကာယ်၌ သုတ်ပေါင်း (၇၇၆၂) သုတ်ရှိ၏။ ကျမ်းအနေဖြင့် ငါးကျမ်းရှိ၏၊ သံယုတ္တနိကာယတွင် လောကုတ္တရာရေးရာနှင့် ပတ်သက်သော သဘာဝဓမ္မတို့၏မတည်မြဲ ပြောင်းလဲဖေါက်ပြန်တတ်ပုံ သတိပဋ္ဌာန် စသော တရားတို့ကို ပွားများအားထုတ်လျှင် အကျိုးတရား ကြီးမားပုံတို့ပါဝင်၏။

–လောကရေးနှင့် ပတ်သက်သော သည်းခံခြင်း၊ လုံ့လရှိခြင်း၏ အကျိုးကျေးဇူးများ၊ အမျိုးသမီးများ၏ အပြုအမူသဘောထားနှင့် ပတ်သက်၍ အကျိုးအပြစ်များ၊ ပေါင်းသင်း ဆက်ဆံရေးနှင့် ပတ်သက်၍ နည်းယူဖွယ် များလည်း ပါဝင်သည်။

–ဗဟုသုတရေးနှင့်ပတ်သက်၍ ရှေးခေတ်ဗြဟ္မဏတို့၏ ဓလေ့ထုံးစံနှင့် အပြုအမူ ကောသလမင်း၏ အတွေးအခေါ်နှင့် အုပ်ချုပ်ရေး။ကောသလမင်းနှင့် အဇာတသတ်မင်းတို့၏ စစ်ခင်းပွဲစသည်များပါဝင်သည်။

### ၄။ အင်္ဂုတ္တရ နိကာယ

အင်္ဂုတ္တရ နိကာယဟူသည် အင်္ဂါအချက် တစ်ခုစီတစ်ခုစီအစဉ်အတိုင်း တိုးသွားသောနည်းဖြင့် စီစဉ်ထားသော သုတ်များ၏အစုအပေါင်းဖြစ်သည်။ အင်္ဂုတ္တရနိကာယ၌သုတ်ပေါင်း (၉၃၇၅) သုတ်ရှိ၏။ နိပါတ်အားဖြင့် ဧကနိပါတ်မှ ဧကာဒသကနိပါတ်အထိ (၁၁) ခုရှိ၏။

–အင်္ဂုတ္တရနိကာယသည် စကားပြေ အရေးအသား အများဆုံး ဖြစ်၍ ဂါထာအရေးအသားကား အနည်းငယ်မျှသာဖြစ်၏

အင်္ဂုတ္တရနိကာယတွင် လောကလူသားတို့အတွက် စိတ်ဓာတ်အရည် အသွေး ကောင်းမွန်စေရန် အလိုနည်းခြင်း၊ ရောင့်ရဲခြင်း၊ ဖွဲ့ကောင်းခြင်း၊ သတ္တိရှိခြင်း စသည်တို့နှင့် ပြည့်စုံစေရန် ဟောကြားသော သုတ်များ ပါဝင်သည်။

–မဂ်ဖိုလ်နိဗ္ဗာန်ကို ဦးတည်သော ပုဂ္ဂိုလ်များအတွက် နိဗ္ဗာန်ရောက်ကြောင်းအကျင့်ကောင်းများ၊ ရဟန်းတို့နှင့် သက်ဆိုင်သော အဆုံးအမ ဩဝါဒများလည်း ပါဝင်သည်။

### ၅။ ခုဒ္ဒကနိကာယ

အထက်နိကာယ်လေးရပ်မှ ကျွင်းသောသုတ်များကို စုပေါင်းထားသော နိကာယ်ဖြစ်၏။ လူမျိုး မရွေး ဘာသာမရွေး ကျင့်သုံးနိုင်သော မင်္ဂလာတရားများ၊ ဓမ္မဆောင်ပုဒ်များကောင်းမှု၏ အကျိုးဆက် ဖြစ်သော နတ်ဘုံ၏သာယာ ကြည်နူးဖွယ်ကို ဖေါ်ပြသောဝတ္ထုများ။ မကောင်းမှု၏ အကျိုးဆက်ဖြစ်သော အပါယ်ဘုံ၏ ဆင်းရဲပုံများကို ဖော်ပြသောဝတ္ထုများ၊အကျော်အမော် ပုဂ္ဂိုလ်တို့၏ ကိုယ်တွေ့ အဖြစ် အပျက်များ၊ ဘုရားလောင်းနှစ်ဉ် ဘဝကတွေ့ကြုံ ခံစားခဲ့ရသော ဖြစ်စဉ်များ ပါဝင်သည်။


– အချုပ်အားဖြင့် အထက်ဖေါ်ပြပါ ဘုရားဟော ပိဋကတ်သုံးပုံ သို့မဟုတ် နိကာယ်ငါးရပ်သည် လောကီ လောကုတ္တရာ နှစ်ဖြာသောအကျိုးစီးပွား ဖြစ်ထွန်းမှု အတွက် များစွာအထောက်အကူပြု သောစာပေဖြစ်သည်။

ယင်းတို့အနက်
- ပဥ္စဝဂ္ဂီငါးဦးအား အဓိကထားဟောကြားခဲ့သော ဓမ္မစကြာတရားဦး၊
- သံဃာတော်များကို အဓိကထား ဟောကြားခဲ့သော ဘုရားရှင် အဆက်ဆက်ပို့၏ ဟရားဟော် ပါတိမောက် သုံးဂါထာ
- ဗုဒ္ဓဝါဒအနှစ်သာရ ဓမ္မပဒနှင့်
- ဗုဒ္ဓပရိနိဗ္ဗာန် မပြုမီမှာကြားခဲ့သော နောက်ဆုံးစကားတို့ကို စာမြည်းအဖြစ် အကျဉ်းချုံး၍ ဖော်ပြပါသည်။

## ဓမ္မစကြာတရားတော် (တရားဦး)

ဓမ္မစကြာတရားတော်ကို ဘုရားရှင်သည် မိဂဒါဝုန်၌ ပဥ္စဝဂ္ဂီငါးဦးကို ဟောတော်မူသည်။
ထိုဓမ္မစကြာတရားတော်၌ ဗုဒ္ဓပါဒီတို့အဖို့ အင်္ဂါ ၈ ပါးနှင့်ပြည့်စုံသော လမ်းစဉ်/ကျင့်စဉ်ပါရှိသည်။
ထိုကျင့်စဉ် ၈ မျိုး (ဝါ) မဂ္ဂင်ရှစ်ပါးမှာ-

| | | | |
|---|---|---|---|
| ၁။ သမ္မာဒိဋ္ဌိ | မှန်သော | - မြင်ခြင်း | ] ပညာ |
| ၂။ သမ္မာသင်္ကပ္ပ | မှန်သော | - ကြံစည်ခြင်း | ] ပညာ |
| ၃။ သမ္မာဝါစာ | မှန်သော | - ပြောဆိုခြင်း | ] သီလ |
| ၄။ သမ္မာကမ္မန္တ | မှန်သော | - ပြုလုပ်ခြင်း | ] သီလ |
| ၅။ သမ္မာအာဇီဝ | မှန်သော | - အသက်မွေးခြင်း | ] သီလ |
| ၆။ သမ္မာဝါယာမ | မှန်သော | - အားထုတ်ခြင်း | ] သီလ |
| ၇။ သမ္မာသတိ | မှန်သော | - သတိရှိခြင်း၊အမှတ်ရခြင်း | ] သမာဓိ |
| ၈။ သမ္မာသမာဓိ | မှန်သော | - တည်ကြည်ခြင်း၊ | ] သမာဓိ |



ဓမ္မစကြာတရားကို ဟောကြားပြီးသောအခါ အရှင်ကောဏ္ဍည အမှူးရှိသော ပဥ္စဝဂ္ဂီတို့သည် သောတာပန်ဖြစ်၍ အနတ္တလက္ခဏသုတ်ကို ဟောကြားပြီးသောအခါ ရဟန္တာများ ဖြစ်ကုန်ကြလေသည်။

## ဩဝါဒ ပါတိမောက် သုံးဂါထာ

ပိဋကတ်သုံးပုံအလုံးစုံကို အကုန်ပါအောင် ဂင်္ဂါဝါဠုသဲစုမက ပွင့်တော်မူပြီး ဖြစ်ကြကုန်သော ဘုရားရှင်အဆူဆူနှင့်တကွ ဂေါတမရှင်တော် ဘုရားတို့က အရှင်းဆုံးနှင့် အကျဉ်းရုံးပြီး ဟောတော်မူခဲ့သော ဩဝါဒ ပါတိမောက် သုံးဂါထာသည် မဂ်ဖေါက်ဖိုလ်ဝင်နိဗ္ဗာန်ကို မြင်စေနိုင်သည်။ ဘုရားရှင်အဆူဆူတို့၏ ကျင့်သုံးသော လက်သုံးတော် ဩဝါဒတော် ဖြစ်သည့်အပြင် နောက်ပွင့်တော်မူမည့် အဆူဆူသော ဘုရားရှင်တို့သည်လည်း ထိုအတိုင်း ဟောတော်မူကြမည်ဟု ကျမ်းဂန်မှာပါရှိပါသည်။

ပထမဝါဆိုပြီး တပို့တွဲလပြည့်နေ့တွင် ဝေဠုဝန်ကျောင်းတော်၌ မည်သူ တစ်ဦးတစ်ယောက်မျှ မဖိတ်ကြားရဘဲ မိမိတို့သဘော အလျောက် စုရုံးမိကြသော မဟာသံဃာ့စည်းဝေးပွဲကြီး၌ မြတ်စွာဘုရားသည် ရှင်သာရိပုတ္တရာနှင့် အရှင်မဟာမောဂ္ဂလာန် မထေရ်မြတ်နှစ်ပါးကို လကျာ်တော်ရံနှင့် လက်ဝဲတော်ရံ အရာထားတော်မူပြီး သာသနာတွင် တစ်ကြိမ်တည်း ကျင်းပသည့်ထိုအစည်း အဝေးပွဲကြီး၌ သံဃာမှ လွတ်မြောက်ကြောင်းဖြစ်သော ဩဝါဒပါတိမောက် ဒေသနာကို ဆုံးမဟောကြားတော်မူသည်။



၁။ ထိတိက္ခာ၊ ထိတိက္ခာဟုဆိုအပ်သော၊ ခန္တီ၊ သည်းခံခြင်းသည် ပရမံ၊ မွန်မြတ်လှစွာသော တပေါ၊ အကျင့်မြတ်ပါပေတည်း။ နိဗ္ဗာန်နံ၊ နိဗ္ဗာန်တရားကို ပရမံ၊ အမြတ်ဆုံးဟူ၍၊ ဗုဒ္ဓါ၊ ဘုရားရှင်တို့သည် ဝဒန္တိ၊ မိန့်ဆိုတော်မူကုန်၏။ ပရူပဃာတီ၊ သူတစ်ပါးကို သတ်ဖြတ် ညှင်းဆဲတတ်သူသည်၊ နဟိပဗ္ဗဇိတော၊ ရဟန်းမဟုတ်၊ ပရံ၊ သူတစ်ပါးကို၊ ဝိဟေဌယန္တော၊ ညှင်းဆဲနှိပ်စက်တတ်သော သူသည်၊ သမဏော၊ ရဟန်းကောင်း ရဟန်းမြတ်မည်သည်။ နဟောတိ၊ မဖြစ်နိုင် သည်သာတည်း။

၂။ အနုပဝါဒေါ, သူတစ်ပါးအား စွပ်စွဲပြစ်ဖွဲ့မကဲ့ရဲ့ ခြင်းသည် လည်းကောင်း၊ အနုပဃာတော၊ ကိုယ်နှုတ်ဥစ္စာသုံးဖြာဖြင့် မနှိပ်စက်ခြင်းသည် လည်းကောင်း၊ ပါတိမောက္ခေစသံဝရော၊ ပါတိမောက သံဝရသီလကို မြဲစွာမယွင်းစောင့်စည်းခြင်းသည် လည်းကောင်း။ ဘတ္တသ္မိံ၊ ဆွမ်းဘောဇဉ် အစားအစာဟူသမျှ၌၊ မတ္တညုတာစ အတိုင်းအရှည်ပမာဏကို သိသောအဖြစ်သည် လည်းကောင်း၊ ပန္တဉ္စသယနာသနံ၊ လူသိမနီးသော တောကျောင်း၌ နေခြင်းသည် လည်းကောင်း။ အဓိစိတ္တေစ၊ မွန်မြတ်သော စိတ်သမာဓိလုပ်ငန်း၌သာလျှင်၊ အယောဂေါ၊ အားထုတ်ခြင်းသည် လည်းကောင်း၊ ဧတံ ဤတရားတို့သည်၊ ဗုဒ္ဓါနံ၊ ကြောင်းကျိုးသိမြင် ဘုရားရှင်တို့၏။ သာသနံ၊ နှလုံးမှာစဘိဆုံးမမြဲဖြစ်သော ဗုဒ္ဓဝါဒကျေညာချက် ပါပေတည်း။

၃။ သဗ္ဗပါပဿ၊ အလုံးစုံသော အကုသိုလ်ကံမကောင်းမှုဟူသမျှကို၊ အကရဏံ၊ မပြုလုပ်ခြင်းလည်းကောင်း၊ ကုသလဿ၊ ကုသိုလ်ကောင်းမှုဟူသမျှ ကို၊ ဥပသမ္ပဒါ၊ ပြည့်စုံအောင်ဆည်းပူးအားထုတ်ခြင်းသည် လည်းကောင်း၊ သစိတ္တပရိယော ဒါပနံ၊မိမိစိတ်ကို ဖြူစင်စွာ ဝိပဿနာဖြင့် အားထုတ်ခြင်းလည်းကောင်း။ ဧတံ၊ ဤသုံးပါးသော ကိုယ်ကျင့်တရားသည်၊ ဗုဒ္ဓာနံ၊ အဆူဆူသော ဘုရားရှင်တို့၏ သာသနံ၊ အဆုံးအမထားသော ဩဝါဒစကားတော်ကြီး။ အစစ် ဖြစ်ပါပေသတည်း။

## ဓမ္မပဒ

ဓမ္မပဒပါဠိတော်သည် ဗုဒ္ဓသာသနာတော်၌လည်းကောင်း၊ ဗုဒ္ဓဝါဒကို စုံစမ်းလေ့လာသူ ပညာရှိ လောကနှင့် စာပေလောက၌လည်းကောင်း အထင်ရှားဆုံး အပျံ့နှံ့ဆုံးဖြစ်သည်။

ယင်းဓမ္မပဒပါဠိတော်ကို သီဟိုဠ်၊ ဟိန္ဒီ၊ လက်တင်၊ အင်္ဂလိပ်၊ ဂျာမဏီ၊ ပြင်သစ်၊ အီတလီ ဘာသာစသည်တို့ဖြင့် ဘာသာပြန်ထားကြသည်။ မကြာမီက တမယ်လ်ဘာသာဖြင့်လည်း ဘာသာပြန်ပြီး ပြီဟု သိရသည်။

ဓမ္မပဒသည် နိကာယ်ငါးရပ်တွင် နောက်ဆုံးဖြစ်သော ခုဒ္ဒကနိကာယ်၌ပါဝင်၏။ ခုဒ္ဒကနိကာယ်တွင် (၁၅) ကျမ်းရှိရာ ဒုတိယမြောက်ကျမ်းမှာ ဓမ္မပဒဖြစ်၏။

မြောက်ပိုင်းမဟာယာနတို့မှာလည်း ဓမ္မပဒ အမည်ရှိသော ကျမ်းစာများရှိပေသည်။ ဓမ္မပဒကျမ်းတို့တွင် လူသိအများဆုံးနှင့် အပြည့်စုံဆုံးသော ဓမ္မပဒမှာ ပါဠိဓမ္မပဒဖြစ်၏။

### ဓမ္မပဒနမူနာပုဒ်အချို့

၁။ ဤသူသည် ငါ့ကို ဆဲရေးဖူးပြီ၊ ငါ့ကိုညှင်းဆဲဖူးပြီ၊ ငါ့ကိုအောင်နိုင်ဖူးပြီ၊ ငါ့ဥစ္စာကို ဆောင်ယူဖူးပြီ၊ ဟု ထိုသူအပေါ်၌ ရန်ငြိုးဖွဲ့၏။ ထိုသူတို့အားရန်သည် မငြိမ်းအေးနိုင်။

၂။ ဤသူသည် ငါ့ကိုဆဲရေးဖူးပြီ၊ ငါ့ကိုညှင်းဆဲဖူးပြီ၊ ငါ့ကိုအောင်နိုင်ဖူးပြီ၊ ငါ့ဥစ္စာကို ဆောင်ယူဖူးပြီ၊ ဟု ထိုသူအပေါ်၌ ရန်ငြိုးမဖွဲ့ကုန်၊ထိုသူတို့အားရန်သည် အေးငြိမ်းနိုင်၏။

၃။ ဤလောက၌ ရန်တုံ့မူခြင်းဖြင့် ရန်တို့သည် ဘယ်သောအခါမျှ မငြိမ်းကုန်နိုင်၊ ရန်တုံ့မမူခြင်းဖြင့် သာလျှင် ရန်ငြိမ်းနိုင်ကုန်၏။ဤသည်ကား အစဉ်အလာသဘောတရားတည်း။

၄။ ဤလောက၌ လူမိုက်တို့သည် ငါတို့သေကြလိမ့်မည်ဟု မသိကြကုန် ထို့ကြောင့် ခိုက်ရန်ငြင်းခုန်မှုတို့သည် မပြေငြိမ်းနိုင်ကုန်၊ဤလောက၌ ပညာရှိသူတို့သည် ငါတို့သေကြလိမ့်မည်ဟု သိကြကုန်၏။ ထို့ကြောင့် ခိုက်ရန်ငြင်းခုန်မှုတို့ပြေငြိမ်းနိုင်ကုန်၏။

ဓမ္မပဒသည် ဗုဒ္ဓဘာသာဝင်များအတွက်သာမက နိုင်ငံတကာ၌ ဘာသာစကားမျိုးစုံဖြင့် ပြန်ဆိုရေးသားထားပြီးသော ကျမ်းဖြစ်၏။ နိုင်ငံတကာပုံစံဖြင့်ရေးသားထားသော စာတပုဒ်ကို နမူနာအဖြစ် တင်ပြပါသည်။

## အကဲ့ရဲ့မလွတ်သောလောက

မြတ်စွာဘုရားသခင် ဇေတဝန် ကျောင်းတော်တွင် သီတင်းသုံးတော်မူစဉ် တစ်နေ့၌ အတုလဥပါသကာ ခေါင်းဆောင်သော သူ၏အပေါင်းအဖော်ငါးရာတို့သည် တရားနာရန်ရောက်လာကြ၏။ ရှေးဦးစွာရှင်ရေဝတထံ ချဉ်းကပ်ကြ၏။ ရှင်ရေဝတသည် အနည်းငယ် နှုတ်ဆက်စကားပြောပြီး တိတ်ဆိတ်စွာ တရားထိုင်နေလေရာ ရှင်သာရိပုတ္တရာထံ သွားကြ၏။ ရှင်သာရိပုတ္တရာက ခက်ခဲနက်နဲသော အဘိဓမ္မာတရားသဘောများကို ကျယ်ဝန်းစွာ ဟောပြောရာ ငြီးငွေ့လာကြ၏။ သင့်တော်သော တရားကို နာယူမည်ဟု အရှင်အာနန္ဒာထံ သွားကြပြန်သည်။ အရှင်မြတ်က အခြေခံတရားများ၏ လိုရင်းသဘောတို့ကို တိုတိုတုတ်တုတ်ဟောပြောရာ နားမရှင်းဖြစ်ကြပြန်၏။ ထို့နောက် မြတ်စွာဘုရား၏ ရှေ့မှောက်သွားရောက်ကြပြီး လျှောက်ထားကြ၏။ "အရှင်ဘုရား၊ အရှင်ရေဝတက တရားမဟောပါ၊ သူ့ဘာသာနှုတ်ဆိတ်နေပါသည်။ ရှင်သာရိပုတ္တရာက ကျယ်ဝန်းစွာဟော၍ ငြီးငွေ့ကြပါသည်။ အရှင်အာနန္ဒာတရားဟောပုံမှာ တိုတိုကျဉ်းကျဉ်းဖြစ်၍ နားလည်ရန ခက်ပါသည်။ ဘယ်တရားနှင့်မှ အဆင်မပြေ၍ အရှင်ဘုရားထံ တရားနာရန်လာရောက်ကြပါသည်"ဟု လျှောက်ထားရာ ဘုရားရှင်ကအောက်ပါအတိုင်းဂါထာကို ဟောတော်မူသည်။

**ပါဠိဂါထာ**

ပေါရာဏမေတံ အတုလ၊ နေတံ အဇ္ဇတနာမိဝ၊
နိန္ဒန္တိ တုဏှိမာသီနံ၊ နိန္ဒန္တိ ဗဟုဘာဏိနံ၊
မိတ ဘာဏိမ္ပိ နိန္ဒန္တိ၊ နတ္ထိ လောကေ အနိန္ဒိတော၊

**မြန်မာပြန်**

အို အတုလ၊ကဲ့ရဲ့ခြင်းသည် ရှေးရိုးစဉ်လာပေတည်း။ ဤကဲ့ရဲ့ခြင်းသည် ယခုမှဖြစ်သည်မဟုတ်။ ဆိတ်ဆိတ်နေသူကိုလည်း ကဲ့ရဲ့ကုန်၏။ များစွာပြောဟောသူကိုလည်း ကဲ့ရဲ့ကုန်၏။ နှိုင်းချိန်၍ ပြောသောသူကိုလည်း ကဲ့ရဲ့ကုန်၏။ လောက၌ အကဲ့ရဲ့လွတ်သောသူမည်သည် မရှိပေ။

**အင်္ဂလိပ်ဘာသာပြန်**

**It is not new, O Atula! It has always been done from ancient times. They blame one who is silent, they blame one who speaks much, and they blame one who speaks little. There is no one in this world who is not blamed.**

**ဆောင်ပုဒ်**

လောကလူများ၊စိတ်အထားကား၊ စကားများလျှင်၊ အပြစ်တင်၏။ နည်းလျှင်ကဲ့ရဲ့၊ရှုံ့ချမဲ့၏။ မချဲ့လိုရင်း၊သင့်ရုံရှင်းလည်း၊ စိတ်တွင်းမကြိုက်၊ ကဲ့ရဲ့လိုက်၏။ နှစ်ချိုက်မှုကွာ၊ ဘာပဲမြင်မြင်၊ အပြစ်တင်သည်၊ ဤလျှင်လူ့သဘောပေတည်း။ (ကောဓဝဂ်၊အတုလဥပါသကာဝတ္ထု)။

---

### နောက်ဆုံးစကား

မြတ်စွာဘုရားသခင်သည် မဟာသက္ကရာဇ် ၁၀၄ -ခု (ခရစ်မပေါ်မီ ၄၈၃-ခုနှစ်) ကဆုန်လပြည့် အင်္ဂါနေ့နံနက် အရုဏ်တက်အချိန်တွင် ပရိနိဗ္ဗာန် စံဝင်တော်မူ၏။ ပရိနိဗ္ဗာန်စံဝင်တော်မူခါနီး နောက်ဆုံးမှာကြားခဲ့သောစကားတော်မှာ

"ရဟန်းတို့၊ယခုအချိန်၌ သင်တို့အား ငါဘုရားမှာကြားတော်မူခဲ့မည်။ သင်္ခါရတရားတို့သည် ပျက်စီးတတ်သော သဘောရှိကုန်၏။ သင်တို့သည် မမေ့မလျော့ဘဲ ကောင်းသော သတိနှင့် ပြည့်စုံကြကုန်လော့"ဟူ၍ဖြစ်၏။

---



## ငါးရာ့ငါးဆယ် ဇာတ်တော်များ

ဇာတကဟု ခေါ်သော ကျမ်းသည် ပါဠိစာပေတွင် အလွန်ထင်ရှားသည့် ကျမ်းဖြစ်သည်။ ဗုဒ္ဓ၏အတိတ် အလောင်းတော် ဘဝများအကြောင်းပါဝင်သည်။ ဇာတကကိုဇာတ်ဟုမြန်မာမှုပြုထားသည်။ ဝတ္ထုပုံပြင်များပါသဖြင့်ဇာတ်ဝတ္ထုဟု တွင်သည်။ ဝတ္ထုပေါင်း ၅၅၀-မျှ (၅၄၇)ပါ၍ "ငါးရာ့ငါးဆယ်" ဟုလည်း အမှတ်ရလွယ်အောင်ခေါ်ဝေါ်ထားသည်။

ယင်း၅၄၇-ဇာတ်အနက် ဆယ်ဇာတ်သည် အခြားဇာတ်တို့ထက် ပိုရှည်ခြင်း၊ ဘုရားအဖြစ်နှင့် အလွန်နီးကပ်၍ သာလွန်မြင့်မြတ်ခြင်းတို့ကြောင့် "ဇာတ်ကြီးဆယ်ဘွဲ့" ဟုအမည်ထူးပေးထားသည်။ ရှေ့ ၅၃၇ - ဇာတ်တို့မှာ ဘုရားလောင်း (ဗောဓိသတ္တ) အဖြစ်နှင့်သေးသည့် ဘဝများနှင့် ပတ်သက်နေပြီး နောက်ဆုံးဇာတ်ကြီး ဆယ်ဘွဲ့ကား ဘုရားဖြစ်ခါနီးရင့်နေပြီဖြစ်သော ဘုရားလောင်းဘဝများနှင့်ဆိုင်သည်။ ထို့ကြောင့် ဇာတ်ကြီးဆယ်ဘွဲ့သည် ငါးရာ့ငါးဆယ် ဇာတ်နိပတ်တော်အတွင်း၌ပင် ပါဝင်သည်၊ သီးခြားမဟုတ်ပေ။

---

ပဋ္ဌာန်းတရား= အဘိဓမ္မာ ၇ ကျမ်းအနက် နောက်ဆုံးကျမ်းဖြစ်၏။ အန္တရာယ် ကင်းရှင်းစေရန် အရံအတားအနေဖြင့် ရွတ်ဖတ်ကြခြင်းဖြစ်သည်။ (တနည်း) ဗုဒ္ဓသာသနာ ကွယ်ပျောက်သည့်အခါ ပဋ္ဌာန်းကျမ်းမှ စတင်ကွယ်ပျောက်မည်ဟု ဆိုကြသည်။ သို့ကြောင့် ပဋ္ဌာန်းရွတ်ဆိုပွဲများကို ကျင်းပကြခြင်းဖြစ်သည် ဟုလည်းဆိုကြပါသည်။

---

## ဗုဒ္ဓလမ်းစဉ်အကျဉ်း

ဗုဒ္ဓလမ်းစဉ်မှာ အခြားဘာသာအယူဝါဒများနှင့် လုံးဝကွာခြားသည်။ ဗုဒ္ဓသည်ပာန်ခိုးမျိုးစုံနှင့် ပြည့်စုံသူအရာကို ဖန်ဆင်းနိုင်စွမ်းရှိသူဟု မဆိုခဲ့၊ GOD ဆိုသော ထာဝရဘုရားမျိုးမဟုတ်၊ငါ၏ လမ်းစဉ်ကတော့ ဒီလိုရှိသည် လိုက်နာပါက လိုက်နာ ကြည့်ပါ။ အကျိုးရပါလိမ့်မည့်ဟုသာ မိန့်ဆိုခဲ့၏။

ဗုဒ္ဓရှင်တော်မြတ်၏ ဝါဒကို နေ၊လ နက္ခတ်တာရာ၊တော တောင် ရေ မြေ အစရှိသည်ပို့ကို မည်သူမှ ဖန်ဆင်းပေးထားတာမဟုတ်။ ဓာတ်ကြီးလေးပါးစုဝေးရာသာ ဖြစ်သည်။ ဤဓာတ်ကြီးလေးပါးတို့သည်-

၁။ ခက်မာသော ဓာတ်

၂။ ဖွဲ့စည်းသော ဓာတ်

၃။ ပူအေးသော ဓာတ်

၄။ လှုပ်ရှားသော ဓာတ်တို့ဖြစ်ကြသည်။

သက်ရှိသတ္တဝါများကိုလည်း မည်သူမှ မဖန်ဆင်းထားဘဲ အထက်ပါဓာတ်ကြီးလေးပါးအပြင် စိတ်ဟူသော ဓာတ်တစ်ပါးဖြင့် ပေါင်းစပ်တည်ဆောက်ထားသည်။ ဤဓာတ်ကြီးငါးပါးသည် ခဏခဏ ကလေးမျှ ရပ်နားခြင်းမရှိဘဲ အမြဲပြုပြင် ပြောင်းလဲခြင်းသဘောကို ဆောင်နေ၏။ စိတ်သည် အံ့ဩဖွယ် အကောင်းဆုံးဓာတ်ဖြစ်၏။

## သံသရာ

သတ္တဝါတို့၏ အစဉ်မပြတ် မရပ်မနားဖြစ်လိုက် ပျက်လိုက် ဖြစ်လိုက် ပျက်လိုက်နှင့် ဖြစ်ပျက် နေခြင်းသည် သံသရာဖြစ်၏။ ဗြဟ္မာ၊ နတ်၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်၊ ငရဲသားဆိုသည့် သတ္တဝါတို့သည် သေကြေပျက်စီးပြီး နောက် သူတို့၏ ကုသိုလ်၊ အကုသိုလ်များ အရ အဆက်မပြတ်မရပ်မနားဘဲ လူ့ပြည်၊ နတ်ပြည်၊ ငရဲပြည်၊ စသည့် ၃၁-ဘုံမှာ လှည့်လည်ဖြစ်ပျက် နေခြင်းသည် သံသရာပင်ဖြစ်သည်။ ဤကား သုတ္တန်တရားတော် အရဖြစ်၏။ အဘိဓမ္မာနည်းအရ တစ်မျိုးကောက်ယူနိုင်သေးသည်။

### သံသရာဝဋ်ဆင်းရဲ

အိုရခြင်း၊ နာရခြင်း၊ သေရခြင်း၊ ချစ်နှစ်သက်သူများနှင့် ကွေကွင်းရခြင်း၊ မချစ်မနှစ်သက်သူများနှင့် ပေါင်းသင်းဆက်ဆံရခြင်း၊ အလိုရှိသည်ကို မရခြင်းသည် တို့သည်သံသရာ၏ ဆင်းရဲဒုက္ခများဖြစ်၏။

### သံသရာဝဋ်ဆင်းရဲနှင့် အစဉ်တွေ့နေအောင် လုပ်ပေးသောအကြောင်း

တဏှာသာဖြစ်၏။ တဏှာဆိုသည်မှာ တတ်မက်ခြင်းဟု အဓိပ္ပာယ်ရ၏။ ကိုယ့်ကိုယ်ကို တတ်မက်ခြင်း ကိုယ်ပစ္စည်းကို တတ်မက်ခြင်း၊ ကိုယ့်မယား ကိုယ့်သားသမီးစသည့် သက်ရှိသက်မဲ့ အားလုံးကို တတ်မက်ခြင်းသည် တဏှာဖြစ်သည်။

### သံသရာဝဋ်ဆင်းရဲမှ ကင်းလွတ်ရအောင်

သတ္တဝါတစ်ဦးသည် သေပြီးသည့်နောက် ၃၁ ဘုံရှိသည့် အနက် မည်သည့်ဘုံ၌မှ ပြန်မဖြစ်ခြင်းသည် သံသရာမှ လွတ်ကင်းခြင်းဖြစ်၏။

သံသရာမှ ကွတ်ကင်းရအောင်-

-သီလလုံခြုံရမည်။ ပြီးလျှင်

-သမာဓိ ခိုင်ခံ့အောင် ပွားရမည်။

-ထိုနောက် ပညာစခန်းတို့ရောက်အောင် အားထုတ်ရပါမည်။

### သီလအဆင့်

ငါးပါးသီလ၊ ရှစ်ပါးသီလ ကိုးပါးသီလ၊ ဆယ်ပါးသီလ စသည်တို့ကို ဆိုလိုသည်။

### သမာဓိအဆင့်

သမာဓိဆိုသည်မှာ မရပ်မနားလှုပ်ရှားနေတတ်သော စိတ်သည် တစ်ခုတည်းသော အာရုံ၌ ကောင်းစွာ တည်ငြိမ်နေခြင်းဟု အဓိပ္ပာယ်ရ၏။ စိတ်ကို ဤသို့တည်ငြိမ်နေအောင် လုပ်ဖို့ နည်းပေါင်းလေးဆယ်ရှိ၏။ မြေ၊ ရေ၊ မီး၊ လေ အသုဘ စသည်တို့အနက် မိမိကြိုက်နှစ်သက်ရာ အရာဝတ္ထုတစ်ခုခု ပေါ်မှာ စိတ်တည်ငြိမ်အောင် ထားရသော နည်းများ ဖြစ်၏။

ဤသို့ မိမိနှစ်သက်ရာနည်းတစ်ခုခုဖြင့် စိတ်ကို အာရုံတစ်ခုခုပေါ်မှာ တည်ငြိမ်အောင် လုပ်ပေးရမည်။ ဤသို့လုပ်ပေးခြင်းဖြင့် စိတ်သည် အပြစ်ကင်းသော အာရုံတစ်ခုခုပေါ်တွင် တည်ငြိမ်နေပြီဆိုလျှင် စိတ်၏တည် ငြိမ်မှုကို သမာဓိဟုခေါ်သည်။

### သီလသမာဓိ အကျိုးပေးပုံ

သီလနှင့်ပြည့်စုံသော ပုဂ္ဂိုလ်သည် ကွယ်လွန်သည့်အခါ လူ့ဘဝနှင့် နတ်ဘဝမှာ ပြန်ဖြစ်နိုင်သည်။ ဗြဟ္မာဘုံအထိ မဖြစ်နိုင်ပါ။

သမာဓိနှင့် ပြည့်စုံပါမှ ဗြဟ္မာဘုံသို့ တက်လှမ်းနိုင်သည်။

### ပညာအဆင့်

ပညာအဆင့်ကို ရောက်အောင်လုပ်ရန် အဓိကကျသော အချက်မှာ ရုပ်နာမ်ခန္ဓာတို့၏ ဖြစ်ပျက်သဘောကို မြင်အောင်လုပ်ခြင်းဖြစ်၏။ ဤအမြင်ကို မရသရွေ့ ရုပ်နာမ်ချုပ်ငြိမ်းရာနိဗ္ဗာန်ကို မြင်နိုင်ကြမည် မဟုတ်ပေ။

ဘုရားရှစ်ခိုးရုံ၊ ဘုရားမှာ ဆုတောင်းရုံနှင့်လည်း အမြင်မှန်မရနိုင်ပါ။



## အမြင်မှန်ရအောင် အားထုတ်နည်း

တရားထိုင်ခြင်းကို ဆိုလိုသည်။ ဆရာသမား၏ ညွှန်ကြားချက်အတိုင်း တိတိကျကျလိုက်နာပြီး လုံ့လဝီရိယရှိခြင်းဖြင့် အောင်ပန်းကို ရယူနိုင်ပါသည်။ တရားထိုင်ပြီးသောပုဂ္ဂိုလ်သည် တစ်သက်လုံး ရပ်နားခြင်းမရှိဘဲ လှုပ်ရှားနေသော စိတ်တဖြည်းဖြည်းနှင့် တည်ငြိမ်လာသည်က တွေ့ရပါသည်။ စိတ်သည်တည်ငြိမ်မှု ရလာသောအခါ လောဘနှင့် ဒေါသတို့ကင်းစင်၍ ထိုသို့ကင်းစင်သည်နှင့်အမျှ အမြင်မှန်ကိုရကာ အရိယာစခန်းကို တစ်ဆင့်ပြီးတစ်ဆင့် တက်လာပါသည်။ အဆင့် ၁၁ ဆင့်ကို လွန်မြောက်ပြီးသည်နှင့် အမြင်မှန်ရသော သောတာပန်စခန်း (ပထမစခန်းကို) ရောက်ကြပါသည်။ သောတာပန်စခန်းကို ရောက်ပြီးသော ပုဂ္ဂိုလ်သည် သေဆုံးပြီးနောက် အပါယ်လေးဘုံ၌ ဘယ်တော့မှ မဖြစ်နိုင်တော့ပါ။

သောတာပန်စခန်းကို ရောက်ပြီးသောသူ၏ လောဘ-ဒေါသတို့သည် ရှေးကလိုမဟုတ်တော့ဘဲ လျော့ပါးသွားပါသည်။ သောတာပန်စခန်းနှင့် တင်းတိမ်ခြင်းမရှိဘဲ ဆက်ပြီးတရားအားထုတ်သည့် ယောဂီသည် သကဒါဂါမ်စခန်း၊ အနာဂါမ်စခန်းနှင့် ရဟန္တာစခန်းအထိ ယခုဘဝ၌ပင် ရောက်နိုင်ပါသည်။

## ဗုဒ္ဓဘာသာဝင်တို့လိုက်နာကြရမည့်အခြေခံအချက်များ

ထေရဝါဒ ဗုဒ္ဓဘာသာဝင်တို့ ကိုးကွယ်ဆည်းကပ်ရမည့်အရာကား အဓိက အားဖြင့် ရတနာသုံးပါးသာဖြစ်သည်။ ဘုရားကိုးကွယ်ခြင်း၊ တရားကိုကွယ်ခြင်း၊ သံဃာကိုးကွယ်ခြင်းဖြင့် ဘုရား၏ အဆုံးအမ၊ တရား၏ ဆုံးမမှု၊ သံဃာ၏ ဆုံးမမှုကိုခံယူပြီးနောက် ရာသက်ပန် ကျင့်သုံး ရမည့် ကျင့်ဝတ်မှာ ငါးပါးသီလ (သိက္ခာပုဒ်ငါးပါး) ဖြစ်၏။

သရဏဂုံသုံးပါးဆောက်တည်ရန်

၁။ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
ဓမ္မံ သရဏံ ဂစ္ဆာမိ။
သံဃံ သရဏံ ဂစ္ဆာမိ။

၂။ ဒုတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
ဓမ္မံ သရဏံ ဂစ္ဆာမိ။
သံဃံ သရဏံ ဂစ္ဆာမိ။

၃။ တတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
ဓမ္မံ သရဏံ ဂစ္ဆာမိ။
သံဃံ သရဏံ ဂစ္ဆာမိ။

**သရဏဂုံသုံးပါး၏အဓိပ္ပာယ်-**

ဗုဒ္ဓံ၊ မြတ်စွာဘုရားကို၊ သရဏံ၊ ကိုးကွယ်ရာဟူ၍၊ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။
ဓမ္မံ၊ တရားတော်မြတ်ကို၊ သရဏံ၊ ကိုးကွယ်ရာဟူ၍၊ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။
သံဃံ၊ သံဃာတော်မြတ်ကို၊ သရဏံ၊ ကိုးကွယ်ရာဟူ၍၊ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။
ဒုတိယမ္ပိ၊ နှစ်ကြိမ်မြောက်လည်း . . . . . ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။
တတိယမ္ပိ၊ သုံးကြိမ်မြောက်လည်း . . . . . ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။

### ခါးဝတ်ပုဆိုးကဲ့သို့ စောင့်ထိန်းရမည့်ငါးပါးသီလ

၁။ ပါဏာတိပါတာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
၂။ အဒိန္နာဒါနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
၃။ ကာမေသုမိစ္ဆာစာရာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
၄။ မုသာဝါဒါ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
၅။ သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

# ပိဋကတ်သုံးပုံမှအပအခြားထင်ရှားသည့် ဗုဒ္ဓစာပေကျမ်းစာများ

## ကထာဝတ္ထုပါဠိတော်

အသောကမင်းကြီးက သာသနာကို အကြမ်းအားဖြင့် သန့်စင်စေ ပြီးနောက် အရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ်က ထပ်မံ၍ အနုစိတ်စစ်ဆေးကာ စင်ကြယ်စေ၏။ ထေရဝါဒမှ တစ်ပါးသော ဂိုဏ်းတို့၏ အယူဝါဒများ မှားယွင်းပုံကို အပြန်အလှန် အမေးအဖြေ အခြေအတင်ပြုလုပ်၍ ဝါဒတစ်ခုချင်းကို စိစစ်ဖယ်ထုတ်တော်မူခဲ့သည်။ ဤသို့အခြားဂိုဏ်းသားတို့၏ အယူဝါဒမှားယွင်းပုံကို အရှင်မဟာမောဂ္ဂလိပုတ္တတိဿက ထောက်ပြ ဝေဖန် သည့်ကျမ်းကိုကထာဝတ္ထုပါဠိတော်ဟု ခေါ်သည်။ သစ်ပင်၌ ပေါက်နေသော ကြီးပေါင်းများကိုခွါချ ပစ်သကဲ့သို့ မူရင်းဗုဒ္ဓဘာသာဖြစ်သော ထေရဝါဒပင်မကြီးအား တွယ်ကပ်လာသော ဆင်တူရိုးမှားတရားတုများကို ပယ်လှန်ခွါချသော ကျမ်းကြီးဖြစ်၏။

## မိလိန္ဒပဉှာ

အသောကနိုင်ငံတော်ကြီး ပြိုကွဲပြီးနောက် ယောနကနှင့်ကသ္မီရ, ဂန္ဓာရကို ဆက်လက်အုပ်စိုးသော ဂရိမင်းဆက် ၃၀ -ခန့်မျှရှိသည့်အနက် သာသနာသက္ကရာဇ် ၅၀၀-၌ ပေါ်ထွန်းခဲ့သော မိလိန္ဒမင်းကြီးကား ပညာရှိဘုရင်တစ်ပါးဖြစ်၏။ ထိုမင်းသည် မိမိကိုယ်တိုင် မရှင်းလင်းသော အချက်များကို အရှင်နာဂသေနအမည်ရှိ ရဟန္တာမထေရ်မြတ်အား မေးမြန်းလျှောက်ထားသည်။ မထေရ်မြတ်သည် မင်းကြီး၏ သံသယများကို အချက်ကျကျပယ်ရှင်းရန် မေးခွန်းတိုင်းကို တိကျပြတ်သားစွာ ဖြေဆိုတော် မူခဲ့၏။ ထိုပညာရှိ မိလိန္ဒမင်းနှင့် အရှင်နာဂသိန်တို့၏ အမေးအဖြေကို မှတ်တမ်းတင်ထားသော ကျမ်းသည် မိလိန္ဒပဉှာကျမ်း မည်၏။

မိလိန္ဒပဉှာကျမ်းသည် ထေရဝါဒသာသနာ၌ ဘုရားဟောကျမ်း နှင့် တန်းတူပါဠိတော်စာရင်းဝင်ဖြစ်သည်။ အဋ္ဌကထာဋီကာ ဆရာကြီးများက ယင်းကျမ်းကို လေးစားခဲ့ကြရသည်။

ထို့ကြောင့် မိလိန္ဒပဉှာကျမ်းသည် ထေရဝါဒဂိုဏ်း၏ မူရင်းကျမ်းတစ်ဆူ သာဖြစ်သည်ဟု မှတ်ယူသင့်သည်။ ဤမိလိန္ဒပဉှာကျမ်းသည် အရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ်နှင့် အသောကမင်းကြီးတို့၏ ကိုးတိုင်းကိုးဌာန သာသနာပြုလုပ်ငန်းမှ အသီးအပွင့် တစ်ခုဖြစ်လေသည်။

## အဋ္ဌကထာ

(အဋ္ဌကထာ - ပါဠိတော်၏ အနက်အဓိပ္ပာယ်ဖွင့်ပြကြောင်းစကား)

အဋ္ဌကထာဟူသည် မူရင်းအဋ္ဌကထာများနှင့် မြန်မာစသော ထေရဝါဒနိုင်ငံများတွင် ယခုပို့ချနေကြရသော အဋ္ဌကထာများဟူ၍ရှိပါသည်။ မူရင်းအဋ္ဌကထာများမှာ အရှင်မဟာကဿပစသော မထေရ်မြတ်တို့ ပဋ္ဌမသံဂါယနာတင်တော်မူစဉ်ကပင် ပါဝင်ခဲ့ပါသည်။

ယခုပို့ချနေကြရသော အဋ္ဌကထာများကား ထိုကျယ်ဝန်းလှသော ရှေးအဋ္ဌကထာကြီးကို အကျဉ်းချုံး၍ စီရင်စေကာမူ လိုရင်းဖြစ်သော အဖွင့်တို့ကိုကား ပြင်ဆင်ခြင်းမရှိပါ။ ကျမ်းပြုပုဂ္ဂိုလ်များ၏ ထုံးစံအတိုင်း မိမိတို့လက်လှမ်းမှီရာ အဖြစ်အပျက်အကြောင်းအရာ ဝတ္ထုတို့ကိုသာ ထည့်သွင်းထားပါသည်။

## ဋီကာ

အဋ္ဌကထာ၏ မရှင်းသောအချက်များကို ထပ်ဆင့်၍ ဖွင့်သောကျမ်းကို ဋီကာကျမ်းဟုခေါ်သည်။ ဋီကာကျမ်းပြု ဆရာများတွင် သီရိလင်္ကာမှ ရှင်အာနန္ဒာသည် အထူးထင်ရှား၏။ မြန်မာနိုင်ငံမှ ပညာရှိဆရာတော် အချို့လည်း ဋီကာကျမ်းများကို ပြုစုကြရာတွင်ပါဝင်ကြပါသည်။



## ရှင်မဟာဗုဒ္ဓဃောသ၏ ကျမ်းစာများ

ပါဠိဘာသာဖြင့် အဋ္ဌကထာကျမ်းအများဆုံး ရေးသားပြုစုခဲ့သော ဆရာတော်မြတ် တစ်ပါးဖြစ်၏။ ဆရာမြတ်၏ မွေးရပ်ဇာတိကိုမသိရ၊ ဗုဒ္ဓဂါယာနှင့် အရှေ့အိန္ဒိယ ဒေသ၌ အချိန်အတော်ကြာအောင် နေထိုင်ခဲ့၍ သီဟိုဠ်ရဟန်းတော်များနှင့် လွန်စွာရင်းနှီးသူဖြစ်၏။ ထိုအရှင်သည် သီဟိုဠ်ဘုရားဖူးများအတွက် ရည်မှန်း၍ သမုဒြဂုတ္တ ဘုရင် (AD-၃၃၀-၃၈၀) ကတည်ဆောက်ခဲ့သော ဝိဟာရကျောင်းတော်၌ သီတင်းသုံးခဲ့သောပုဂ္ဂိုလ် ဖြစ်သည်။ ထိုစဉ်ကသီဟိုဠ်ရဟန်းတော်များသည် ပါဠိဘာသာကို ကျွမ်းကျင်စွာ သုံးစွဲနေကြလျက်ရှိကြသည်။ ထိုအချိန်မှာ အိန္ဒိယနိုင်ငံ၌ သက္ကတ **Sahskrit** ဘာသာကို အများကသုံးစွဲနေကြပြီ ပါဠိဘာသာကို အသုံးမပြုသလောက် ဖြစ်နေလေပြီ၊ ရှင်မဟာဗုဒ္ဓဃောသသည် သီဟိုဠ်ကျွန်းရှိ မဟာဝိဟာရ ကျောင်းတော် ၌ အချိန်အတော်ကြာအောင် သီတင်းသုံးနေထိုင် ခဲ့သေး၏၊ ထိုကျောင်းတော်၌ရှိသော ဗုဒ္ဓကျမ်းစာများကို စေ့စုံစွာလေ့လာခဲ့ပြီး ပိဋကတ် သုံးပုံ၏ အနှစ်ချုပ်ဟု တင်စားပြောဆိုခြင်းခံရသော ဝိသုဒ္ဓိမဂ္ဂကျမ်းကြီးကို ပါဠိဘာသာဖြင့် ရေးသားခဲ့သည်။

သူသည် ဝိနည်းပါဠိတော်၏အဖွင့်ကျမ်း, အဘိဓမ္မာပါဠိတော်၏ အဖွင့်ကျမ်းများကို ရေးသားတော်မူခဲ့သည့် အပြင် ဓမ္မပဒ အဋ္ဌကထာ, ဇာတကအဋ္ဌကထာ စသည်ကျမ်းများပါဝင်သည်။

## * ရှင်ဗုဒ္ဓဒတ္တ Buddhadatta ၏ ကျမ်းစာများ

အိန္ဒိယနိုင်ငံတောင်ပိုင်း ယခု ဥရဂပူရ (**Uragapura**) ဒေသ၌ မွေးဖွားခဲ့သော ရဟန်းတော် ဖြစ်သည်။ သူသည် သီဟိုဠ်ကျွန်း အနုရာဓပူရမြို့ရှိ မဟာဝိဟာရကျောင်းတော်၌ သီတင်းသုံးခဲ့သူဖြစ်သည်။ သီဟိုဠ် ကျွန်းမှ ပြန်လာပြီး ကာဗေရီမြစ်ကမ်းဘေး၌ အဘိဓမ္မာဝတာရ ကျမ်းကို ရေးသားပြုစုခဲ့၏။ ရှင်မဟာဗုဒ္ဓဃောသ၏ လက်ရာများကို အခြေပြုရေးသားခြင်းဖြစ်သည်။

## *ရှင်ဓမ္မပါလရေးသားပြုစုသောကျမ်းများ

အိန္ဒိယနိုင်ငံတောင်ပိုင်းသားဖြစ်၏။

သူက ရှင်မဟာဗုဒ္ဓဃောသ ဖွင့်ဆိုဖြစ်ခဲ့သော ပိဋကတ်တော်ကျမ်းများကို ထပ်ဆင့်ဖွင့်ဆိုရေးသားခဲ့သော ဆရာတော်ဖြစ်သည်။ မူရင်းပါဠိတော်ကို အများနားလည်အောင် ရှင်းလင်းဖော်ပြထားသော ကျမ်းများဖြစ်၏။

## သီဟိုဠ်ဆရာတော်များ ပြုစုရေးသားထားသောကျမ်းများ

သက္ကရာဇ် ၄-ရာစု ကုန်ခါနီးအချိန် သီဟိုဠ်ကျွန်းမှ မထေရ်ကြီးတစ်ပါး ရေးသားပြုစုခဲ့သော သီဟိုဠ်သာသနာဝင်ကျမ်းဖြစ်သော ဒီပဝံသကျမ်း စသည် တို့မှာလည်း အရေးပါသော ဗုဒ္ဓသာသနာနှင့် ပတ်သက်သည့် ကျမ်းများ ဖြစ်ပါသည်။

## ဝိသုဒ္ဓမဂ်

ဝိသုဒ္ဓိမဂ်= နိဗ္ဗာန်ရကြောင်း အကျင့်လမ်း-ကျမ်း ပိဋကသုံးပုံ၏ အနှစ်အရသာအစုဖြစ်၏။

သံဂါယနာသုံးတန်တင် ပိဋကသုံးပုံဟူသော ဘုရားစကားတော်၏ လိုရင်းအနှစ်သာရဖြစ်သော အနက်တို့ကို အကျဉ်းချုံး၍ ဖော်ပြထားသော ကြောင့် ဖြစ်သည်။

အရှင်မဟာဗုဒ္ဓဃောသမထေရ်မြတ်က မြတ်စွာဘုရားသခင် ပရိနိဗ္ဗာန် စံတော်မူပြီးနောက် ရာစုနှစ်အတွင်း (သာသနာနှစ် ၉၇၃-ခုနှစ်)က စီရင်တော်မူခဲ့သည်။ သီဟိုဠ်ကျွန်း အနုရာဓပုရမြို့ မဟာဝိဟာရကျောင်းတိုက် ၌။

- သူတော်ကောင်းတို့အား နိဗ္ဗာန်ကိုရကြောင်းဖြစ်သော အကျင့်ပဋိပတ်ရှု၌ လမ်းမှန်ကို သိစေလိုခြင်း
- အရှင်သံဃပါလ မထေရ်က တောင်းပန်တိုက်တွန်းခြင်းတို့ကြောင့် စီရင်တော်မူခဲ့သည်။

ထက်မြက်နက်နဲလျှင်မြန်သော ဉာဏ်ရည်ဉာဏ်စွမ်း အထူးနှင့်ပြည့်စုံသည့် ဝိသုဒ္ဓိမဂ် အစရှိသော ကျမ်းများကို ပြုစုခဲ့သည်။

## ပရိတ်ကြီး

ဗုဒ္ဓဘာသာမြန်မာ လူမျိုးတိုင်း ပရိတ်ကြီး ဟူသော စကားကို ကြားဖူးမည်၊ အလှူဒါန ပြုလုပ်သည့်အခါ၊ ဘုန်းတော်ကြီးများ ပရိတ်ရွတ်သည်ကို မကြာခဏကြားနာဖူးကြပါမည်။

ရပ်ကွက်များအတွင်းရှိ ဓမ္မာရုံနှင့် ဇရပ်တန်ဆောင်းစသည်တို့၌လည်း လူကြီးလူငယ်များစုပေါင်း၍ ပရိတ်ရွတ်ဖတ်လေ့ရှိကြပါသည်။

ထို့ပြင် တစ်ဦးချင်း တစ်ယောက်ချင်းအနေဖြင့် တစ်သုတ်ဖြစ်စေ၊ နှစ်သုတ်ဖြစ်စေ၊ သုံးသုတ်ဖြစ်စေပရိတ်ကို နေ့စဉ်မပြတ်စွဲမြဲယုံကြည်စွာ ရွတ်ဖတ်နေကြသော လူပုဂ္ဂိုလ်တို့လည်း အမြောက်အမြားပင်ရှိပါသည်။ "ပရိတ်" ဟူသော စကားလုံးမှာ "ပရိတ္တ" ဟူသောပါဠိပုဒ်ကို မြန်မာမှုပြုထားခြင်းဖြစ်ပါသည်။ မူရင်းအနက်မှာ "အကာအကွယ်" "အရံအတား" ဟူ၍ဖြစ်ပါသည်။

မြတ်စွာဘုရားသည် လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါတို့အား တရားဟော ကြားရာ၌ အခြေခံအားဖြင့် သစ္စာလေးပါး အမှန်တရားကို သိမြင်၍ အို၊ နာ၊ သေမှု ဆင်းရဲအစုတို့ဖြင့်ပြီးသော သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်ရေး ဟူသော "ဝိမုတ္တိရသ" ကိုသာ ဦးတည်ဟောကြားခဲ့ပါသည်။ သို့ရာတွင် မဟာကရုဏာတော်ရှင်ဖြစ်သော ဗုဒ္ဓရှင်တော်မြတ်သည် ကိုယ်တော်၏ မျက်မှောက်တွင် သတ္တဝါတို့ ရင်ဆိုင်ကြုံတွေ့နေကြရသော ဘေးအန္တရာယ် အမျိုးမျိုးတို့ကိုလည်း ဥပေက္ခာပြုလစ်လျူရှု၍ မနေခဲ့ပါ။ ပစ္စုပ္ပန်ဘေးအန္တရာယ်တို့မှ လွတ်မြောက်ရေးနည်းလမ်းများကိုလည်း အခါအခွင့်အားလျော်စွာ ဟောကြားညွှန်ပြခဲ့ပါသည်။

ပရိတ်ကြီး ဟူသည် နိကာယ် ငါးရပ် ပိဋကတ် သုံးသွယ်တို့မှ ဘေးအန္တရာယ် ကာကွယ်တားဆီးရေးကို အညွှန်းပြုထားသော ဟောကြားချက်များဖြစ်ပါသည်။

# ပရိတ်ကြီး ၁၁–သုတ်

မြန်မာနိုင်ငံ သာသနာ့သမိုင်းတွင် အလွန်ရှေးကျသော အချိန်ကာလ မှစ၍ ပရိတ်ကြီးစာရင်းတွင် ပါဝင်ခဲ့သော သုတ်များမှာ (၁၁)သုတ် ရှိပါသည်။ ထိုသုတ်များကို ပရိတ်ကြီးစာရင်း၌ ထည့်သွင်းထားခြင်းကား အကြောင်းမဲ့ မဟုတ်။ မိလိန္ဒပဥှာကျမ်းနှင့် ရှင်မဟာဗုဒ္ဓဃောသ၏ အဋ္ဌကထာ အဆို အမိန့်များကို အထောက်အထားပြုလျက် ရှေးပညာရှင်များက စီစဉ်သတ်မှတ်ခဲ့ခြင်းကြောင့် ဖြစ်ပါသည်။

ပရိတ်ကြီး ၁၁–သုတ်မှာ အောက်ပါတို့ဖြစ်ကြပါသည်။

၁။ မင်္ဂလသုတ်
၂။ ရတနသုတ်
၃။ မေတ္တသုတ်
၄။ ခန္ဓသုတ်
၅။ မောရသုတ်
၆။ ဝဋ္ဋသုတ်
၇။ ဓဇဂ္ဂသုတ်
၈။ အဋာနာဋိယသုတ်
၉။ အင်္ဂုလိမာလသုတ်
၁၀။ ဗောဇ္ဈင်္ဂသုတ်
၁၁။ ပုဗ္ဗဏှသုတ်

## ပရိတ်ရွတ်ခြင်းအစဉ်အလာ

ရှင်မဟာမောဂ္ဂလန်နှင့် ရှင်မဟာကဿပတို့ နာမကျန်းဖြစ်နေကြစဉ် မြတ်စွာဘုရားက ဗောဇ္ဈင်္ဂသုတ်ကို ဟောကြားရာ မထေရ်နှစ်ပါးတို့မှာ ချက်ချင်းပင် ရောဂါမှထမြောက်ခဲ့ကြကြောင်း၊ မြတ်စွာဘုရားကိုယ်တော်တိုင် နာမကျန်းဖြစ်စဉ်ကလည်း ရှင်မဟာကဿပ ရွတ်ဆိုသော ဗောဇ္ဈင်္ဂသုတ်ကို နာကြားခြင်းဖြင့် ရောဂါမှ ထမြောက်တော် မူခဲ့ကြောင်း၊ အရှင် အင်္ဂုလိမာလ မထေရ် သည်လည်း မီးမဖွား နိုင်ဘဲဖြစ်နေသော အမျိုးသမီးထံသို့ သွား၍ "ယတောဟံဘဂိနိ" အစရှိသော သစ္စာစကားကို မြွက်ဆိုခြင်းဖြင့် ချမ်းသာစွာ မီးဖွားစေ နိုင်ခဲ့ ကြောင်း ပိဋကတ် ကျမ်းဂန်တို့၌ ဖော်ပြချက် များ ရှိပါသည်။

ထိုကဲ့သို့သောအကြောင်း အတ္ထုပ္ပတ္တိတို့အရ မြတ်စွာဘုရားလက်ထက်ကပင် ပရိတ်ရွတ်ခြင်း အစဉ်အလာ ရှိခဲ့ကြောင်း သိရ ပါသည်။



## သီရိမင်္ဂလာပရိတ်တော်

(ပရိတ်တော်ပေါင်း ၃၀-ပါးပါဝင်သော သီရိမင်္ဂလ ပရိတ္တပါဠိ)

မြတ်စွာဘုရားဟောကြားတော်မူအပ်သော ပိဋကတ်တော်ဝယ် သုတ်ဒေသနာတော်နှင့် ပရိတ် ဒေသနာတော် အများအပြားရှိသော်လည်း ၊ သင်္ဂါယနာတင် ရဟန္တာအရှင်ကြီးတို့နှင့် ပိဋကတ်အရာ ကျွမ်းကျင်လိမ္မာတော် မူသော ဆရာတော်ကြီးအဆက်ဆက်တို့ ရွတ်ဘတ်သရဇ္ဈာယ်ကြသဖြင့် တန်ခိုး အာနုဘော်ကြီးမား၍ ထင်ရှားကျော်စောသော သုတ်တော်နှင့် ပရိတ်တော်တို့ကို ထုတ်နုတ်ပေါင်းစု၍ ထားပါသည်။

### ပရိတ်တော်သုတ်

(၁) မင်္ဂလသုတ်
(၂) ရတနသုတ်
(၃) မေတ္တသုတ်
(၄) ခန္ဓသုတ်
(၅) မောရသုတ်
(၆) ဝဋ္ဋသုတ်
(၇) ဓဇဂ္ဂသုတ်
(၈) အာဋာနာဋိယသုတ်
(၉) အင်္ဂုလိမာလသုတ်
(၁၀) ဗောဇ္ဈင်္ဂသုတ်
(၁၁) ပုဗ္ဗဏှသုတ်
(၁၂) မဟာသမယသုတ်
(၁၃) သမ္မာပရိဗ္ဗာဇနီယသုတ်
(၁၄) ပုရာဘေဒသုတ်
(၁၅) ကလဟဝိဝါဒသုတ်
(၁၆) စူဠဗျူဟသုတ်
(၁၇) မဟာဗျူဟသုတ်
(၁၈) တုဝဋကသုတ်
(၁၉) မဟာအာဋာနာဋိယသုတ်
(၂၀) အဘိဏှသုတ်
(၂၁) ဓမ္မစက္ကပ္ပဝတ္တနသုတ်
(၂၂) အနတ္တလက္ခဏသုတ်
(၂၃) ဓမ္မပဒပါဠိ
(၂၄) မဟာသတိပဋ္ဌာနသုတ်
(၂၅) ပဋ္ဌာနပစ္စယုဒ္ဒေသ
(၂၆) ပဋ္ဌာန ပစ္စယနိဒ္ဒေသ
(၂၇) ဗြဟ္မဇာလသုတ်
(၂၈) ဆဒ္ဒန္တပါလသုတ်
(၂၉) စက္ကပရိတ္တသုတ်
(၃၀) ပရိမိတ္တဇာလသုတ်
(၃၁) ဥပ္ပါတသန္တိ

ပရိတ်တော် (၃၁) မျိုးထားခြင်းမှာ ဘုံ (၃၁) ၌ ရှိသော သတ္တဝါအများတို့ ဘေးဥပဒ် အန္တရာယ်ကင်း၍ တိုးတက်ကြီးပွါးရန် ဖြစ်ပါသည်။ ထိုပရိတ်တော် (၃၁) မျိုးကို တနင်္ဂနွေနေ့ကစ၍ စနေနေ့အထိ ရက်သတ္တတပတ်တွင် ပြီးဆုံးနိုင်ရန် ခုနစ်ပိုင်းပိုင်း၍ တနေ့ တပိုင်း စီစဉ်ထား ပါသည်။

# ပါဠိဘာသာ


ဗုဒ္ဓမြတ်စွာသက်တော်ထင်ရှားရှိစဉ်က မဂဓတိုင်း၊ ကောသလတိုင်း စသော မဇ္ဈိမဒေသ၌ ပြည်သူအများ ပြောဆိုသုံးစွဲနေခဲ့သော ဘာသာစကား တစ်ခုရှိ၏။ ထိုစကားကို မဂဓတိုင်းသူပြည်သားတို့ သုံးစွဲသောကြောင့် မာဂဓီဘာသာဟု ခေါ်၏။ မြတ်စွာဘုရားရှင်သည် ထိုမာဂဓီဘာသာဖြင့် တရားဟော တော်မူခဲ့သည်။


မြတ်စွာဘုရားဟောတော်မူသော စကားစဉ် ဒေသနာတော်အစဉ်ကို ပါဠိဟု ခေါ်သည်။

"ပါဠိ" ဟူသည် "အစဉ်အတန်း" ဟုဆိုလိုသည်။ မြတ်စွာဘုရား၏ စကားတော်ဒေသနာတော် အစဉ်သည် မာဂဓီဘာသာဖြင့် တည်ရှိ၍ ဘုရားဟော ဒေသနာတော်ကို ပါဠိဟု ခေါ်ရာမှ အချိန်ကြာသောအခါ မာဂဓီဘာသာကိုလည်း ပါဠိဘာသာဟု ခေါ်ကြလေသည်။ ထိုဘုရားဟော ပါဠိဘာသာကို ထေရဝါဒဂိုဏ်းကြီးက ဤခေတ်တိုင်အောင် ဆက်လက်ထိန်းသိမ်းလာခဲ့ရာ လွန်ခဲ့သော ၂၅၀၀-က မူရင်းအတိုင်း ဆက်လက်တည်ရှိနေသည်။

## ပါဠိတော်ကို သက္ကတပြောင်းခြင်း

သဗ္ဗတ္ထိဝါဒနှင့် မဟာသံဃိက ဂိုဏ်းစသည်တို့သည် ဗြာဟ္မဏပုဏ္ဏားတို့ သဘောကျ ကျေနပ်မှုရှိစေရန် ပါဠိတော်၏ အနက်အဓိပ္ပါယ်ကို ပြင်ဆင်ရုံ သာမက သက္ကတဘာသာဖြင့်သာ သင်ယူပို့ချ ဟောပြောကြလေတော့သည်။ ထို့ကြောင့် မြောက်ပိုင်း ဗုဒ္ဓဘာသာ၏ပါဠိတော် ကို သက္ကတဘာသာဖြင့် ရေးသားကြသည်။ တောင်ပိုင်း ဗုဒ္ဓဘာသာ (ထေရဝါဒ) ၏ ပါဠိတော်မှာ မူလအတိုင်း မာဂဓီဘာသာ (ပါဠိဘာသာ) ဖြင့် ဆက်လက်တည်ရှိလေသည်။





## ရှေးအကျဆုံးဗုဒ္ဓကျောက်စာများ

(၁) ဘီစီ ၃ ရာစုခေတ် အသောကမင်းကြီး၏ ကျောက်စာတိုင်မှ စာပုဒ် ဓမ္မ ဆိုသောစာလုံးကို အဦးဆုံး အသုံးပြုခဲ့သော အထောက်အထား


(၂) ဆန်ချီစေတီအမှတ် ၂ မှ တူးဖော်ရရှိသော ကျောက်စာ ဘီစီ ၂ ရာစု ဓါတ်တော်ကြုတ်လေးခုကို ရံထားပေးသော ကျောက်ပြား ၆ ချပ် ရဟန္တာများ၏ အမည်များကို ရေးသားထားရှိသည်။ (ယခု ဝိတိုရိယ နှင့် အယ်လဘတ်ပြတိုက် ၊ ဗြိတိသျှသမိုင်း ပြတိုက်များတွင် သိမ်းဆီးထားရှိသည်။)

Buddha preaching to the Congregation, Ajanta

ဩဝါဒ ပါတိမောက် သုံးဂါထာကို ဟောကြားနေစဉ်။








ဓမ္မပဒ (ဗုဒ္ဓဝါဒ အနှစ်သာရ) မူရင်း.ကျမ်းစာ၊

Fragments of the Manuscript of the *Dhammapada* in Kharoṣṭhī Script, Central Asia





The Worship of Dharmacakra, Mathurā

ဗုဒ္ဓ၏တရားတော်များ (ဓမ္မစက္ကာ) တို့ကို အစဉ်အဆက် ကိုးကွယ် ဆည်းကပ်ခဲ့ကြသည်။





A Coin of King Menander

မိလိန္ဒ မဥ္ဇူ ပါဠိကျမ်းကြီး ဖြစ်ပေါ်စေသောမိလိန္ဒမင်းကြီး။





Buddha, painting on a leaf of a Manuscript of the *Aṣṭasāhasrikā Prajñāpāramitā*





Dīpaṅkara, painting on a leaf of a Manuscript of the *Aṣṭasāhasrikā Prajñāpāramitā*


ရှေးခေတ် ပေပုရပိုက်ပေါ်မှ ဗုဒ္ဓကျမ်းစာများ (အိန္ဒိယနိုင်ငံ)



Vajrasattva, painting on a leaf of a Manuscript of the *Aṣṭasāhasrikā Prajñāpāramitā*








အလယ်ပိုင်းဒေသမှ ဗုဒ္ဓကျမ်းစာများ











တိဘက်နိုင်ငံ ၁၇–၁၈ရာစုခေတ် ဗုဒ္ဓကျမ်းစာများ









**The Perfection of Wisdom**

Tibet, Lhasa(?). 18th century

# သင်္ဂါယနာတင်ပွဲကြီးများ

## ပထမသင်္ဂါယနာ

မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူပြီး ၇-ရက်မြောက်သောနေ့၌ အလောင်းတော်ကို (တေဇောဓာတ်) မီးမလောင်သေး၊ အရှင်မဟာကဿပ၏ အလာကိုစောင့်ဆိုင်းနေသည်၊ အရှင်မဟာကဿပက ပါဝါပြည်မှ ကုသိနာရုံပြည်သို့ တပည့်သံဃာ ၅၀၀နှင့်အတူ ကြွချီတော်မူလာသည်၊ လမ်းခရီးတွင် ပရိနိဗ္ဗာန်စံတော်မူကြောင်းကြားရသဖြင့် ရာဂမကင်းသောအချို့ ရဟန်းတော်များ ငိုကြွေးကြသည်၊ ထိုအခါအရွယ်အိုမှ ရဟန်းပြုသော တောထွက်ရဟန်းကြီး သုဘဒ္ဒသည် ဂေါတမဘုရားမရှိက ငါတို့ကြိုက်သလိုထင်ရာလုပ်နိုင်ကြပြီဟု ဝမ်းမြောက်စွာပြောဆိုသည်၊

ထိုရဟန်းကြီး၏ စကားကို အရှင်မဟာကဿပကြားတော်မူ၍ ဗုဒ္ဓသာသနာတော်ရှေ့ရေးအတွက် စိတ်အေးဖွယ်ရာမရှိဟု မြင်တော်မူ၏၊ ဤရဟန်းမျိုးသည် မိမိနှင့်ဆန္ဒတူညီသူများကို အသင်းအပင်းအုပ်စုဖွဲ့၍ ဗုဒ္ဓဘာသာ သာသနာတော်ကို ပျက်စီးရာပျက်စီးကြောင်း ပြုလုပ်တတ်၏၊ သို့ကြောင့် ဗုဒ္ဓ၏ တရားဓမ္မများကို သင်္ဂါယနာတင်ရပါမှ ကောင်းလေစွဟု ကြံစည်တော်မူ၏၊

မြတ်စွာဘုရားပရိနိဗ္ဗာန်စံတော်မူပြီးနောက် ၃-လမြောက် (၄-လပတ်လုံး) အရှင်မဟာကဿပကြီးမှူးသော ရဟန္တာ ၅၀၀-တို့သည် ပထမသင်္ဂါယနာတင်တော်မူခဲ့ကြသည်၊ ပထမသင်္ဂါယနာကို အဇာတသတ်မင်းကြီး၏ ချီးမြှင့်ထောက်ပံ့မှုဖြင့် ရာဇဂြိုဟ်ပြည်ဝေဘာရတောင်နံရံလိုဏ်ဂူအနီး၌ ကျင်းပပြုလုပ်ခဲ့လေသည်၊ ဤသို့သင်္ဂါယနာတင်တော်မူခဲ့ကြသောကြောင့် လက်ရှိပါဠိပိဋကတ်တော်မှာ ဘုရားဟောတော်မူခဲ့သည့်အတိုင်း ဖြစ်သည်ဟုယုံကြည်ခြင်းခံရသည်၊

## ဒုတိယသင်္ဂါယနာ

ပထမသင်္ဂါယနာတင်ပွဲတွင် ဝိနည်းသိက္ခာပုဒ်များကို ပြင်ဆင်ခွင့်မရခဲ့ကြသော ရဟန်းဆိုးအဆက်အနွယ်များသည် နောင်အနှစ်တစ်ရာကြာသောအခါ ဝေသာလီပြည်တွင် ဝိနည်းသိက္ခာပုဒ်ပြင်ဆင်ချက် ၁၀ ချက်ကို ပြုလုပ်ကျင့်သုံးလာကြလေသည်၊ ၎င်းပြင်ဆင်ချက် ၁၀-ချက်မှ ဥပမာတစ်ခုကို လူအများနားလည် လွယ်သော စကားဖြင့် တင်ပြရသော်-

"ရဟန်းတော်များ အရက်သေစာလုံးဝမသောက်စားရ" ဟူသောဗုဒ္ဓ ၏ပညတ်ချက်ကို "အပျော့စား အနုစားထန်းရည်အရက်များကို သောက်နိုင်သည်"ဟု ပြင်ဆင်လိုခြင်းစသည်တို့ဖြစ်၏၊

ဤသို့သာသနာအပေါ် အန္တရာယ်ကြီးမားသော အပြုအမူများကို အရှင်မဟာယသထေရ် ဦးဆောင်ထန့်ကွက်ခဲ့၏၊ နောက်ဆုံးတွင် အိန္ဒိယတစ်ပြည်လုံးရှိ ရဟန်းတော် တို့ကို ဝေသာလီပြည်တွင် စည်းဝေးစေ၍ ပြင်ဆင်ချက် ၁၀ ချက်ကို ဝိနည်းတော်နှင့်ညီမညီဆုံးဖြတ်စေ၏၊ ဘုရားဟောဝိနည်းတော်နှင့် မညီဟု ရဟန္တာထေရ်ကြီး ၇၀၀ က တစ်ညီတညွတ်တည်း ဆုံးဖြတ်တော်မူကြသည်၊ ပြီးနောက် ထိုရန္တာ ၇၀၀ တို့သည် ဝေသာလီပြည်ဝါလိကာရုံကျောင်းတိုက်၌ ၈ လပတ်လုံး ပိဋကတ်သုံးပုံကို ညှိနှိုင်းတည်းဖြတ်၍ သင်္ဂါယနာတင်တော်မူကြသည်၊



## စင်ပြိုင်သင်္ဂါယနာ

မြတ်စွာဘုရား၏ ဝိနည်းတော်ကို အတိအကျမလိုက်နာလိုကြသော ရဟန်းတို့သည် ရဟန္တာမထေရ်ကြီးတို့၏ ဆုံးဖြတ်ချက်ကို မနာခံသဖြင့် သံဃာ့ကံပြု၍နှင်ထုတ်လိုက်ရသည်၊ ထိုရဟန်းတို့သည် ဝေသာလီပြည်မှထွက်ခွါ၍ အနယ်နယ်အရပ်ရပ်ထွင် အခမ္မဝါဒီရဟန်းများကိုစည်းရုံးကြသည်၊ ရဟန်းပရိသတ်တစ်သောင်းခန့်ရရှိသောအခါ ကောသမ္ဗီပြည်တွင် စင်ပြိုင်သင်္ဂါယနာတင်ကြကုန်၏၊ ထိုရဟန်းဆိုးတို့သည် မိမိတို့ဂိုဏ်းက အမည်အားဖြင့် အပေါ်စီးရစေရန် ရှေ့မှ "မဟာ"တစ်လုံး အပိုထည့်ထားကြကုန်၏၊ သူတို့ပြုလုပ်သော သင်္ဂါယနာကို မဟာသင်္ဂီတိဟုအမည်တပ်ကုန်၏၊ မိမိ ဂိုဏ်းကို မဟာသင်္ဂီတိဂိုဏ်းဟူ၍ လည်းကောင်း မဟာသံဃိကဂိုဏ်းဟူ၍လည်းကောင်း အမည်ပေးကြကုန်၏၊

## တတိယသင်္ဂါယနာ

အချို့သောတိတ္ထိများသည် ဗုဒ္ဓတရားတော်ကို ယုံကြည်ဟန်ဆောင်၍ ရဟန်းကောင်းတို့ထံ၌ ရဟန်းပြုလုပ်ကြပြီး မိမိတို့တိတ္ထိအယူဝါဒများကို ဟောပြောကြ၏၊ ရဟန်းကောင်းနှင့် ရောနှောနေတိုင်ကြ၏၊ ရေငုပ်မီးလှုံခြင်း ခန္ဓာကိုယ်ကို စောက်ထိုးဆွဲခြင်းစသော အကျင့်များကို ရဟန်းအသွင်ဖြင့် ပြုကျင့်ကြကုန်၏၊ မိမိတို့၏ ဝါဒများကို ဘုရားဟောတရားဖြစ်လေဟန် လုပ်ကြံဟောပြောကြ၏၊ ထိုရဟန်းတုရဟန်းယောင်များသည် နေရာတကာရောနှောပါဝင်နေကြသဖြင့် ရဟန်းကောင်းများမှာ ဥပုသ်ပဝါရဏာမပြုနိုင်သည်မှာ ၇ နှစ်ကြာလေသည်၊

ဤအကြောင်းကို ကြားသိရသော အသောကမင်းကြီးသည် ရဟန်းများ ဥပုသ်ပဝါရဏာပြုနိုင်ရေးအတွက် အမတ်တစ်ယောက်ကို စေလွှတ်၍ ဆောင်ရွက်စီမံစေ၏၊ မလိမ္မာသော ထိုအမတ်သည် ရဟန်းကောင်းတို့ကို အမိန့်တော်မနာခံဟု ဆိုကာသတ်ဖြတ်ခဲ့သည်၊ ထိုသို့ ရဟန်းကော်များ သတ်ဖြတ်ခြင်းခံရသည့်အတွက် အသောကမင်းကြီးမှာ ယူကျုံးမရဖြစ်ကာ ပြင်းစွာ စိတ်ဆင်းရဲရလေ၏၊ ထိုပြဿနာဖြေရှင်းနိုင်မည့် ပုဂ္ဂိုလ်ကို စုံစမ်းရှာဖွေရတော့သည်၊ သံဃာတော် အရှင်မြတ်တို့၏ ညွှန်ပြချက်အရ အရှင်မဟာမောဂ္ဂလိပုတ္တတိဿထေရ်ကို နေပြည်တော်သို့ ပင့်၍ ဩဝါဒခံယူလေသည်၊

ပြီးနောက် သံဃာတော် အားလုံးကို အသောကရုံကျောင်းတော်သို့ ပင့်ဆောင်သည်၊ ရဟန်းတော်များကို မိမိတို့အယူဝါဒတူရာတူရာ အုပ်စုလိုက် အယူဝါဒများကို မင်းကြီးကိုယ်တိုင်စီစစ်သည်၊ "မြတ်စွာဘုရားသည် အဘယ်ဝါဒရှိသနည်း" ဟု မေးတော်မူလျှင် ဗုဒ္ဓတရားတော်ကို မသင်ယူဘူးသော ရဟန်းတုရဟန်းယောင်များသည် မိမိတို့ထင်ရာမြင်ရာ ဖြေဆိုကြ၏၊

ထိုအခါ အသောက မင်းကြီးသည် "ဤရဟန်းတို့ကား မိစ္ဆာအယူရှိသော ရဟန်းတုရဟန်းယောင်များတည်း" ဟု သိတော်မူ၍ အဝတ်လဲစေကာ သာသနာတော်မှ နှင်ထုတ်ခဲ့လေသည်၊

ဤသို့ အသောကမင်းကြီးက သာသနာတော်ကို အကြမ်းအားဖြင့် သန့်စင်စေပြီးနောက် အရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ်ကြီးကို ထပ်မံ၍ အနုစိတ်စစ်ဆေးကာ စင်ကြယ်စေ၏၊ ထေရဝါဒမှ ကွဲပြားသော ဂိုဏ်းတို့၏ အယူဝါဒများ မှားယွင်းပုံကို အပြန်အလှန် အမေးအဖြေ အခြေအတင် ပြုလုပ်၍ ဝါဒတစ်ခုချင်းကို စီစစ်ဖယ်ထုတ်တော်မူခဲ့

သည်။ ဤသို့အခြားဂိုဏ်းသားတို့၏ အယူဝါဒမှားယွင်းပုံကို အရှင်မဟာမောဂ္ဂလိပုတ္တတိဿက ထောက်ပြဝေဖန်သောကျမ်းကို ကထာဝတ္ထုကျမ်းဟုခေါ်သည်။ ဤကထာဝတ္ထုကျမ်းကား မူရင်း ဗုဒ္ဓဘာသာဖြစ်သော ထေရဝါဒပင်မကြီး၌ တွယ်ကပ်လာသော ဆင်တူရိုးမှားတရားတုများကို ဖယ်လှန်ခွါချသော ကျမ်းကြီးဖြစ်၏။

ထိုကထာဝတ္ထုကျမ်းကို အရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ်က ဟောကြားတော်မူပြီးနောက် ပိဋကတ်သုံးပုံဆောင် ရဟန္တာထေရ်ကြီး ၁၀၀၀-ကို ရွေးချယ်တော်မူ၍ (၉) လပတ်လုံး တတိယသင်္ဂါယနာတင်တော်မူ၏။

## စတုတ္ထသင်္ဂါယနာ

၁။ သက္ကရာဇ်။ ။သာသနာ ၄၅၀။
၂။ ဌာန။ ။သီဟိုဠ်ကျွန်း၊ မလယဇနပုဒ်၊ အာလောကလိုဏ်
၃။ အမှီပြုရသောမင်း။ ။ဝဋ္ဋဂါမဏိမင်း
၄။ ကြီးမှူးသောပုဂ္ဂိုလ်။ ။ရှင်မဟာဓမ္မရက္ခိတ။
၅။ တင်သောသံဃာသက်သက်။ ။ ။၅၀၀။
၆။ တင်နည်း။ ။ပေထက်အက္ခရာတင်သည်။
၇။ ကာလအကြာ။ ။ ..........................။
၈။ အကြောင်း။ ။သီဟိုဠ်တွင် မငြိမ်မသက်၊ သူပုန်ထကြွ၊ ငတ်မွတ်ခြင်း၊ ဘေးကြီးဆိုက်ရောက်၊ ၁၂-နှစ်ကြာသည်။ ထိုအခါရဟန်းတော်တို့ အလွန်ဆင်းရဲပင်ပန်းငြိုငြင်စွာနှင့် ပိဋကတ်တော်တို့ကို အစဉ်အလာအတိုင်း နှုတ်ဖြင့်ပင်ဆောင်ထားကြရသည်။ ထိုဘေးကြီးငြိမ်းပြီးနောက် သံဃာကြီးတို့က ဘုရားပရိနိဗ္ဗာန်စံသည်မှ ယခုတိုင်အနှစ် ၄၅၀-အတွင်း နှုတ်ဖြင့်သာ ဆောင်ခဲ့ကြသည်။ နောင်အခါ၌ သတိ ပညာ-သဒ္ဓါယုတ်လျော့ကြသဖြင့် ဆောင်နိုင်ကြမည်မဟုတ်။ သို့ကြောင့် အက္ခရာ တင်ထားကြမည်ဟု၊ တင်ကြခြင်းဖြစ်သည်။

## ပဉ္စမ သင်္ဂါယနာ

၁။ သက္ကရာဇ်။ ။သာသနာ ၂၄၁၂ နှင့် ၂၄၁၅။
မြန်မာသက္ကရာဇ် ၁၂၃၀ နှင့် ၁၂၃၃ (1863 and 1871 A.D.)
၂။ ဌာန။ မြန်မာနိုင်ငံ၊ မန္တလေးနေပြည်တော်။
၃။ အမှီပြုရသောမင်း။ ။မင်းတုန်းမင်းတရားကြီး
၄။ ကြီးမှူးသောပုဂ္ဂိုလ်။ ။(၆-တွင်ကြည့်)
၅။ တင်သောသံဃာသက်သက်။ ။၂၄၀၀ (၆-တွင်ကြည့်)
၆။ တင်နည်း။ ။(က) ကျောက်ထက်အက္ခရာတင်သည်။ ။(ခ) နှုတ်ဖြင့် ရွတ်ဆိုတင်သည်။

(က) ကျောက်ပြားရေ ၇၂၉-ပေါ်တွင်၊ ပိဋကတ်သုံးပုံကို အဋ္ဌကထာနှင့်တကွ ရေးထု၍ မဟာလောကမာရဇိန်ခေါ် ကုသိုလ်တော် စေတီတော်တန်တိုင်းအတွင်း ဂူငယ်များနှင့် ထားသည်၊ ၁၂၂၂-ခု တန်ဆောင်မုန်းလဆန်း ၁-ရက် နေ့ကစ၍ လုပ်ဆောင်သည်၊ ၁၂၃၀-ကဆုန်လဆန်း ၁၄-ရက်နေ့တွင် ပြီးပြည့်စုံသည်။



(၁) တောင်ဆောင်မိဖုရားဆရာ ဇာဂရာဘိဝံသ တိပိဋကဓရ မဟာ ဓမ္မရာဇာဓိရာဇဂုရု
(၂) မြတောင်မြို့စား သေနတ်ဝန်ကြီးဆရာ နရိန္ဒာဘိ သီရိသဒ္ဓမ္မ ဇောတိပါလဓဇ မဟာဓမ္မာရာဇာဓိရာဇဂုရု၊
(၃) စီးတော်မြင်းဝန်တိုက် ဆရာတော် သုမင်္ဂလသာမိသီရိပဝရ မဏိဇေမဟာ ဓမ္မရာဇာဒိရာဇဂုရု၊ ဤဆရာတော် သုံးပါးတို့အား ပုဒ် ပါဠိ အက္ခရာ ကျောက်အရေးအသား မချွတ်မယွင်းစေရအောင် သန့်ရှင်း ပြင်ဆင်ရန် လျှောက်ထားအပ်နှင်းတော်မူသည်။

၇။ တင်ရကာလအကြာ။ ။(၆-တွင်ကြည့်)
၈။ အကြောင်း။ ။သာသနာတော်ကို တည်တံ့ကြီးပွားအောင် ချီးမြှင့်လိုရင်းဖြစ်သည်။

ဤသို့အားဖြင့် တောင်ပိုင်း ဗုဒ္ဓဘာသာသည် မဇ္ဈိမမှ သီဟိုဠ်-မြန်မာပြည်စသည်တို့သို့ ဆင်းသက်လာပုံ၊ သင်္ဂါယနာတင်ကြပုံ အကျဉ်းတို့ကို မှတ်ရာ၏။ ယခုသော် မြောက်ပိုင်း ဗုဒ္ဓဘာသာ ကွဲထွက်သွားပုံတို့ကို ဆက်လက်ပြပေတော့အံ့။

## ဆဋ္ဌမ သင်္ဂါယနာ

သာသနာတော်နှစ် (၂၄၉၈)ခုနှစ် အရောက်တွင် ပြည်ထောင်စု မြန်မာနိုင်ငံ၊ယိုးဒယားနိုင်ငံ၊ သီဟိုဠ်နိုင်ငံ၊ ကမ္ဘောဒီးယား၊ လောနိုင်ငံ အပါအဝင် ထေရ်ဝါဒ ဗုဒ္ဓဘာသာ ငါးနိုင်ငံတို့မှ လဇ္ဇီပေသလသိက္ခာကာမ ပရိယတ္တိ ဝိသာရဒ ဖြစ်တော်မူကြသော သံဃာနာယက သံယုတ္တင္ဂသံဃရာဇာသာသနာပိုင် အဘိဓဇ မဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်ရ မထေရ်မြတ်ကြီးတို့ ဦးစီးရွေ့ဆောင်တော်မူသော သံဂီတိကာရကမထေရ် (၂၅၀၀)ကျော်တို့သည် ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရနှင့်တကွပြည်ထောင်စုမြန်မာနိုင်ငံသူနိုင်ငံတော်သားများကို သာသနာ့ဒါယကာအဖြစ်နှင့်အမှီသဟဲပြုကာ ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော်၏အရိပ်အောက် သီရိမင်္ဂလာကုန်းမြေ ဆဋ္ဌသံဂီတိမဟာပါသဏကျောက်လိုဏ်ဂူတော်ကြီးမှာ ကောဇာနှစ် (၁၃၁၆) ခုနှစ်၊ ကဆုန်လပြည့်နေ့မှစ၍ သာသနာနှစ် (၂၅၀၀) ကောဇာနှစ် (၁၃၁၈) ခုနှစ်၊ ကဆုန်လပြည့်နေ့အထိ(၂)နှစ်တိုင်တိုင် အလွန်ကြံကြိုက်ခဲလှသော သဘင်ဆဋ္ဌသံဂါနာ တင်တော်မူကြပါသည်။

## သင်္ဂါယနာတင်ပွဲများအချုပ်

ယခုဖော်ပြခဲ့သော သင်္ဂါယနာပွဲတို့မှာ (၁) ရာဇဂြိုဟ် (၂) ဝေသာလီ (၃) ပါတလိပုတ် (၄) သီဟိုဠ် (၅) (ကန်နစ်သျှက) ကသျှမီရာ (၆) မန္တလေး (၇) ရန်ကုန် ဟူ၍ဖြစ်လေရာ ကျွန်ုပ်တို့တောင်ပိုင်းက (၅) ကန်နစ်သျှက၏ ပွဲကိုလွှတ်၍ကျန် (၆) ပွဲကိုအသိအမှတ်ပြုသည်။ မြောက်ပိုင်းက (တရုတ်ပြည်မဟာယာနတို့က) (၃) ပါတလိပုတ် (၄) သီဟိုဠ် (၆) မန္တလေး (၇) ရန်ကုန် တင်ပွဲတို့ကိုလွှတ်၍ (၁) ရာဇဂြိုဟ် (၂) ဝေသာလီ(၅)ကသျှမီရာ ဤသုံးပွဲကိုသာ အသိအမှတ်ပြုသည်။


ကန်နစ်သျှကမင်း၏ တင်ပွဲမှာ တောင်ပိုင်းမြောက်ပိုင်း နှစ်ပိုင်းလုံးနှင့်ဆိုင်သည်ဟု ဆိုလိုက ဆိုလို့ရသည်။ အကြောင်းကား ကန်နစ်သျှက မင်းသည် ဂိုဏ်းအားလုံးကို မပစ်ပယ်၊ ထိုဂိုဏ်းကွဲတို့ ညီညွတ်စည်းလုံးအောင်ဟုလည်း သင်္ဂါယနာတင်ခြင်းဖြစ်လေသည်။

(ထိုင်းနိုင်ငံမှ သင်္ဂါယနာတင်ပွဲ နှစ်ပွဲကို ထိုင်းနိုင်ငံ သာသနာတွင်ရှုပါ)



ပထမ သင်္ဂါယနာတင်သော စရည်းပင်ရောက်ရာ သတ္တပဏ္ဏိဂူ

ရာဇဂြိုဟ်မြို့သစ်အနီးဥတည်ရှိ၏၊ သဘာဝကျောက်ဂူဖြစ်၍ လိုဏ်ခေါင်း ၆-ခုရှိသည်။ လိုဏ်ဂူရှေ့မြေကွက်လပ်မှာ ပြိုကျသွားသဖြင့် ကျောက်နံရံ အစားထိုးပြုလုပ်ထား၏၊ လိုဏ်ဂူ ၆-ခုမှာ ပစောက်ပုံခွက်နေသည်၊ ဆာဂျွန်မာရှယ်ဆိုသည့် ပုဂ္ဂိုလ်က ထိုလိုဏ်ဂူများ၏ အောက်ဘက်တောင်ခြေ၌ရှိသော ကျောက်တိုက်အပျက်ကို သတ္တပဏ္ဏိလိုဏ်ဂူ အစစ်ဖြစ်သည်ဟု ဆိုသည်။




သင်္ဂါယနာတင်ရာ ဌာနများ




Kaniṣka's Coin containing the name of Boddo (Buddha)

ကာနိဿျမင်းကြီး၏ ဗုဒ္ဓပုံပါ ရှေးဟောင်းဒင်္ဂါး။





ပထမသင်္ဂါယနာတင်ပွဲ အာရှတိုက်အလယ်ပိုင်းပန်းချီ၊



*Mandalay Hill with Kuthodaw Pagoda in the foreground*


*Mandalay Hill with Sandamani at the foot*



ကျောက်ထက် အက္ခရာတင်ထားသော ပဉ္စမသင်္ဂါယနာတင် ဗုဒ္ဓကျမ်းစာများ

မြန်မာနိုင်ငံတွင် ပဉ္စမသင်္ဂါယနာတင်ပြီး ပိဋကတ်တော်များကို ကျောက်စာအဖြစ် ထွင်းပြီး ထိန်းသိမ်းထားရှိသည့် မန္တလေးတောင်ခြေရှိ မင်းတုန်းမင်းကြီး၏ ကုသိုလ်တော် (၁၈၇၁ ခုနှစ်)နှင့် စန္ဒမုနိဘုရားများ






မန္တလေးမြို့ ရွှေနန်းတော်ကျောင်းနှင့် ပဉ္စမသင်္ဂါယနာတင် ကျောက်စာများတည်ရာ ကုသိုလ်တော်ဘုရား၊

ကျောက်ချပ်ရေ ၇၂၉ ချပ် ရှိသည်၊






# ဆဋ္ဌသင်္ဂါယနာတင်စဉ်က



နာယက = ညောင်ရမ်းဆရာတော်ကြီး





အမေး = မဟာစည်ဆရာတော်

အဖြေ = အရှင်ဝိစိတ္တသာရာဘိဝံသ



MODERN PAGODA DEDICATED TO PEACE



BUDDHA SMILES SERENELY WITHIN THE WORLD PEACE PAGODA



CAVE MADE IN RANGOON FOR THE SIXTH BUDDHIST COUNCIL



ဗုဒ္ဓ သာဝကများ၏ဓါတ်တော်များ ထိမ်းသိမ်းထားရှိရာ
ရန်ကုန်မြို့ ကမ္ဘာအေးစေတီတော်
စေတီတော်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော် နှင့် ဆဋ္ဌသင်္ဂါယနာတင်ရာ ကမ္ဘာအေးလှိုဏ်ဂူတော်

## နိုင်ငံတကာမှ ပိဋကတ်တိုက်ကြီးများ

### မြန်မာနိုင်ငံမှ ပိဋကတ်တိုက်ကြီးများ

၁၀၄၄ တွင် ပုဂံမြို့တော်၌နန်းတက်သော အနော်ရထာမင်းသည် ရှင်အရဟံအား ဗုဒ္ဓသာသနာတော် အစစ် ထွန်းလင်းအောင်မည်သို့ပြုရပါမည်နည်းဟု လျှောက်ထားရာ ဗုဒ္ဓသာသနာတော်အစစ် ထွန်းလင်းလင်းတောက်ပရန် ပိဋကတ်ကျမ်းစာများ ရရှိရန်လိုကြောင်း ပိဋကတ်ကျမ်းစာများ သင်ကြားတတ်မြောက်ရန်လိုကြောင်း၊ ထိုပိဋကတ်တော်တို့သည်သထုံပြည်မှာ အစုံ ၃၀ရှိကြောင်း၊ ၎င်းအစုံ၃၀ ရှိသည့်အနက် တစ်စုံကို လက်ဆောင် ပဏ္ဏာများဆက်၍ သွားရောက်တောင်းသင့်ကြောင်းအမိန့်ရှိလေထည်။

ကျွမ်းကျင်လိမ္မာသော အမတ်တစ်ယောက်ကို စေလွှတ်တောင်းစေရာ မနူဟာမင်းသည် မချေမငံဖြင်းဆန်လိုက်သောကြောင့် အနော်ရထာမင်းကိုယ်တိုင် ကောဇာသက္ကရာဇ်၄၁၉-ခုနှစ်တွင် စစ်အင်အားကြီးစွာနှင့် သထုံပြည်ကို ချီတက်တိုက်ခိုက် အောင်မြင်တော် မူလေသည်။ ပိဋကတ်သုံးပုံ အစုံ ၃၀ကို ဆင် ၃၂စီးတွင်တင်၍ မနူဟာမင်းနှင့်တကွ ရဟန်းရှင်လူ မျိုးမတ်ပညာရှိများကိုယူဆောင်၍ ပြန်လာခဲ့လေသည်၊

ဤတွင် ပုဂံပြည်မှာ အရည်းကြီးများ၏မဟာယာနဂိုဏ်းကွယ်ပျောက်၍ထေရဝါဒ ဗုဒ္ဓဘာသာ သာသနာအစစ် ထွန်းလင်း တောက်ပလာခဲ့လေသည်။

အနော်ရထာမင်း သထုံပြည်ကိုမသိမ်းပိုက်မီက မွန်လူမျိုးတို့သည် သထုံမြို့ ရွှေစာရံဘုရား အုတ်တံတိုင်းအတွင်း၌ ပိဋကတ္တယ စေတီဟု သမုတ်ပြီး ဥမင်လိုဏ် ပြုလုပ်ထားလေသည်။

အနော်ရထာမင်းသည် သထုံပြည်မှ ပင့်ဆောင်လာသော ပိဋကတ်အစုံ သုံးဆယ်နှင့်တကွ အဋ္ဌကထာ ဋီကာစသည့် နာနာဂန္ထကျမ်းဂန်များ ကိန်းဝပ်ရန် ဘိုင်ါးဆင့်ရှိ ခံ့ညားထယ်ဝါလှသည့် ပိဋကတ်တိုက် ဆောက်လုပ်၍ လှူဒါန်းခဲ့လေသည်၊ ထို့ကြောင့် စာကြည့် ပိဋကတ်သမိုင်းအစ အနော်ရထာမင်းက-ဟု ယူဆရပေမည်။

### ဘိုးတော်ဘုရား၏ ပိဋကတ်တိုက်

သာသနာတော် သက္ကရာဇ် ၂၃၂၆-ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၁၄၄ခုနှစ်တွင် ဗဒုံမင်းတရားခေါ် ဘိုးတော်မင်းတရားသည် အမရပူရမြို့ကို တည်ထောင်၍ နန်းတက်တော်မူသော အခါ ပိဋကတ်သုံးပုံကို ပေမူ ၄၅ မူ ရေးကူးစေ၍ ၄၅မြို့သို့ပေးပို့ပြီး ဗုဒ္ဓ သာသနာပြန့်ပွားထွန်းလင်းစေရန် စာကြည့်ပိဋကတ် တိုက်ခွဲများ တည်ဆောက်ခဲ့လေသည်၊

ခရစ်သက္ကရာဇ်-၁၇၉၅ ခုနှစ်၊ စက်တင်ဘာလ၊ ကောဇာ သက္ကရာဇ် ၁၁၅၇-ခုနှစ် တော်သလင်းလတွင် မြန်မာ နိုင်ငံသို့ ရောက်ရှိ လာသော ဗြိတိသျှ သံအမတ် မိုက်ကယ်ဆိုင်း (Michael Symes)သည် ဘိုးတော်ဘုရား နန်းစံရာအမရပူရမြို့သို့ ရောက်ရှိခဲ့ရာ ဘိုးတော်ဘုရား၏ စာကြည့်ပိဋကတ်တိုက် တွေ့မြင်ခဲ့ရပုံ အကြောင်းစုံကို သူ၏ခရီးစဉ်မှတ်တမ်းအစီရင်ခံစာ စာအုပ်၌ - ဖော်ပြထား သည်၊




### သီဟိုဠ်ပိဋကတ်တိုက်

ရွှေရိုးအမည်ဖြင့် မြန်မာတို့အကြောင်းကိုရေးသော အင်္ဂလိပ်အရာရှိ ဆာဂျေ၊ဂျီ၊ စကော့သည် မင်းတုန်းမင်းနှင့် သီပေါမင်းလက်ထက်တွင် မန္တလေး ရတနာပုံ နေပြည်တော်သို့ရောက်ဘူးလေသည်၊ ကိုယ်တိုင်မြင်တွေ့ကြားသိရသမျှကို သူရေးသော (The Burman His Life and Nation) စာအုပ်၌ လက်ာရာမဆရာတော် အုပ်ချုပ်သော သီဟိုဠ်ကျောင်း တိုက်ကြီး၏ ပိဋကတ်တိုက် အကြောင်းအရာများကို အောက်ပါအတိုင်း ရေးသားထားလေသည်၊

သီဟိုဠ်ကျောင်းတိုက် စာကြည့်ပိဋကက်တိုက်ကား စံပြဖြစ်သည်၊ မန္တလေးမြို့တော်တွင် ဘာသာရေးဆိုင်ရာ စာပေကျမ်းဂန် စုဆောင်းမှု၌ အကောင်းဆုံး ပိဋကတ်တိုက်ဟုဆိုနိုင်သည်။ အခြားဘုန်းကြီးကျောင်းများရှိ ပိဋကတ်တိုက်များထက်ပို၍ စနစ်တကျသိမ်းဆည်း စုဆောင်းထားသော စာကြည့် ပိဋကတ်တိုက်ဖြစ်သည်၊ စာတိုက် သို့မဟုတ် လက်ရေးစာများ ထည့်ထားသော သေတ္တာကြီးများကို သုံးတန်းစီထားသည်၊ သုံးတန်းမှာလည်းတစ်တန်းနှင့်တစ်တန်း အထက်အောက်မနိမ့်မမြင့်စီထားသေးသည်၊ သုတ်နှင့်ဇာတကတို့ကိုအောက်တန်း စာတိုက်များတွင်ထည့်ထားသည်၊ သည်အထက် အလယ်တန်း၌ သီဟိုဠ်ဋီကာများ၊ အနက်အဖွင့်များကိုထည့်ထားသော စီစာတိုက်များဘားသည်။ အပေါ်ဆုံးတန်းတွင် နာမည်ကျော် ပညာရှိဆရာတော်ကြီးတို့ မြန်မာပြန်များနှင့် ရှင်းလင်းဖွင့်ဆိုချက်များ သိမ်းထားသော စာတိုက်များ ရှိသည်စသည်ဖြင့် ရေးသားထားလေသည်။

ရန်ကုန်မြို့ ကမ္ဘာအေး ကမ္ဘာ့ဗုဒ္ဓ တက္ကသိုလ် စာကြည့်တိုက်တွင်လည်း နိုင်ငံတကာမှ ပိဋကတ်တော်များကို ဖတ်ရှုနိုင်ပါသည်။





ပုဂံမြို့ဟောင်းမှ အနော်ရထာမင်းစော၏ကောင်းမှု ပိဋကတ်တိုက် ခရစ် ၁၀၅၈ ခုနှစ်တွင် တည်ဆောက်ခဲ့သည်၊

သထုံမြို့မှ ပိဋကတ်တိုက်မှာလည်း ပြည့်စုံသည်ဟု ယနေ့တိုင်ကျော်စောသည်၊ ၁၂၇

## ဗုဒ္ဓစာပေထိန်းသိမ်းရေး

ဘုရားရှင် ပရိနိဗ္ဗာန်စံဝင်တော်မူပြီးနောက် သုံးလခန့်အကြာတွင် အရှင်မဟာကဿပ အမှူးရှိသော ရဟန္တာမထေရ် ငါးရာတို့သည် ပထမ သင်္ဂါယနာတင်ပွဲကို ဆင်နွှဲကြ၏။ ပထမ သင်္ဂါယနာတင်ပွဲ ဆင်နွှဲပြီးသည့်နောက် ရဟန္တာမထေရ်တို့သည် ဗုဒ္ဓတရားတော်များ အရှည်တည်တံ့ခိုင်ခံ့စေခြင်း အကျိုးငှာ အုပ်စုခွဲ၍ တရားတော်များကို နှုတ်တက်အာဂုံ ဆောင်တော် မူခဲ့ကြသည်။

အုပ်စုခွဲ၍ တာဝန်ယူကြရာ၌-

(က) အရှင် ဥပါလိနှင့် တပည့်တို့က ဝိနည်းပိဋက

(ခ) အရှင်အာနန္ဒာနှင့် တပည့်တို့က ဒီဃနိကာယ်

(ဂ) အရှင်သာရိပုတ္တရာ၏ တပည့်တို့က မဇ္ဈိမနိကာယ်

(ဃ) အရှင်မဟာကဿပနှင့် တပည့်တို့က သံယုတ္တနိကာယ်

(င) အရှင် အနုရုဒ္ဓါနှင့်တပည့်တို့က အင်္ဂုတ္တရနိကာယ် တို့ကို အသီးသီးတာဝန် ခွဲဝေယူကြသည်။

ဘုရားရှင်၏ တရားတော်ပိဋကတ်သုံးပုံကို သီဟိုဠ်ကျွန်း၌ စတုတ္ထအကြိမ် သင်္ဂါယနာ တင်ပြီးသောအခါ ပေထက် အက္ခရာတင်ခဲ့ကြသည်။

ပေမူကို မိတ္တူပွားပြီး ထေရဝါဒနိုင်ငံများ၌ သံဃာတော်များလက်ကိုင် ပြုခဲ့ကြသည်။

ပဥ္စမသင်္ဂါယနာတင်ပြီးချိန်တွင် မင်းတုန်းမင်းတရားကြီးက ကျောက်ထက် အက္ခရာတင်ခဲ့သည်။ ၎င်းတို့ကို ယခုခေတ်တွင် မြန်မာ၊ အင်္ဂလိပ်၊ ထိုင်း၊ သီဟိုဠ် စသည့် ဘာသာ မျိုးစုံ ဖြင့် ဖတ်ရှုနိုင်ပါပြီ။



စကျင်တောင်ထွက် ကျောက် သလင်းပေါ်တွင် ပုဒ် ပါဠိအက္ခရာ မယိုမယွင်းစေရအောင် တံဆိပ်တော်ရ ဆရာတော်ကြီးများ ကြီးကြပ်၍ ထုထားကာ ကျောက်ချပ်ရေ ၇၂၉ ချပ်ကို ကျောက်ချပ် တစ်ချပ် တစ်ချပ်လျှင် အုတ်ပြာသာဒ်ဂူ တစ်ခုစီနှင့် မန်းတောင်ခြေ ကုသိုလ်တော်ဘုရား အနီးတွင် စိုက်တည် ထားခဲ့လေသည်။

၁၂၈


## ဗုဒ္ဓမွေးနေ့

ဘုရားရှင်၏မွေးသည့်နှစ်နှင့် ပတ်သက်၍ ထေရဝါဒဗုဒ္ဓဘာသာဝင်များနှင့် မဟာယာန ဗုဒ္ဓဘာသာဝင်များ လက်ခံသည့်နှစ်များ မတူကြချေ။

မဟာယာနတို့က ဗုဒ္ဓကို ဘီစီ၅၅၆ခုနှစ်၌မွေးဖွား၍ ဘီစီ၄၇၆ခုနှစ်၌ ပရိ၊ နိဗ္ဗာန်ပြုသည်ဟု မှတ်သားထားကြပြီး ထေရဝါဒဗုဒ္ဓဘာသာဝင်တို့၏ အမှတ်အသားမှာ ဗုဒ္ဓမွေးနှစ်ဘီစီ၆၂၃ ပရိ နိဗ္ဗာန် ပြုသောနှစ်ဘီစီ၅၄၄ ဖြစ်သည်။

ဘီစီ၅၄၄ခုနှစ်မှ ထေရဝါဒဗုဒ္ဓဝါဒဗုဒ္ဓဘာသာဝင်များက သာသနာသက္ကရာဇ် ကိုစတင်ရေတွက် ကြသည်။








မြန်မာ၊ ထိုင်း၊ တရုတ် နိုင်ငံများတွင် စက္ကူ ပုရပိုက်ပေါ်၌ ဗုဒ္ဓစာပေကို ရေးကူး ခဲ့ကြသည်။



တိဗက်နိုင်ငံမှ ဗုဒ္ဓကျမ်းစာအများအပြားမှာ ဖျက်ဆီးခံခဲ့ရသည်။ ကျန်ရှိသောကျမ်းစာများကို ထိန်းသိမ်းထား သေးသည်။ ဤသို့ ထိန်းသိမ်းထားသော ပိဋကတ်ကျမ်းစာများကို အနီးကပ်မြင်တွေ့ရပုံ







"မင်း"ဘုရင်မင်းဆက်နှင့် "ကင်း" ဘုရင်မင်းဆက်တို့ခေတ်၌ ပြုစုခဲ့သောပိဋကတ်တော်
များပီကင်းမြို့မှ တရုတ်ဗုဒ္ဓဘာသာ ကျမ်းစာအုပ်များ သိမ်းရာ ပိဋကတ်တိုက်

၁၃၁



တရုတ်ပြည်မှ
ဗုဒ္ဓကျမ်းစာ-စာအုပ်များကို သစ်သားအံဆွဲများအတွင်းထားရှိသည်၊
အံဆွဲရှေ့မျက်နှာတွင် ဗုဒ္ဓရုပ်ပုံပါရှိသည်၊






အေဒီ ၁၂၂၀ခုမှ စပြီး ၁၆နှစ်ကြာ ထွင်းထုယူခဲ့ရ
သော သစ်သားဘလောက်တုံး ၈၁၃၅၈ ခုပါဝင်
သည့် ကိုရီးယား ဘာသာ ပိဋကတ်
သုံးပုံကို ကာယတောင်ထိပ် ဟေယင်ဆာ
ကျောင်းတိုက်တွင် တွေ့ရပုံ။

၁၃၂



# ဘုရားရှင်၏သာဝကများ



## ပဥ္စဝဂ္ဂီငါးပါး

ဘုရားလောင်း သိဒ္ဓတ္ထမင်းသား ဖွားမြင်တော်မူစကပင် ကေန်စင်စစ်ဘုရားဖြစ်မည်ဟု နိမိတ်လက္ခဏာ ဖတ်ကြားခဲ့သော ပုဏ္ဏားငါးဦးတို့သည် ဘုရားလောင်းတောထွက်လျှင် သူတို့လည်းတောလိုက်ထွက်ကာ ရဟန်းပြုကြသည်။ အလုပ်အကျွေးပြုကြသည်။ ဘုရားရှင်က ဒုက္ကရစရိယာအကျင့်ကို ကျင့်တော်မူသည်။

ခြောက်နှစ်ကြာသောအခါ ဘုရားမဖြစ်သေးသဖြင့် ခံအပ်သောဆွမ်းကို ဘုန်းပေးသည်။ ထိုအခါ ပဥ္စဝဂ္ဂီငါးပါးလည်း ဘုရားထံမှ ရှောင်ခွာ၍ မိဂဒါဝုန်တောကို သွားရောက်နေထိုင်ကြသည်။

ဘုရားလောင်းသည် တကိုယ်တည်းကျင့်တော်မူရာ မဟာသက္ကရာဇ် ၁၀၃၃ ကဆုန်လပြည့်နေ့တွင် ဘုရားအဖြစ်ကိုရောက်သောအခါ ကျေးဇူးရှိဖူးသော ပဥ္စဝဂ္ဂီငါးပါးထံ ကြွရောက်ပြီး ဓမ္မစကြာဒေသနာ တရားဦး ကိုဟောတော်မူသည်။

ပဥ္စဝဂ္ဂီငါးပါးစလုံး ဧဟိဘိက္ခုရဟန်းအဖြစ်သို့ ရောက်တော်မူပြီးနောက် ဝါဆိုလပြည့်ကျော်ငါးရက်နေ့၌ အနတ္တလက္ခဏသုတ်ကို ဟောကြားတော်မူရာ ပဥ္စဝဂ္ဂီငါးပါးစလုံး ရဟန္တာအဖြစ်သို့ရောက်ကြလေသည်။

အိန္ဒိယနိုင်ငံ မိဂဒါဝုန် ပရဝဏ်အတွင်း မြန်မာနိုင်ငံသားတို့ တည်ထားသော ပဥ္စဝဂ္ဂီငါးပါးဘုရားပုံတော် ၂၈ ၂ ၁၉၈၈ ပြီးစီးသည်။



## ရှင်သာရိပုတ္တရာထေရ်

ဂေါတမဘုရားသခင်၏ လက်ျာတော်ရံ အဂ္ဂသာဝကကြီးဖြစ်သည်။ ပညာကြီးသော အရာ၌ ဧတဒဂ်ရတော်မူသည်။

ရှေးဦးဆရာဖြစ်သော ရှင်အဿဇိရဟန်းကို အမြဲဦးခေါင်းပြု၍အိပ်လေ့ရှိခြင်း စသောဆရာကိုလေးစားသောဂုဏ်၊ မယ်တော်ကမည်မျှဆဲရေးသော်လည်း အမျက်မထွက်ခြင်းသီးခံဂုဏ်၊ မိမိအားဆုံးမလာသည်ရှိသော် ကြီးငယ်မရွေးကျေးဇူးတင်တတ်သောဂုဏ်၊ ပဌမအဂ္ဂသာဝကကြီးဟူ၍ အခွင့်အခါပိုပြီးမယူသောဂုဏ် စသည့်ဂုဏ်ထူးတို့ဖြင့် ပြည့်စုံသည်။

မယ်တော်အိမ်၌ သာသနာနှစ် ၁၄၇ ခုတွင် ပရိနိဗ္ဗာန်ပြုရာ ဓါတ်တော်များကို မြတ်စွာဘုရားကိုယ်တိုင် သာဝတ္ထိပြည်၌ ဌာပနာပြု၍ စေတီတည်စေသည်။ နောင်အခါ သီရိဓမ္မာသောကမင်းကြီးက ဓါတ်တော်များကို နေရာရွှေ့ စေတီတည်သည်။

ထိုဓါတ်တော်များကို ၁၈၅၀ ခုနှစ်တွင်း စေတီတော်ပြိုပျက်ရာတွင် တူးဖော်တွေ့ရှိ၍ အင်္ဂလန်ပြည်ပြတိုက်သို့ ပင့်ဆောင်ပူဇော်ထားရာမှ အိန္ဒိယနိုင်ငံ မဟာဗောဓိအသင်းမှ ကြိုးပမ်း၍ ပြန်လည်ပင့်ဆောင်ကာ ယခုအခါဆန်ချီအရပ်၌ စေတီတော်ကို ဌာပနာခြင်းပြုသည်။

ထိုဌာပနာပွဲတော်ကို၁၉၅၂ခုနှစ်က ခမ်းနားကြီးကျယ်စွာကျင်းပရာ မြန်မာနိုင်ငံမှ ဗုဒ္ဓဘာသာဝင်လူကြီးများတက်ရောက်ကြသည်။

## မဟာမောဂ္ဂလာန်ထေရ်

မဟာမောဂ္ဂလာန်ထေရ်သည် မြတ်စွာဘုရားထံတွင် နှစ်ရှည်လများ အလုပ်အကျွေးပြုသည်။ ထို့နောက် ဣသိဂိလိတောင် နံဘေး၌ ဝင်ကြမ္မာအလျောက် ခိုးသားငါးရာတို့ ရိုက်နှက်ခြင်းကို ခံရသဖြင့် ပရိနိဗ္ဗာန် စံတော်မူသည်။ မဟာမောဂ္ဂလာန်ထေရ်၏ ဓါတ်တော်များကို မြတ်စွာဘုရားကိုယ်တော်တိုင် ကြွပ်မ၍ ဝေဠုဝန်ကျောင်းတော် တံခါးမုတ်ဝ၌ စေတီတည်တော်မူသည်။

နောင်သောအခါ သီရိဓမ္မာသောကမင်းကြီးသည် ဓါတ်တော်များကို မူလနေရာမှ တူးဖော်ဆောင်ယူ၍ အဝန္တီတိုင်းဥဇ္ဇေနီပြည်အနီး ဝေဒိသကတောင်ရှိ စေတီကြီး၃ဆူတည်၍ တစ်ဆူတွင် မဟာမောဂ္ဂလာန်ထေရ်၏ ဓါတ်တော်ကို ဌာပနာသည်။

ထိုဓာတ်တော်များကို ၁၉ရာစုအတွင်း၌ စေတီပြိုပျက်ရာတွင် တူးဖော်တွေ့ရှိရ၍ အင်္ဂလန်နိုင်ငံပြတိုက်သို့ ပင့်ဆောင်ပူဇော်ထားရာမှ အိန္ဒိယနိုင်ငံ မဟာဗောဓိအသင်းမှ ကြိုးပမ်း၍ ပြန်လည်ပင့်ဆောင်ကာ ထိုဝိဒေသကတောင် (ယခုအခါ ဆန်ချီ)အရပ်ရှိ စေတီတော်၌ပင် ဌာပနာခြင်းပြုသည်။ ဓာတ်တော်များကို ဌာပနာခြင်းမပြုမီ မြန်မာနိုင်ငံအစိုးရက မြန်မာနိုင်ငံသို့ ပင့်ဆောင်ကာ မြို့ရွာများစွာတွင် လှည့်လည်အပူဇော်ခံခဲ့သည်။ ဓာတ်တော်ဌာပနာပွဲကို ၁၉၅၂ ခုနှစ်က အိန္ဒိယနိုင်ငံတွင်ကျင်းပခဲ့သည်။

**အရိယာရှစ်ပါး။** ။မြင့်မြတ်ဖြူစင်သော ပုဂ္ဂိုလ်ရှစ်ပါးကို ခေါ်သည်။ ထိုအရိယာရှစ်ပါးဟူသည်မှာ–

၁။ သောတာပတ္တိမဂ်သို့ရောက်ဆဲ သောတာပတ္တိမဂ် ပုဂ္ဂိုလ် ၁ ပါး၊

၂။ သကဒါဂါမိမဂ်သို့ရောက်ဆဲ သကဒါဂါမိမဂ်ပုဂ္ဂိုလ် ၁ ပါး၊

၃။ အနာဂါမိမဂ်သို့ရောက်ဆဲ အနာဂါမိမဂ်ပုဂ္ဂိုလ် ၁ ပါး၊

၄။ အရဟတ္တမဂ်သို့ ရောက်ဆဲ အရဟတ္တမဂ်ပုဂ္ဂိုလ် ၁ ပါး၊

၅။ သောတာပတ္တိဖိုလ်သို့ရောက်နေသော သောတာပန်ပုဂ္ဂိုလ် ၁ ပါး၊

၆။ သကဒါဂါမိဖိုလ်သို့ရောက်နေသော သကဒါဂါမ်ပုဂ္ဂိုလ် ၁ ပါး၊

၇။ အနာဂါမိဖိုလ်သို့ ရောက်နေသော အနာဂါမ်ပုဂ္ဂိုလ် ၁ ပါး၊

၈။ အရဟတ္တဖိုလ်သို့ရောက်နေသော ရဟန္တာပုဂ္ဂိုလ် ၁ ပါးဟူ၍ မဂ်ပုဂ္ဂိုလ်လေးပါး၊ ဖိုလ်ပုဂ္ဂိုလ်လေးပါး၊ ပေါင်းအရိယာရှစ်ပါးဖြစ်သည်။



ဘုရားရှင်နှင့် အဂ္ဂသာဝကကြီးနှစ်ပါး
(ရှေးတရုတ်ပန်းချီကား)



## သီဝလိထေရ်

သီဝလိထေရ်သည် ဂေါတမ ဘုရားသခင်လက်ထက် လာဘ်လာဘပေါများသည့်အရာ၌ ဧတဒဂ်ရသော ရဟန္တာ ဖြစ်သည်။ မြတ်စွာဘုရား၏ လကျာ်တော်ရံ လေးကျိပ်တွင် တစ်ပါးအပါအဝင်လည်းဖြစ်သည်။

## ရှင်မဟာဗုဒ္ဓဃောသ

ရှင်မဟာဗုဒ္ဓဃောသ မထေရ်မြတ်သည် ဗုဒ္ဓဘုရားရှင်၏ ပိဋကတ်သုံးပုံနှင့်တကွအဋ္ဌကထာတို့ကို သီဟိုဠ်ဘာသာမှ မဂဓဘာသာသို့ပြန်ဆိုကာ အဓိပ္ပါယ်ရှင်လင်းဖွင့်ဆိုသော အဋ္ဌကထာသစ်များကို ပြုစုခဲ့သဖြင့်
ကျော်ကြားသည်။

ရှင်မဟာဗုဒ္ဓဃောသမထေရ်မြတ်၏ မွေးသက္ကရာဇ်စသည်တို့ကို အတိအကျမသိရသော်လည်း၊ ရှင်မဟာဗုဒ္ဓဃောသသည်အေဒီ၅ရာစု နှစ်အတွင်း၌ ကျော်စောထင်ရှားသော ပုဂ္ဂိုလ်ကျော်တစ်ပါး ဖြစ်ကြောင်းကိုမူ အထောက်အထားများ တွေ့ရှိရလေသည်။

ရှင်မဟာဗုဒ္ဓဃောသ ပြုစုစီရင်အပ်သော အဋ္ဌကထာသစ်များသည် အလုံးစုံသော သတ္တဝါတို့၏ အစီးအပွားကိုဆောင်သည်။ ထိုကြောင့် ရှေးဆရာကြီးတို့သည် ထိုအဋ္ဌကထာသစ်များကို ပါဠိတော် ကဲ့သို့ယူကြသည်။

သာသနာဗဟုသုတပကာသနီကျမ်းအလို အရ ရှင်မဟာဗုဒ္ဓဃောသသည် သထုံပြည်မှ သီဟိုကျွန်းသို့သာသနာနှစ် ၉၂၇ ခုတွင် ကူးတော်မူသည်။ သထုံဘုရင် ဆုမ္မိရာဇာမင်းက လက်ဆောင်ပေးသော ဆင်ဖြူကို သီဟိုဠ်မင်းသို့ ယူဆောင်သွားသည်။ သီဟိုဠ်၌ သုံးနှစ်နေထိုင်ပြီး ပိဋကတ်တော်တို့ကို မဂဓဘာသာသို့ ရေးကူးပြီးလျှင် သထုံသို့ပြန်လာသည်ဟုဆိုလေသည်။

### ဥပဂုတ္တထေရ်

ရာဇဝံသကျမ်း၌ သီရိဓမ္မာသောကမင်းကြီးသည် စေတီရှစ်သောင်း လေးထောင်တို့ကို အနုမောဒနာပြုသောကာလ ဥပဂုတ္တထေရ် (ရှင်ဥပဂုတ်)သည် မာရ်နတ်ကို ဆုံးမကြောင်း ဖော်ပြပါသည်။

မြတ်စွာဘုရား သက်တော်ထင်ရှား ရှိတော်မူစဉ်က ရာဇဂြိုဟ်ပြည်သို့ ဆွမ်းခံဝင်တော်မူသာအခါ

## ရှင်အရဟံ

ပုဂံမြို့တော်၌ အနော်ရထာမင်းကြီးစိုးစံစဉ် အရဟံသည် သထုံမြို့မှ ကြွရောက်ကာ သာသနာပြုခဲ့သည်။ ထေရဝါဒဗုဒ္ဓဘာသာမျိုးစေ့ကို ပုဂံပြည်၌ချပေးခဲ့သူဖြစ်၏။

ရှင်အရဟံလည်း သာသနာတော်၌ ကြည်ညိုကုန်သောသူတို့ကို ရဟန်းပဉ္စင်းပြုတော်မူ၍ သာသနာတော်မြတ် သန့်ရှင်းထွန်းလင်းစေ၏။

ရှင်အရဟံ၏ မိန့်တော်မူချက်အတိုင်း အနော်ရထာမင်းသည် သထုံမှပိဋကတ်တော်များကို ယူဆောင်ပြီးလျှင် သာသနာပြုတော်မူသည်။ ထိုအချိန်မှစ၍ ပုဂံပြည်၏ ဗုဒ္ဓသာသနာတော်သည် အလွန်ထွန်းလင်းတောက်ပလာသည်။

ရှင်အရဟံသည် သက်တော် ၈၁နှစ်အထိ အနော်ရထာမင်း၊ ကျန်စစ်သားမင်း၊ အလောင်းစည်သူမင်း နန်းစံနှစ်နှစ်တိုင်အောင် ထင်းရှားသော မင်းသုံးဆက်တို့ လက်ထက်ဝယ် သာသနာပြုစု ပျိုးထောင်ခဲ့လေသည်။

ရှင်ဥပဂုတ္တထေရ်

ပီယဒဿီ အမည်ရှိသော မြေမှုန့်များကို ကစားနေကြသော သူငယ်တို့အနက် ခုနစ်နှစ်အရွယ်ရှိ ပီယဒဿီ အမည်ရှိသော မြေမှုန့်များကို ကစားနေကြသော သူငယ်တို့အနက် ခုနစ်နှစ်အရွယ်ရှိ

ဘုရားကိုကြည်ညိုလှသဖြင့် လက်၌ရှိသော မြေမှုန့်ကိုလှူအံ့ဟုကြံ၍ အဖြေအရံ သဒ္ဓေးသားသည် ဘုရားကိုကြည်ညိုလှသဖြင့် လက်၌ရှိသော မြေမှုန့်ကိုလှူ၏။ မြတ်စွာဘုရားသည် ထိုလှူသောမြေမှုန့်ကို သူငယ်တို့ကိုခေါ်ပြီးလျှင် လက်၌ရှိသော မြေမှုန့်ကိုလှူ၏။ သပိတ်ဖြင့် ခံတော်မူပြီးလျှင် ပြုံးတော်မူသဖြင့် အာနန္ဒာထေရ်က အကြောင်းကိုလျှောက်ရာ ထိုသူငယ်သည် သာသနာတော် ၂၁၈ နှစ်သို့ ရောက်သောအခါ ပါဋလိပုတ်ပြည်၌ အသောကမည်သောမင်း ဖြစ်ပြီးလျှင်သာသနာတော်ကို ကြည်ညိုလှသဖြင့် ခုနစ်လ ခုနစ်ရက်တိုင်တိုင် အလှူကြီးပေးလိမ့်မည်။ ထိုအခါ မာရ်နတ်ဖျက်ဆီးအံ့သည်ကို ဥပဂုတ္တတိဿနာဂမည်သော မထေရ်သည် တန်ခိုးအားဖြင့် တားပေလတ္တံ့ဟု ဗျာဒိတ်စကား ကြားတော်မူ|ကြောင်းနှင့် လောကပညတ္တိပါဠိ၌ လာသည်။

## အသီတိသာဝက

မဟာသာဝကရှစ်ကျိပ်ကိုခေါ်သည် လကျာ်တော်ရံလေးကျိပ် လက်ဝဲတော်ရံလေးကျိပ်ဟူ၍ မဟာသာဝကရှစ်ကျိပ်ရှိသည်။

လကျာ်တော်ရံမဟာသာဝကလေးကျိပ်တွင် အရှင်သာရိပုတ္တရာ အရှင်ကောဏ္ဍည ရှင်ဘဒ္ဒိယ စသည်တို့ပါဝင်၍ လက်ဝဲတော်ရံ မဟာသာဝကလေးကျိပ်တွင် ရှင်မဟာမောဂ္ဂလန် ရှင်အင်္ဂုလိမာလ စသည်တို့ဖြစ်သည်။

## ဟေဝိဘက္ခု

ရဟန်းအဖြစ်သို့ ရောက်ရှိလာပုံကိုစွဲ၍ ရဟန်းရှစ်မျိုးရှိသည်။ ယင်းရှစ်မျိုးအနက် ဧဟိဘိက္ခု ရဟန်းဟူသည် ဘုရားရှင်က ဧဟိဘိက္ခု (ရဟန်းလာလှည့်)ဟု ခေါ်တော်မူကာမျှဖြင့် ရဟန်း အဖြစ်သို့ရောက်လာသောပုဂ္ဂိုလ်ဖြစ်သည်။

## တေဒဂ်ဘွဲ့

တေဒဂ်ဘွဲ့=တေ+အဂ္ဂ=ဤသူသည်မြတ်၏ ဟု မြတ်စွာဘုရား မိန့်တော်မူသောပုဂ္ဂိုလ်ဖြစ်သည်။

ဘုရားလက်ထက်တော်အခါက တပည့်သာဝကနှင့်ဒါယကာ ဒါယိကာမတို့တွင် ရှေးရှေးသော ဘဝသံသရာတို့က ဖြည့်ကျင့်ခဲ့သော ပါရမီကုသိုလ်နှင့် ဆုတောင်းအလျောက် - သီလဂုဏ်သမာဓိဂုဏ် ပညာဂုဏ်စသည်တို့ဖြင့် လွန်ကဲသောပုဂ္ဂိုလ်ထူးတို့ကို ပရိသတ်အလယ် ရွေးချယ်ကာ ဘုရားရှင်ကိုယ်တော်တိုင်တေဂ်ဘွဲ့ထူးကို ချီးကျူးပေးအပ်လေ့ရှိသည်။

ဥပမာ ပညာအရာ၌ထူးသူ ရှင်သာရိပုတ္တရာ တန်ခိုးအရာ၌ ရှင်မောဂ္ဂလန် ဓုတင်ဆောင်ရာ၌ ရှင်မဟာကဿပ စသည့် တေဒဂ်ဘွဲ့ရ ရဟန်း၄၁ပါး

ဘိက္ခုနီမ (ရဟန်းမိန်းမ). ၁၃ပါး

လူဒါယကာ ၁၀ ယောက်

လူဒါယိကာမ ၁၀ ယောက်ရှိခဲ့သည်။





ပုဂံမြို့ဆပဒဘုရား (၁၂ရာစုခေတ်) Sapada Pagoda.


## ဆပဒမထေရ်

ဤတွင် ထပ်လောင်းဖော်ပြလိုသည်မှာပုဂံခေတ်သာသနာသည်၊ သီဟိုဠ်နှင့် အဆက်အသွယ်ရမှုကြောင့် တိုးပွားခဲ့သည်ဟူသော အချက်ပင် ဖြစ်လေသည်။ အနော်ရထာရှိစဉ်က သီဟိုဠ်မင်း ဝိဇယဗာဟုက စစ်မှုရေးရာနှင့်စပ်၍ အကူအညီ|တောင်းခဲ့ဘူးပါ၏။ သို့သော်လည်း ဆက်သွယ်ရေး မစိပ်လှသေးဖြစ်လေသည်။ အလောင်းစည်သူ၏ သားငယ်နရသူ (အေဒီ၁၁၆၅-

၁၁၇၄)သည် ပုဂံထီးနန်းကို မတရားလုယူသည့်အခါ၌ကား အရေးတစ်ခု ပေါ်ပေါက်ခဲ့တော့သည်။ နရသူသည် ရှင်ရောလူပါ မနှစ်မြို့ရလောက်အောင်တရားပျက်သူပါပေတည်း။ ပြည်သူတို့က ကြည်ညိုသော ပံ့သကူမထေရ်လည်း ပုဂံတွင် မနေလိုသဖြင့်၊ သီဟိုဠ်ကျွန်းသို့ကြွလေသည်။ တစတစနှင့် ရဟန်းများလည်း သီဟိုဠ်၌ နိုကြလေသည်။

အေဒီ ၁၁၇၄ ခုနှစ်တွင်၊ နရသူ၏ သားငယ်ဖြစ်သူ နရပတိစည်သူသည် မင်း၏အရိုက်အရာကို ခံယူလေသည်။ ထိုမင်းလက်ထက်တွင် ပုဂံနှင့်သီဟိုဠ်သည် အဆက်အဆံများနေလေပြီ။ သီဟိုဠ် သာသနာပွင့်လင်းသည့် အကြောင်းမှာလည်း ပုဂံ၌ အကျော်တစောရှိလေသည်။ ထိုအခါ ဥတ္တရာဇီဝမထေရ်သည် တပည့်သံဃာများနှင့်အတူ၊ သီဟိုဠ်၌ တရားစကား နိုးနှောရန် ကြွလေသည်။ ထိုအထဲတွင်ဆပဒအမည်ရှိ သာမဏေတစ်ပါးပါခဲ့၏။ ထိုသာမဏေသည် သျှင်ဥတ္တရဇီဝတို့နှင့် အတူမပြန်၊ သီဟိုဠ်တွင်ရဟန်းခံ၍၊ မဟာဝိဟာရ ကျောင်းတော်ကြီးတွင်၊ ပိဋကတ်သုံးပုံနှင့်တကွ အဋ္ဌကထာကို ဆယ်ဝါတိုင်တိုင် သင်ကြားလေသည်။

ထိုနောက်မှ၊သီဟိုဠ်မှ ရဟန်းလေးပါးနှင့်အတူ ပုဂံသို့ပြန်၍ သီတင်းသုံးလေသည်။ ဤတွင်ပုဂံ၌ ရဟန်းသိက္ခာခံမှုသည် ဝိနည်းတော်နှင့်မညီ၊ မစင်ကြယ်ဟု ဆပဒမထေရ်နှင့် သီဟိုဠ်မှ ကြွလာသောရဟန်းတို့က သတ်မှတ်ကာ ပုဂံရှိရဟန်းတို့နှင့်အတူ ကံမဆောင်လေ၊ ဆပဒမထေရ်သည် သီဟိုဠ်ပုံစံအတိုင်း စေတီတစ်ဆူတည်လေသည်။ နရပတိစည်သူမင်းလည်း သီဟိုဠ်မှကြွလာသော သံဃာများကို အလွန်ကြည်ညိုကြ၍၊ သီဟိုဠ်ထုံးစံအတိုင်း ပုဂံရှိရဟန်းများကို သိက္ခာသစ်တင်၊ ပဥ္စင်းသစ်ခံကြစေရန် ကြိုးပမ်းလေသည်။ သိက္ခာသစ်တင်၊ ပဥ္စင်းသစ်ခံကြသော ရဟန်းဦးရေသည် တိုးပွားလာတော့သည်။ သထုံနွယ်သံဃာ (ပုရိမသဃ်ာ)တို့နှင့် သီဟိုဠ်ရောက်သံဃာ (ပစ္ဆာသဃ်ာ)ဟူ၍လည်း တိုးပွားလာခဲ့သည်။



The Hall of Arhats at Baoguang Temple

မြန်မာနိုင်ငံတွင် တေဒဂ်ဘွဲ့ရ ရဟန္တာများအား တသီးတသန့် ကြည်ညိုကြသလို တရုတ်နိုင်ငံတွင်လည်း အရဟတ်များကို သီးသန့်ကြည်ညိုကြသည်။





မြန်မာနိုင်ငံတွင် တေဒဂ်ဘွဲ့ရ ရဟန္တာများအား တစ်သီးတစ်သန့် ကြည်ညိုသလို တရုတ်နိုင်ငံတွင်လည်း အရဟတ်များကို သီးသန့်ကြည်ညိုသည့်ဓလေ့ရှိသည်၊





တရုတ်နိုင်ငံ၌ထုလုပ်ကိုးကွယ်လေ့ရှိသော အရဟတ် ရဟန္တာ၁၈ပါး၊ Clay statues of the "Eighteen Arhats" in the Paoen Monastery in Shouhsien county, Anhuei province.






# ဘုန်းကြီးရဟန်းသံဃာတော်များ

ဘုရားဖြစ်မည့်နေ့၌ ဃနာနို့ဆွမ်း လှူဒါန်းသော သုဇာတာ၏ သားဦးရတနာ 'ယသ' အတို့သားသည် ဘုရားရှင်နှင့်တွေ့ဆုံရာက ပထမဆုံး ရဟန်းအောင်ဝင်သူဖြစ်သည်၊



ရှမ်းပြည်နယ် ကျေးလက်ဒေသ၌ သာသနာပြုနေသော ရဟန်းတော်တစ်ပါး၊



ရဟန်းတော်များသည် မိမိပြုခဲ့မိသော အမှားများကို မိမိထက် ဝါကြီးသော ရဟန်းများရှေ့တွင် ဝန်ချတောင်းပန်သည့် ဓလေ့ရှိသည်။

ထိဗက်နိုင်ငံ၌ အထက်ဆရာတော်ကြီးများက ရဟန်းငယ်များအား သွန်သင်ဆုံးမသည်ကို တသွေမတိမ်း နာခံနေကြသော ပုံ (၁၉၃၀-ခုနှစ်ဓာတ်ပုံ)



## ထေရဝါဒ-ဗုဒ္ဓဘာသာ ရဟန်းတော်များစောင့်ထိန်းကြရသည့်

## နှစ်ရာနှစ်ဆယ့်ခုနှစ်သွယ်သော သိက္ခာပုဒ် (ပါရာဇိက သိက္ခာပုဒ် ၄ ပါး)

မြတ်စွာဘုရားရှင် ပညတ်တော်မူခဲ့သော သိက္ခာပုဒ် နှစ်ရာနှစ်ဆယ့် ခုနှစ်သွယ်အား အကျဉ်းချုပ်အားဖြင့် အောက်ပါအတိုင်း ရေတွက်နိုင်ပါသည်-

| | |
|---|---|
| (၁) ပါရာဇိက သိက္ခာပုဒ် | ၄ ပါး |
| (၂) သံဃာဒိသိသ်သိက္ခာပုဒ် | ၁၃ ပါး |
| (၃) အနိယတသိက္ခာပုဒ် | ၂ ပါး |
| (၄) နိဿဂ္ဂိပါစိတ်သိက္ခာပုဒ် | ၃၀ ပါး |
| (၅) သုဒ္ဓပါစိတ် သိက္ခာပုဒ် | ၉၂ ပါး |
| (၆) ပါဋိဒေသနီ သိက္ခာပုဒ် | ၄ ပါး |
| (၇) သေခိယ သိက္ခာပုဒ် | ၇၅ ပါး |
| (၈) သမထ သိက္ခာပုဒ် | ၇ ပါး |

**ပါရာဇိကသိက္ခာပုဒ် ၄ ပါး**

(၁) ပါရာဇိကသိက္ခာပုဒ် ၄ ပါး အနက် ပထမ ပါရာဇိကသိက္ခာပုဒ်မှာ မေထုန် မှီဝဲခြင်းဖြစ်၏။

(၂) ဒုတိယပါရာဇိက သိက္ခာပုဒ်မှာ ခိုးခြင်းဖြစ်၏။ ခိုးယူခြင်း၊ ခိုးယူစေခြင်း စသည်။

(၃) တတိယပါရာဇိက သိက္ခာပုဒ်မှာ လူသတ်ခြင်းဖြစ်၏။

(၄) စတုတ္ထပါရာဇိက သိက္ခာပုဒ်မှာ ဈာန် မရဘဲနှင့်ရသယောင် ဝါကြွားပြောဆိုခြင်းပင် ဖြစ်၏။

ပါရာဇိက သိက္ခာပုဒ် (၄) ပါးအနက် တစ်ပါးပါးကို ကျိုးပြီးသော ရဟန်းသည် ဦးခေါင်းပြတ်ပြီးသောသူသည် ဦးခေါင်းနှင့်ကိုယ်ကို ပြန်၍ဆက်စပ်သော်လည်း အသက်မရှင်နိုင်သကဲ့သို့ ရဟန်းသံဃာအဖြစ်ကို မည်သို့မျှ မရနိုင်တော့ပေ။ လူဝတ်လဲရုံသာရှိတော့သည်။

ကျန်သိက္ခာပုဒ်များကျိုးပါက ဘုရားရှင်ကိုယ်စား ရဟန်းတော်တစ်ပါး၌ အများကို ဟောင်းပန်ခြင်းဖြင့် ဖြေဖျောက်၍ရသေး၏။

---

## ကုသိုလ်တော်

မန္တလေးမြို့ ကျောက်တော်ကြီးဘုရား အနောက်ဘက်ရှိ မဟာလောက မာရဇိန် ကုသိုလ်တော်ဘုရားကြီးကို မင်းတုန်းမင်းကြီးက မန္တလေးမြို့တည်စဉ် ၁၂၂၁ ခုနှစ်က ( ၇ ဌာနအပါအဝင်) တည်ဆောက်ခဲ့သည်။ မဟာရံတံတိုင်း အတွင်း၌ ပိဋကတ်သုံးပုံ ကျောက်စာတော်ပေါင်း ၇၂၉ ဆူကိုပြဿဒ်များ ဆောက်လုပ်၍ ပူဇော်ထားသည်။ ကမ္ဘာ့အကြီးဆုံး စာအုပ်အဖြစ်ထင်ရှားသည်။ ပိဋကတ်ကျောက်စာများကို ပဉ္စမသံဂါယနာမတင်မီကာလက ထုလုပ်ခဲ့ခြင်း ဖြစ်သည်။ အများယူဆသကဲ့သို့ သံဂါယနာတင်ပြီးမှ ကျောက်ထက်အက္ခရာ တင်ခြင်းမဟုတ်ပါ။

## စန္ဒာမုနိ

ကုသိုလ်တော်ဘုရားအနီး၌ မဟာရံတံတိုင်းအတွင်း ရသေ့ကြီးဦးခန့် သည် ၁၂၇၅ ခုနှစ်၌ ပိဋကတ်စာပေမှ အဋ္ဌကထာများကို ကျောက်ချပ်ရေ ၁၇၇၄ ချပ်ပြုလုပ်ပြီး ဂူပေါင်း ၇၅၈ ဂူ ဖြင့်ထားရှိသည်။

---


# နိုင်ငံအသီးသီးမှ ဆရာတော်ကြီးများ

ရဟန်းတော်များသည် ဘုရားရှင်ချမှတ်ပေးထားခဲ့သော ဝိနည်းတော်များအတိုင်း နေထိုင်ကျင့်ကြံအားထုတ်ကြရပါသည်။




မြန်မာနိုင်ငံ သံဃာတော် အပေါင်း၏ ဥက္ကဋ္ဌဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဇနကာဘိဝံသ ဆရာတော်နှင့် အကျိုးတော်ဆောင်ချုပ် တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ ဆရာတော်ဘုရား၊တို့ အနာကြီးရောဂါကုဆေးရုံ ထောက်ကြံ့သို့ ကြွရောက်ပြီး၊ ဝေဒနာရှင်များအား တရားဟောကြားတော်မူစဉ်။





ထိုင်းနိုင်ငံမှ ထင်ရှားသော-ဦးဆောင်ဆရာတော်ဘိက္ခု-ဗုဒ္ဓဒသ-
ထိုင်းနိုင်ငံတောင်ပိုင်း ဆူယင်မို SUAN MOKH ကျောင်းတော်မှ ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးများအား ခေတ်အရ ပြုပြင်ပြောင်းလဲပေးခဲ့သူ








၁၉၅၂ တရုတ်ပြည်၌ ကျင်းပသော–အာရှ အာဖရိကဒေသ ငြိမ်းချမ်းရေး ညီလာခံသို့ကြွရောက်လာသော သီဟိုဠ်နိုင်ငံ–အဖွဲ့ခေါင်းဆောင်ရဟန်းတော်

ရဟန်းတော်များ ပြန်လွန်တော်မူသည့်အခါ မြန်မာနိုင်ငံတွင် ဘုန်းကြီးပျံမျိုးကိုကြီး ကျယ်ခန်းနားစွာ ကျင်းပလေ့ရှိသည်။







ရှမ်းပြည်တစ်နေရာမှ စုပေါင်းရှင်ပြုပွဲတော် မိဘများအတွက် ဂုဏ်ယူမဆုံး။

မြန်မာနိုင်ငံပြည်မတွင် ဗုဒ္ဓသာသနာတော်အစဉ်အလာမပျက်သလို ရှမ်းပြည်နယ်တွင်လည်း အစဉ်အလာမပျက်တည်ရှိလျက်ရှိသည်။



ရန်ကုန်မြို့ ခေတ်သစ် ရှင်ပြုပွဲတော်မှ ရှင်သာမဏေလောင်းများ





Teach Novices Thailand



Buddhist Monks——— ထိုင်းနိုင်ငံမှ ရှင်သာမဏေများ ———Thailand- ၁၄၉



မန္တလေးမြို့ ရွှေနန်းတော်ကျောင်း။
သီပေါမင်းက မင်းတုန်းမင်းကြီး၏ အဆောင်တော်ကို ဘုန်းတော်ကြီးကျောင်းအဖြစ်
ပြန်လည်မွမ်းမံ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

# တိပိဋကဓရ သာသနအာဇာနည် အရှင်မြတ်ငါးပါး



အရှင်ဝိစိတ္တသာရ ဘိဝံသ
မင်းကွန်း-ဆရာတော်

အရှင်နေမိန္ဒ
ပခုက္ကူ-ဆရာတော်

အရှင်ကောသလ္လ
ပြည်-ဆရာတော်



အရှင်သုမင်္ဂလာလင်္ကာရ
ရန်ကုန်-ဆရာတော်

အရှင်သိရိန္ဒာ ဘိဝံသ
ယော-ဆရာတော်



သုတ်+ဝိနည်း+အဘိဓမ္မာတွင် စုစုပေါင်း စာအုပ်ရေ(၂၀) အုပ်ရှိပြီး၊ နိကာယ် (၅) ရပ်တွင် စာအုပ်ရေ (၄၀)အုပ် ရှိပေသည်။ စုစုပေါင်း ၂-ရပ်ပေါင်းလျှင် အုပ်ရေ (၆၀)အုပ် ရှိပါသည်။

တိပိဋကဘွဲ့ ရစေရန်အတွက် ပိဋကတ်သုံးပုံ ဖြေဆိုသူ ရှင်ရဟန်းတို့သည်—

(၁) မဇ္ဈိမနိကာယ် (၂) အင်္ဂုတ္တရနိကာယ် (၃) သံယုတ္တနိကာယ်နှင့် (၄) ခုဒ္ဒကနိကာယ်မှ (၁၁) အုပ်တို့ကို အာဂုံဆောင် ရေးဖြေဖြင့် ဖြေဆိုကြရပါသည်။

တိပိဋကဓရ သာသနာ့အာဇာနည် ဘွဲ့ထူးကို ဆွတ်ခူးရရှိရန်အတွက် ဝိနယပိဋကတွင် စာမျက်နှာ ၂၂၆၀—မျက်နှာ၊ သုတ္တန်ပိဋကတွင် စာမျက်နှာ ၇၇၉-မျက်နှာ၊ အဘိဓမ္မာပိဋကတွင် စာမျက်နှာ ၄၉၈၇-မျက်နှာ၊ စုစုပေါင်း စာမျက်နှာ ၈၀၂၆ မျက်နှာတို့ကို ကောင်းမွန်စွာ အာဂုံပြန်ဆိုနိုင်ရပေမည်။

ထိုမျှသာမက ပိဋကတ်သုံးပုံလာ သဘောအဓိပ္ပာယ်တို့ကိုပါ အောင်မြင်စွာ ရေးသား ဖြေဆိုရပါသည်။ တော်ရုံတန်ရုံ ဉာဏ်သတ္တိဖြင့် တိပိဋကဓရ ဘွဲ့ထူးကို ဆွတ်ခူးရရှိရန် မလွယ်ကူပေ၊ တိပိဋကဓရ စာမေးပွဲကြီးသည် စာမေးပွဲများတွင် အခက်ခဲဆုံးဖြစ်ပေသည်။

၁၃၁၀-ပြည့်နှစ်မှစ၍ ယခု ၃၉-နှစ် ကာလအတွင်း၌ တိပိဋကဓရ ဘွဲ့ထူးကို ဆွတ်ခူးရရှိသည့် ဆရာတော်ကြီး ၅ ပါးမျှသာ ပေါ်ထွက်ခဲ့ပေသေးသည်။

၆-ကြိမ်မြောက် စာမေးပွဲ၌ စစ်ကိုင်းတောင်ရိုး မင်းကွန်းမှ ဆရာတော် ဦးဝိစိတ္တသာရာဘိဝံသ၊ ၁၂ ကြိမ်မြောက်တွင် ပခုက္ကူမြို့မှ ဆရာတော် ဦးနေမိန္ဒ၊ ၁၆—ကြိမ်မြောက်တွင် ပြည်မြို့မှဆရာတော် ဦးကောသလ္လ၊ ၂၆—ကြိမ်မြောက်တွင် ရန်ကုန်မြို့မှ ဆရာတော် ဦးသုမင်္ဂလာလင်္ကာရ၊ ၃၇—ကြိမ်မြောက်တွင် ရန်ကုန်မြို့မှ ဆရာတော် ဦးသိရိန္ဒာဘိဝံသ၊ စုစုပေါင်း ၅ ပါးသာ တိပိဋကဓရဘွဲ့ထူးကို ပိုင်ဆိုင်ရယူနိုင်ခဲ့ပေသည်။

> သဗ္ဗပါပဿ အကရဏံ
> ကုသလဿ ဥပသမ္ပဒါ၊
> သစိတ္တ ပရိယောဒါပနံ,
> ဧတံ ဗုဒ္ဓါန သာသနံ။
>
> (ဓမ္မပဒ၊ဗုဒ္ဓဝဂ်၊အာနန္ဒပဉှာဝတ္ထု၊)
>
> မကောင်းမှုဟူသမျှကို မပြုခြင်း,
> ကုသိုလ်ကောင်းမှုကို ပြည့်စုံစေခြင်း,
> မိမိစိတ်ကို ဖြူစင်စေခြင်း,
> ဤ သုံးပါးသည် ဘုရားရှင်တို့၏
> အဆုံးအမတော် တည်း။

## နိုင်ငံအသီးသီးမှ မဟာယာနဂိုဏ်းဝင် ဘုန်းတော်ကြီးများ



တရုပ်ပြည် ချူဟွာတောင်ထိပ်ရှိ ချီယူအင်ဘုန်းတော်ကြီးကျောင်းတော်မှ ရဟန်းတော်များ





ဂျပန်နိုင်ငံလုံးဆိုင်ရာ ဒုတိယဥက္ကဋ္ဌဆရာတော် (၁၉၅၅)



တိဗက်-ရဟန်းမင်း ဒလိုင်းလားမား ဒုတိယ ရဟန်းမင်း
ပန်ချင်လားမားတို့ ၁၉၅၄-တရုတ်နိုင်ငံအမျိုးသား ကွန်ဂရက်သို့
ကြွရောက်မဲပေးစဉ်။



၁၉၅၄–ပီကင်းမြို့၌ ကျင်းပသော ညီလာခံသို့ လားမားဘုန်းတော်ကြီးများ ကြွရောက်ခဲ့ကြစဉ်၊



တရုတ်ဗုဒ္ဓဘာသာဆရာတော်နှင့် ဗီယက်နမ်မှ ကိုယ်စားလှယ် ခေါင်းဆောင်တို့ စကား ပြောဆိုနေကြစဉ်။ (၁၉၅၂)



အတွင်းမွန်ဂိုးလီးယား ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသမှ ဘုရားကျောင်းတော်ကြီး ရှစ် ကျောင်းမှ လားမားဘုန်းတော်ကြီးများ။

ကြွရောက်မဲပေးနေစဉ်၊ အဏုမြူလက်နက် မသုံးစွဲကြရန် မေတ္တာရပ်ခံစာ လက်မှတ်ရေး ထိုးနေကြစဉ်၊



ယနေ့ တရုတ်နိုင်ငံ ရှောင်လင်ကျောင်းတော်မှ ကွန်ဖူးလေ့ကျင့်နေသော ရဟန်းတစ်ပါး
မြန်မာနိုင်ငံတွင် တခေတ်က ပွဲကျောင်းများ၌ ယောကျ်ားတို့၌ ရှိအပ်သော အတတ် ၁၈ ရပ် သင်ကြားပေးသလို ကိုယ်ခံတိုက်ခိုက်စွမ်းအားကို သင်ကြားပေးနေသည်။





ဂျပန်နိုင်ငံ ဈင် ဗုဒ္ဓဘာသာဝင် ရဟန်းတော်



တရုတ်ပြည် ပိုဟွာ **PAOHUA** တောင်တော်ရှိ - လန်ချန်းဘုန်းတော်ကြီးကျောင်းတိုက် ဤကျောင်းတိုက်၌နှစ်စဉ် စုပေါင်းရဟန်းခံပွဲ ကျင်းပလေ့ရှိသည်၊ ၁၉၅၁ ခုနှစ်က စုပေါင်းရဟန်းခံပွဲကျင်းပနေစဉ်

ကိုရီးယားနိုင်ငံ ဟိန်ဆာကျောင်းတော်မှ ရဟန်းတော်များ










တိဘက်နိုင်ငံ လားမားဘုန်းတော်ကြီးများ
(အဝါရောင်ဦးထုပ်ဆောင်းဂိုဏ်း)


ဘူတန်နိုင်ငံ ရဟန်းတော်များဗုဒ္ဓဘာသာ ပွဲတော်တစ်ခု၌ ကခုန်နေကြစဉ် 





ရဟန်းတော်များ ပိုင်ဆိုင်အပ်သော ပစ္စည်းများ ထိဗက်ရွေးပန်းချီ
ရဟန်းတော်များ ဝိနည်းအရ သောက်ရေဆောက်သုံးနည်း (ထိဗက်ပုရပိုက်မှ)







# ဘိက္ခုနီ သာသနာ

ဂေါတမဘုရားရှင် ပွင့်တော်မမူမီ ခေတ်အခါက အိန္ဒိယ နိုင်ငံ၌ အမျိုးသမီး တို့သည် အဖိနှိပ်ခံ အနိမ့်ခံ လူတန်းစား တစ်ရပ်အဖြစ် ရပ်တည်ခဲ့ရသည်၊ ထိုခေတ်က ထွန်းတောက်ခဲ့သော ဗြဟ္မဏဝါဒ အရှိန်အဝါအောက်တွင် ပြားပြားဝပ်မျှ အနိမ့်ခံနေရပေသည်၊ (လင်သေသည့်အခါ အလောင်းကို မီးရှို့နေစဉ် ကျန်ရစ်သူဇနီးသည်က မီးပုံထဲသို့ ခုန်ချ သတ်သေရသည်အထိ အဖြစ်ဆိုးခဲ့သည်၊)ထိုဗြဟ္မဏ ဝါဒ အောက်တွင် တစ်လျှောက်လုံး အနိမ့်ခံလာရသော မိန်းမ(ဝါ)အမျိုးသမီးများသည် ဂေါတမဗုဒ္ဓ ဘုရားရှင် ပွင့်ထွန်းတော်မူလာသော အချိန်ကျမှ ပင် အနည်းငယ် ခေါင်းထောင် လာနိုင်ပေတော့သည်၊

သို့သော် ထိုအခွင့်အရေးကို အမျိုးသမီးတို့သည် ဘုရားရှင်ထံမှ လွယ်လွယ်ဖြင့် ရယူခဲ့ရခြင်းကားမဟုတ်ပါ၊ ထိုအမျိုးသမီးတို့၏ အခွင့်အရေးကြီးကို ဦးဦးဖျားဖျား ကြိုးစားရယူခဲ့သော ခေါင်းဆောင် အမျိုးသမီးကြီးကား မဟာပဇာပတိ ဂေါတမီခေါ် မြတ်စွာဘုရား၏ မိထွေးတော်ကြီးပင်ဖြစ်လေသည်၊

ဘုရားဖြစ်တော်မူပြီး ဝါတော် တစ်ဝါရတော်မူသည့် ၁၀၄-ခု တပေါင်းလအချိန်အခါတွင် ဖွားဘက်တော် ကာဠုဒါယီ၏ လျှောက်ထားချက်အရ ဆွေတော်မျိုးတော်တို့ကို ချီးမြှောက်တော်မူရန်အလို့ငှာ၊ ကပိလဝတ်နေပြည်တော်သို့ ကြွတော်မူခဲ့ရာ ကဆုန်လတွင် ဇာတိဌာနေ ကပိလဝတ် နေပြည်တော်သို့ ကောင်းမွန်စွာ ရောက်တော်မူလာလေသည်၊ ကပိလဝတ် နေပြည်တော်သို့ ဆိုက်ရောက်တော်မူပြီး နိဂြောဓာရုံ ဥယျာဉ်(ကျောင်း)တော်၌ ရဟန္တာများနှင့် တကွ သီတင်းသုံးတော်မူ၏၊

ထိုအခါ မိထွေးတော် မဟာပဇာပတိ ဂေါတမီသည်လည်း ဘဝဟကြေ ပြည့်ဆည်းဖူးခဲ့သော ပါရမီတို့၏ နှိုးဆော်မှုကြောင့် သာသနာတော်သို့ ဝင်ရောက် ရဟန်းပြုခွင့်ရရန် ဘုရားရှင်အား တောင်းပန်လေ၏၊ထိုအခါ ဘုရားရှင်က "မိထွေးတော် မသင့်သေး၊ မြတ်စွာဘုရား၏ ဓမ္မဝိနယ သာသနာတော်၌ မာတုဂါမ၏ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက် ရဟန်းပြုခြင်းကို သင်မနှစ်သက်လင့်"ဟု သုံးကြိမ်တိုင်တိုင် ပယ်မြစ်တော်မူခဲ့လေသည်၊

ငါးဝါမြောက် အချိန်အခါတွင် ဘုရားရှင်၏ ခမည်းတော် သုဒ္ဓေါဒနမင်း ကြီးသည် ပရိနိဗ္ဗာန်စံခဲ့လေသည်၊ မိဖုရားခေါင်ကြီးဖြစ်သော မဟာပဇာပတိဂေါတမီ (ဘုရားရှင်၏မိထွေးတော်)သည် နဂိုကပင် သာသနာတော်သို့ဝင်၍ ရဟန်းပြုရန် စိတ်သန်နေခဲ့ရာ သုဒ္ဓေါဒနမင်းကြီး ကွယ်လွန်ခဲ့ပြီးသည့်နောက်၌ လူဝတ်ကြောင်ဘဝကို စက်ဆုပ်၍ နေခဲ့လေသည်၊

ထိုအခါ အလိုလိုကပင် စိတ်အားထက်သန်နေသော မဟာပဇာပတိ ဂေါတမီသည် လူ့ဘောင်ကို ခွာရှောင်ရန် ဆုံးဖြတ်ချက်ချလိုက်ပြီးလျှင် ဝိုင်းဝန်းတောင်းဆိုလာကြသော မင်းသမီးတို့နှင့်အတူ ဆံပင်ကိုဖြတ်၍ ဖန်ရည်ဆိုး အဝတ်ကိုဝတ်ဆင်ကာ ပရ်ဗိုဇ် ရဟန်း အသွင်ဖြင့် သွားကြပြီးလျှင် ဖန်ရည်ဆိုးအဝတ်များကို ဝတ်ဆင်ကာ မြတ်စွာဘုရားရှိရာ (ဝေသာလီပြည်) သို့ သွားရောက်ကြရန် စီစဉ်ကြလေ၏၊ ရက်ပေါင်းများစွာသွားကြ၍ ဝေသာလီသို့ ရောက်ကြသောအခါ၌လည်း ဂေါတမီနှင့် သာကီဝင်မင်းသမီးအပေါင်းတို့သည် ဆင်းရဲပင်ပန်းခွမ်းနယ်နေမှုကို ပဓာနမထားပဲ ဘုရားရှင်သီတင်းသုံးရာ မဟာဝုန်ဘောရုံ ကူဋာဂါရသာလာမည်သော ကျောင်းတော်အဝသို့ သွားရောက်စုရုံးကြလေသည်၊ မြတ်စွာဘုရားသည်

မိထွေးတော် ဂေါတမီအား ဂရုဓ်တရားရှစ်ပါးကို ခံယူစေလေသည်။ "အာနန္ဒာ မဟာပဇာပတိဂေါတမီသည် ဂရုဓ်ရှစ်ပါးကို အကယ်၍ဂန်ခံသည်ဖြစ်အံ့၊ ထိုဝန်ခံခြင်းသည်ပင် ထိုဂေါတမီအတွက် ပဉ္စင်းခံမှုဖြစ်စေလော့"ဟု မိန့်တော်မူ၏။

ဘိက္ခုနီမသည် ပဉ္စင်းဖြစ်၍ ဝါတစ်ရာရှိသော်လည်း ထိုနေ့ပဉ္စင်းဖြစ်သောရဟန်းအား ရှိခိုးခြင်း၊ ခရီးဦးကြိုဆိုခြင်း၊ လက်အုပ်ချီခြင်း၊ ရိုသေခြင်း၊ အမှုကိုပြုရမည်။ ဤတရားကိုလည်း ရိုသေ၍ လေးစား၍ မြတ်နိုး၍ ပူဇော်၍ အသက်ထက်ဆုံး မလွန်ကျူးအပ်ဟု ဆိုရိုးရှိခဲ့၏။

ဤလိုနှင့် ဘုရားရှင်လက်ထက်၌ ဘိက္ခုနီသာသနာ ပေါ်ပေါက်ခဲ့၏။ သာသနာ ၄၅၀ တွင် ဘိက္ခုနီ ရှိဦးမည်ဟု အထောက်အထားများရှိ၏။ သို့သော်ဘိက္ခုနီသာသနာသည်၊ သာသနာ "၅၀၀"၏ နောက်ပိုင်းကာလ၌ လုံးဝမရှိတော့ဟု ယူဆရသည်။

## မြန်မာနိုင်ငံမှ အမျိုးသမီး သာသနာ့ဝန်ထမ်းများ


မြန်မာ ရာဇဝင် ရှေ့ပိုင်းခေတ်ဟုဆိုအပ်သော ပျူခေတ် (သရေခေတ္တရာနှင့်ဟန်လင်း) ပုဂံခေတ်တို့တွင် မည်သို့သောအမည်ဖြင့် ပညတ်မှည့်ခေါ်ခဲ့သည်ဟု မသိနိုင်သော်လည်းသီလရှင် (ဝါ) ပရိဗိုဇ်မများသည် ရဟန်းတော်များနှင့်အတူရှိနေခဲ့ကြောင်း မှတ်တမ်းနှင့်ကျောက်စာတို့အရသိရသည်။ နောက်ခေတ် ဖြစ်သော အင်းဝခေတ်တွင်မူ သီတင်းသုံးဟူသောအမည်၊ သပ္ပရိုဟ် ဟူသော မွန်အမည်နှင့်လည်းကောင်း၊ မွန်သံအလိုက် မြန်မာသံ သွပ္ပယိုဟူသော အမည်တို့ဖြင့် ထင်ရှားခဲ့လေသည်။

အင်းဝခေတ်မှအမျိုးသမီး သာသနာ့ ဝန်ထမ်းတို့မှာ ဝတ်စုံအဖြူရောင်ကို ဝတ်ဆင်ခဲ့ကြသည်။


လွန်ခဲ့သည့် အနှစ် ၄၀ ကျော်လောက်က အမျိုးသမီးသာသနာ့ဝန်ထမ်းတို့သည် ခါးဝတ်နှင့် အပေါ်ရုံတို့ကို မြေနီဆိုး၍ဝတ်ကြပြီး အင်္ကျီကိုမူ အဖြူရောင် သက်သက်ဝတ်ဆင်ကြသေးသည်ဟု သစ်ဆိမ့်ဆရာကြီး၊ ကပြောပြဘူးသည်။ ဤစကားကိုထောက်၍ သီလရှင်များ လုံးဝအဖြူရောင် ပျောက်သွားသည်မှာ နှစ်ပေါင်း ၄၀ ခန့် မျှသာ ရှိသေးသည်ဟု ရဝေထွန်း၏ သီလရှင်သမိုင်း (၁၉၆၅)စာအုပ်ထဲတွင် ဖော်ပြထားသည်။



သီရိလင်္ကာနိုင်ငံမှ သီလရှင်(မြန်မာနိုင်ငံ သီလရှင်များကဲ့သို့ နီညိုရောင်ဝတ်စုံဖြင့်)



ထိုင်းနိုင်ငံမှ အဖြူရောင်ဝတ်စုံကို ဆင်မြန်းထားသော သီလရှင်။





## ထိုင်းနိုင်ငံ ကျွဲရှကျောင်း

- အလွန်ကြီးမားသော သစ်ပင်ကြီးအောက်မှ ရဟန်းတော်များ
- သီလရှင်များ စုဝေးတရားနာယူကြစဉ်

ထိုင်း ကမ္ဘောဒီးယားနှင့် လာအိုနိုင်ငံများမှ ယခုခေတ်သီလရှင်တို့သည် အဖြူရောင်ဝတ်ရုံကို ဝတ်ဆင် ထားကြသည်။

နိုင်ငံခြားသူ သီလရှင်တဦး (ဝဲမှ ယာ - တတိယ)ကို ဒေါ်ညဏစာရီတို့နှင့် အတူ တွေ့ရစဉ်





တရုတ်နိုင်ငံမှ ထင်ရှားသော တန်ချိုသီလရှင်ကျောင်းတိုက်
ဆွမ်းဘုဉ်းပေးခါနီး ဘုရားစာရွတ်ဆိုနေကြသော - တန်ချိုသီလရှင်ကျောင်းတိုက်မှ ဆရာကြီးများ








ဗုဒ္ဓမွေးနေ့ အထိမ်းအမှတ်ပွဲ၌ တရုတ် / ထိဗတ် သီလရှင်များ
ဘုရားစေတီကိုဝိုင်းပြီးဘုရားစာရွတ်ဖတ်နေကြစဉ်။

၁၆၅



ငြိမ်းချမ်းရေးလိုလားသော တရုတ်သီလရှင်များ။



The nuns of the Chiuhua Lotus Association on Mt. Chiuhua, reciting the name of Amita Buddha.

Pilgrims from various places paying a visit to Mount Chiuhua.



## တင်မြစာအုပ်တိုက်၌ ရရှိနိုင်သော စာအုပ်များ

### မှာကြားလိုသော စာအုပ်များ

၁။ သားသမီးနီးလိုဝေးလိုသော်(ပဉ္စမအကြိမ်) ၃၂ ကျပ်(　　)
၂။ တစ်သက်မခွဲရွှေလက်တွဲလိုလျှင် 　ကျပ်(　　)ပြန်လည် ပုံနှိပ်ရန် ခွင့်ပြုချက်ရပြီး
၃။ စိတ်ပညာစမ်းသပ်နည်း 　၃၅ ကျပ်(　　)
၄။ CEREBRAL MALARIA ဆရာဝန်များနှင့် ဆေးကျောင်းသားများ အတွက် 　၂၀ ကျပ်(　　)
၅။ လိင်မှတစ်ဆင့် ကူးစက်သော ရောဂါများ 　၄၀ ကျပ်(　　)
၆။ လက်တွေ့အသုံးချ အဆင့်မြင့် ဖိုမပညာ
　ပထမတွဲ (　　) နှစ်တွဲ ပေါင်း၍ ပြန်
　ဒုတိယတွဲ (　　)လည်ပုံနှိပ်နေပါပြီ
၇။ နိုင်ငံတကာအဆင့် ဉာဏ်စမ်းပဟေဠိ 　၃၀ ကျပ်(　　)
　(ကွန်ပြူတာ အဆင့် ရည်မှန်းသူများအတွက်)
၈။ သင့်ရင်သွေး မွေးစမှ အရွယ်ရောက်ချိန့်အထိ ကြုံရတတ်သောပြဿနာစုံနှင့် အဖြေများ
　တစ်နှစ်အောက်ကလေးများအတွက် ပထမတွဲ ၃၅ ကျပ်(　　)
　တစ်နှစ်အထက်ကလေးများအတွက် ဒုတိယတွဲ ၃၅ ကျပ်(　　)
၉။ လူငယ်များအတွက် ဉာဏ်စမ်းပညာ
　အင်္ဂလိပ်-မြန်မာ နှစ်ဘာသာ ပထမတွဲ ၃၅ ကျပ်(　　)
　ဒုတိယတွဲ ၃၅ ကျပ်(　　)
၁၀။ တက္ကသိုလ်ကျောင်းသားများအတွက်
　နိုင်ငံတကာ အင်္ဂလိပ်စာ TOEFL ပထမတွဲ ၅၀ ကျပ်(　　)
　ဒုတိယတွဲ ၃၀ ကျပ်(　　)
၁၁။ သူနာပြုဆရာမများနှင့် ကျန်းမာရေးဝန်ထမ်းများ အတွက် အခြေခံကုထုံးကုနည်းများ ပထမတွဲ ၄၅ ကျပ်(　　) ပြန်လည်ပုံနှိပ်
　ဒုတိယတွဲ ၄၅ ကျပ်(　　) နေပါပြီ
၁၂။ ဉာဏ်စမ်းပညာပေါင်းချုပ် I.Q.. 　၃၅ ကျပ်(　　)
၁၃။ ကိုယ်ဝန်ဆောင်လက်စွဲ 　၃၂ (　　) ပြန်လည် စီစဉ်ဆဲ
၁၄။ ငှက်ဖျားရောဂါ 　၂၈ (　　)
၁၅။ ကမ္ဘာ့အမြင့်ဆုံး မင်ဆာအဆင့်ဉာဏ်စမ်းပညာ 　၃၀ကျပ်(　　)
၁၆။ အရေပြားရောဂါများ (တတိယအကြိမ်) 　၄၅ ကျပ်
၁၇။ အဆင့်မြင့်ဉာဏ်စမ်းပညာ 　၄၈ ကျပ်
　(ဒုတိယအကြိမ်)
၁၈။ အသက်လေးဆယ်ကျော်လျှင် 　ပြန်လည်ပုံနှိပ်နေပါပြီ
၁၉။ အထွေထွေဗဟုသုတလေ့လာနည်းပညာ 　၄၀ ကျပ်
　ပထမတွဲ (အထက်တန်းကျောင်းသားများအတွက်)
　ဒုတိယတွဲ(တက္ကသိုလ်ကျောင်းသားများအတွက်)၄၀ ကျပ်

### အမှားပြင်ဆင်ချက်

**စာမျက်နှာ–၇**

ပရိယတ္တိခေါ် စာပေ ပိဋကတ်တို့ကို မာဂဓ (ပါဠိ) ဘာသာဖြင့် နှုတ်ငုံ ယူဆောင်လာကြသည်။ ။

**စာမျက်နှာ–၉၄**

မြတ်စွာဘုရား ကိုယ်တော်တိုင်နာမကျန်းဖြစ်စဉ်ကလည်း
**အရှင်မဟာစုန္ဒ**

**စာမျက်နှာ–၁၅၀**

သုတ်-ဝိနည်း အဘိဓမ္မာဟု ပိဋကတ်သုံးပုံတွင် စာအုပ်ရေ (၂၀)၊ နိကာယ်သက်သက်တွင်စာအုပ်ရေ(၂၀)ပိဋကတ်သုံးပုံနှင့် နိကာယ်သက်သက် နှစ်ရပ်ပေါင်းလျှင် (၀၁)နိကာယ်ငါးရပ်၌ စာအုပ်ရေ (၄၀)ရှိပါသည်။ ။

တိပိဋကတ္ထ ရစေရန်အတွက် ပိဋကတ်သုံးပုံဖြေဆိုသူ ရှင်ရဟန်းတို့သည်

ဒီဃနိကာယ်မှ သုတ်သုံးကျမ်း- (၃)အုပ်၊
ဥဒ္ဒကနိကာယ်မှ ဝိနည်း ငါးကျမ်း- (၅)အုပ်၊
အဘိဓမ္မာ ခုနှစ်ကျမ်း- (၁၂)အုပ်၊
ပေါင်းအုပ် (၂၀)တို့ကို အာဂုံဆောင်ရေးဖြေဖြင့် ဖြေဆိုကြရပါသည်။